စစ်ကိုင်းတောင်ရိုး

www.dhammaransi.com

# ဆွမ်းဦးပုညရှင်စေတီဘုရား
## သမိုင်း

ရွှေကိုင်းသား ။ ရေးသားပြုစုသည်။



www.dhammaransi.com

၂၂၃၉၁

စစ်ကိုင်းမြို့တည် အသခ်ယာစောယွမ်းမင်းနှင့်
ပုညအမတ်ကြီးတို့ သစ္စာအဓိဋ္ဌာန်ဖြင့် တည်ခဲ့၍
မွေတော် ဓာတ်မြတ်အပေါင်းတို့ စုဝေးကိန်းဝပ်ရာဖြစ်သော

# ဆွမ်း ဦး ပု ည ရှင် စေ တီ တော် သမိုင်း

နှင့်

စစ်ကိုင်းတောင်ရိုးမှ ဝါတွင်းဘုရားစဉ်

## ၁၄ ဆူ သမိုင်းဖွဲ့ တေးထပ်

ရွှေကိုင်းသား
စုဆောင်း ရှာဖွေ ရေးသား၍

ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးက
စေတီတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက်
တာဝန်ခံ ထုတ်ဝေသည်။

တည်းဖြတ်သူ ဦးစိုးမင်း ( ဓမ္မာစရိယ )

အဌမနှိပ်ခြင်း

၁၃၅၂ ခု ၊ ကဆုန်လ

www.dhammaransi.com

# ပဉ္စမအကြိမ်နှိပ်အမှာ

ဤပဉ္စမအကြိမ်နှိပ် ဆွမ်းဦးပုညရှင်စေတီသမိုင်းတွင် စာမူအားလုံးကို စတုတ္ထအကြိမ်နှိပ် စာမူအတိုင်း တစ်စုံတစ်ရာပြင်ဆင်ဖြည့်စွက်ခြင်းမရှိ၊ သူ့အတိုင်းထားပါသည်။ သို့သော် ဓာတ်ပုံ ဘလောက်များကိုမူကား ဤပဉ္စမနှိပ်စာအုပ်တွင် မူသစ် ပုံစံသစ်ဖြင့် ဖွဲ့စည်းပြီးလျှင် တင်ပြထားပါသည်။ ယင်းသည်မှာ ဓာတ်ပုံ ဘလောက်များကို ယခင်ကလို လျော်ရာစာရွက်ကြားမှာ တစ်ရွက်စီမညှပ်တော့ဘဲ အကြောင်းအရာအလိုက် ကဏ္ဍခွဲပြီးလျှင်ကျမ်းအစမှာပင် တစ်လုံးတစ်စည်းတည်း စုပေါင်းတင်ပြထားခြင်းပင်ဖြစ်ပါသည်။

ဤသို့ ဓာတ်ပုံဘလောက်များကို သီးသန့်နေရာပေးလိုက်သဖြင့် ဓာတ်ပုံများကလည်း စကားတစ်ခွန်း စာတစ်ပိုဒ်မျှမမြွက်မဆိုမရေးသားလင့်ကစားပုညရှင်စေတီတော်ကြီး၏ တိုးတက်မှုသမိုင်းကြောင်းကိုမူကား ပြောပြနေသကဲ့သို့ တွေ့ကြရမည်ဖြစ်လေသည်။ ယင်းသည်ကို နမူနာအဖြစ်ဖြင့် ပုညရှင်စေတီတော်ကြီး၏ တိုးတက်မှုဆိုင်ရာကဏ္ဍမှ ဓာတ်ပုံအချို့ဖြင့်တင်ပြပါမည်။

ဓာတ်ပုံအမှတ်စဉ် ( ၅ ) ( ၆ ) ( ၇ ) တို့ကိုယှဉ်ကြည့်ပါ။ ပထမပုံမှာ မြောက်ဘက်အာရုံခံအတွင်းမှာ အပူဇော်ခံရုပ်ပွားတော်ကြီးကို မိုးမလုံ နေမလုံ ဟင်းလင်းပြင်တွင် နေပူခံကိုယ်တော်ကြီးအသွင်ဖြင့် ဖူးတွေ့ကြရမည်ဖြစ်ပါသည်။ ဒုတိယပုံကျတော့ အမိုးမျက်နှာကျက်နှင့်ဖြစ်လာသည်။ သို့သော် အကာမရှိသေး။ သင်္ကန်းတော်မှာ ရွှေရောင်မဝင်းသေးသော်ငြားလည်း ကြည့်ပျော်ရှုပျော် သပ်သပ်ပယ်ပယ်ဖြစ်လာသည်။ တတိယပုံကျတော့ အမိုးအကာကလည်းပြည့်ပြည့်စုံစုံနှင့် နေလုံမိုးလုံဖြစ်လာရုံမျှမက တံကဲပလ္လင်ကလည်း မှန်စီရွှေချဖြစ်လာသည်။ သင်္ကန်းတော်ကလည်း ဇမ္ဗူရာဇ်ရွှေရောင်ဖြင့် ပြောင်ပြောင်လက်၍ ဝင်းဝင်းထိန်လာသည်။ သည်တော့ ပထမပုံကိုဖူးရစဉ်က ဝမ်းနည်းစရာစိတ်မကောင်းစရာသတိသံဝေဂရစရာ၊ ဒုတိယပုံကျတော့ မျှော်လင့်ချက်ရောင်ခြည်သမ်းလာသည်။ တတိယပုံကျတော့ အားတက်ရွှင်လန်း ဝမ်းပန်းတသာနှင့် သာဓုခေါ်ချင်စရာဖြစ်လာသည်။ တကယ်လည်း အားတက်ရွှင်လန်း ဝမ်းပန်းတသာနှင့် သာဓုခေါ်ကြရမည်ဖြစ်လေသည်။ ထို့အတူ ပုညရှင်စေတီတော်ကြီးကိုလည်း အဆင့်သုံးဆင့်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်လာသည်ကို ဆက်လက်ပြီး တွေ့ကြရဦးမည် ဖြစ်လေသည်။ တကယ်တော့ “ ရုပ်ပုံကားကောင်းတစ်ခုသည် စကားတစ်သောင်းတန်သည် ” ဟူသော ဆိုရိုးအတိုင်း ပုညရှင်စေတီတော်ကြီးဆိုင်ရာ သမိုင်းဝင်ဓာတ်ပုံများက သင်စာဖတ်သူတို့ကို ဆက်လက်ပြီးချီးမြှင့်ထောက်ပံ့သွားပေလိမ့်ဦးမည်။ ဤသမိုင်းဝင်ဓာတ်ပုံများကို စီစဉ်တင်ပြနိုင်ရေးအတွက် စိတ်ကြိုက်လုပ်ကိုင်ဆောင်ရွက်ပေးသည့် “ စစ်ကိုင်း လှမြင့် ” အား အထူးကျေးဇူးတင်ပါသည်။

စစ်ကိုင်းတောင် ၊ ၁၃၃၉ ပထမဝါဆိုလဆန်း ၃ ရက်

ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေ။

သတေသီ - ရွှေ ကိုင်း သား

www.dhammaransi.com



**ပထမ ‌နှုဖြူချောင် ဆရာတော် ဦးအရိယဝံသ**

သက္ကရာဇ် ၁၂၆၅-ခုနှစ်မှ အစပြု၍ ၁၃၁၉-ခုနှစ်အထိ
ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓကိစ္စအဝဝ ကို့ကို
ဆောင်ရွက်အားထုတ်တော်မူခဲ့သော
ကျေးဇူးရှင် ပထမ ခနဲ့ဖြူချောင် ဆရာတော်
ဦးအရိယာဝံသ ပုံတော်

www.dhammaransi.com



ဦးပေါက်ဆိန် ခေါ် ဝိဇ္ဇာဓရမဟာထေရ်


ဆွမ်းဦးပုညရှင် စေတီတော်ကြီးအား ဦးစီးနာယကပြု၍

ရွှေသင်္ကန်းကပ်လှူတော်မူသော

ရန်ကုန်မြို့ ကြည့်မြင်တိုင် အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်

ဆရာတော် ဦးပေါက်ဆိန် ခေါ် ဝိဇ္ဇာဓရမဟာထေရ်ပုံတော်

www.dhammaransi.com




ဒုတိယ မနဲဖြူချောင် ဆရာတော် ဦးစန္ဒိမာဝံသ
ဆရာတော် ဦးဝိဇ္ဇာရေ မဟာထေရ်၏ တပည့်ရင်း ပုညရှင်စေတီတော်ပြုပြင်
စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီး၏ ရာသက်ပန် ဥက္ကဋ္ဌဆရာတော် ဦးစန္ဒိမာဝံသ ပုံတော်






ပုညရှင်စေတီတော်ကြီး တည်ရှိရာကို ညွှန်ပြသည့် ဆိုင်းဘုတ်

www.dhammaransi.com



မုဋ္ဌရှင်စေတီတော်ကြီး တည်ရှိရာ 'ရွှေဗား' တောင်ကို ရေဝတီမြစ်တွင်းမှ ဖူးမြင်ရပုံ





ပုညရှင်ရင်ပြင်တော်ပေါ်မှ အရှေ့တောင်လွန်းဆီသို့ ရှုမျှော်ကြည့်မည်ဆိုလျှင်
အင်းဝတံတားကြီး နှင့် အင်းဝမြို့ မဟာစင်းတက်ကို မှုံဝါးဝါးမြင်ရပုံ

www.dhammaransi.com



ပုညရှင်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး မဖွဲ့စည်းမီက
ရတနာ့မန္တိ ကိုးဃပ်ကြီး ရုပ်ပွားတော်မြတ်ကို
နေပူခံကိုယ်ကြောင်ကြီးအဖြစ်ဖြင့် ဖူးမြင်ရပုံ




ပုညရှင် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး ဖွဲ့စည်းပြီးနောက်
ပဏာမအနေဖြင့် လုပ်ငန်းစထားသည့်
မဟာမုနိ ကိုးထပ်ကြီးဘုရားကို ဖူးမြင်ရပုံ




ရတနာမုနိ ကိုးထပ်ကြီးရုပ်ပွားတော်ကို မှန်စီတကဲပလ္လင်နှင့်
ရွှေသင်္ကန်းကပ်လှူပြီးနောက် ဖူးမြင်ရပုံ

www.dhammaransi.com


ဂှ်ဗၠုကြိုးဂီ ယှင်နံ့ဒါးကွဲလ်ၣ်ယားနှံ့ယှလၚ်ဒ
းဇေးပ္တိုင်ယေဒ္တဝေဒ္ဗၚ်ဍ်ဂ



ဂှ်ဗၠုကြိုးဂီ ကွ်းလဒဗၠုကြိုကြ
ယှင်နံ့ဒါးကွဲဗစ်ယှဗၠုလာ းဇေးပ္တိုင်ယေဒ္တဝေဒ္ဗၚ်ဍ်ဂ



www.dhammaransi.com




ပုညရှင်စေတီတော်ကြီးအား
မှန်သဆိုင်းကပ်လှူပြီးနောက် ရှုမြင်ရပုံ




အနောက်ဘက် အာရုံခံတွင်း၌ အပူဇော်ခံသော ဆင်း
တုတော်ကြီးသုံးဆူ ရုပ်ပွားတော်

www.dhammaransi.com

www.dhammaransi.com



တောင်ဖီလာ ပုဂ္ဂိုလ်ကျောင်းတို့ လက်ထက်က
ခြသေ့် အမောက်မှ ဓာတ်မွေတော်ကွန်မြူးသည်ဟု
ကျော်စောခဲ့သော စေတီတော် အနောက်မြောက်ထောင့်မှ
ပမိုင်းဝင်ခြသေ့်ဖို ရှေးမူမပျက်ပြန်လည် မွမ်းမံထားသည်



ပုညရှင်စေတီကော်ကြီး၏ ပထမဒါယကာများဖြစ်ကြသော
၁၊ ပုညအတ်ကြီး ၂၊ အသင်ယာ စာယွမ်းမင်းနှင့်
၃၊ ပနီးထိမ်းတော် ဦးစိန်တင် တို့၏ သမိုင်းဝင်ရုပ်လုံး

www.dhammaransi.com




သမိုင်းဝင် ရွှေဖားရုပ်ကြီးက ပုညရှင် စေတီတော်ကြီးအား
နိဗ္ဗာန်ဆော် တဦးပမာ ဘဏ္ဍာတော်ငွေ ရှာဖွေပေးနေပုံ

www.dhammaransi.com

ငှ်ယဒှ်ေဂဍ ထ်းလုင်ဒှ်ယင် ဗွ်းငါကွလ ပ္ဂိုဂ် ဂြိုင်ကီယဂြိ နဲလငေ
ေလဒှ််းဂိုးအဒှ်ုစေးဒှ ဂဒှ်ဇေး ါးဒှ်ဂး ပြော်ငှ်ယစးဒွ်ငဒှ်ဂ်းငေကှ်ဝဒ်ငှ်ယဒးဒှ်ငေလဝတ



www.dhammaransi.com



ဆွမ်းဦးပုညရှင် စေတီတော် ပြုပြင်စောင့်ရှောက်ရေးသံဃာ့ အဖွဲ့-ဖွဲ့စည်းရန်အတွက်
သံဃာတော်များ စည်းဝေးဆွေးနွေးနေကြပုံ



ပြုပြင်စောင့်ရှောက်ရေး သံဃာတော်များ

www.dhammaransi.com



မူလ-နာယက ဆရာတော်ကြီးများဖုံ




ပုညရှင် ပြုပြင်စောင့်ရှောက်ရေးသံဃာ့အလုပ်အမှုဆောင် ဆရာတော်များ

www.dhammaransi.com



ပုညရှင်ပြုပြင်စောင့်ရှောက်ရေး ဥပသကာ ဂေါပကအဖွဲ့ တာဝန်ခံလူကြီးများ




တံ့တဲပြည်ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဆရာတော်နှင့်လောင်ကြွေချုံက
ဆွေ့နွေ့သည်တော် ပေါ်တင်းတင့် လက်မှတ်ရေးထိုးနေ

www.dhammaransi.com



ဆိုဗီယက်စာရေးဆရာကြီး ဆီရိုဧး စမြီးရ်နော့ဖ်က ညွှန်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးနေပုံ ( ၂၃-၁၁-၆၄ )



ပြည်မြို့ စောင့်ရှောက်ရေး ဥပါသကာရင့်ကြီးများ

www.dhammaransi.com

သက္ကရာဇ် ၁၂၆၅ ခုနှစ်မှအစပြု၍ ၁၃၁၉ ခုနှစ်အထိ ဆွမ်းဦးပုညရှင်မြတ်စွာဘုရားကြီး၏ ဗုဒ္ဓကိစ္စ အဝဝတိ ကို ဆောင်ရွက်အားထုတ်တော်မူခဲ့သော ကျေးဇူးရှင် ပထမခနေပြုချောင် ဆရာတော်ဘုရားကြီး ဦးအရိယဝံသ၏ မြေးတပည့် ၁၃၂၀ ပြည့်နှစ်မှစ၍ ဆွမ်းဦးပုညရှင်ဘုရားကြီး၏ ဗုဒ္ဓကိစ္စအဝဝတို့ကို အက်လက်ဆောင်ရွက်တော်မူသည့် ခနေပြုချောင် ဆရာတော်အသျှင်စန္ဒိမာဝံသ၏

# ကြေညာချက်

၁၃၂၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၇ – ရက် ကြာသပတေးနေ့နံနက် ၉ နာရီအချိန် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် အနောက်ဘက်စောင်းတန်းသွယ်အနီး ခနေပြုချောင်သို့ ပထမဆရာတော် ဦးအရိယဝံသ၏ရည်ညွှန်းချက်အရ ဗုဒ္ဓကိစ္စအဝဝတို့ကိုဆောင်ရွက်အားထုတ်တော်မူရန် ဆရာတော်ဘုရားကြီး၏ မြေးတပည့်များဖြစ်ကြသော ဒါယကာမောင်လှစိန်၊ ဒါယိကာမ မရင်တို့က မန္တလေးမြို့အနောက်ပြင် ပြည်ကြီးပျော်ဘွယ်ရပ်ရွှေဘုံသာကျောင်းတိုက်ကြီး၏ ဦးစီးနာယကဖြစ်တော်မူသော အသျှင်စန္ဒိမာဝံသအား ပင့်တော်မူ၍ အထက်ပါနေ့စွဲတွင် စစ်ကိုင်းတောင်ရိုး အဂ္ဂမဟာပဏ္ဍိတတောင်လေးထပ်ဆရာတော်၊ နန်းဦးဆရာတော် ကြီးများအမှူးရှိသော ဆရာတော်ကြီး အပါး ၃၀ ကျော်တို့ရှေ့တွင် ၅ ဧကနှင့်ဒသမ ၈ရှိသောခနေပြုကျောင်းအရံကိုခြွင်းချက်မရှိရေစက်သွန်းချလှူဒါန်းပြီးနောက် ဆရာတော်ဘုရားဦးအရိယဝံသ ပြုပြင်စောင့်ရှောက်ခဲ့သော စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် ဘုရားကြီးကိုပါ ဆရာတော်ဘုရားကြီး၏ ကိုယ်စား ဆက်လက်ပြုပြင်စောင့်ရှောက်ပါရန်ရဟန်းသံဃာတော်၊ အလှူဒါယကာ၊ ဒါယိကာမများရှေ့တွင် အပ်နှင်း၍ လုပ်သားဒါယကာ၊ ဒါယိကာမ ကြီးငယ်အပေါင်းတို့အားလည်း ဩဝါဒပေးသနားတော်မူပါရန် ထပ်မံအပ်နှင်းပြန်သည်။

၁၃၂၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ခနေပြုတောရချောင်နှင့်တကွ ဆွမ်းဦးပုညရှင်ဘုရားကြီးကိုပါ ပြန်လည်ပြုပြင်ရန်လက်ခံပြီးနောက် ရှေးအစဉ်က ဖရိုဖရဲပြိုကွဲလျက်ရှိသော ဘုရားကြီး ပြုပြင်စောင့်ရှောက်ရေး အဖွဲ့ကြီးကို ၁။အဂ္ဂမဟာပဏ္ဍိတ လေးကျွန်းချမ်းသာ ပဌာန်းဆရာတော်၊ ၂။ သီရိသုခချောင်နန်းဦးတိုက်သစ် ဆရာတော် (ဟင်္သာတမြစ်ကွေ့တိုက်နာယက) ၃။ ဈေးချိုချောင် မြို့.

www.dhammaransi.com



ဝိနည်းဓိုရ်ဆရာတော်ဦးသုမန၊ ၄။ မဟာသစ်ဝင်ချောင်မြို့မဝိနည်းဓိုရ်ဆရာတော်ဦးသံဝရ၊ ၅။ ဇမ္ဗူထိန်လင်းချောင်မြို့မဝိနည်းဓိုရ် ဆရာတော် ဦးသာသန၊ နာယက ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးတို့ကို အဖွဲ့သစ်၏ နာယကဆရာတော်ကြီးများ အဖြစ်ဖြင့် တင်မြှောက်၍ သံဃာ့အလုပ်အမှုဆောင် ပထမဥက္ကဋ္ဌ ခနုဖြူချောင် အသျှင်စန္ဒိမာဝံသ၊ ဒုတိယဥက္ကဋ္ဌဦးရေဝတတို့ကဦးစီး၍ အဖွဲ့၏စည်းမျဉ်းဥပဒေသအားလျော်စွာ လူ့ဒါယကာ ဂေါပကတို့နှင့်တကွ ၁၃၂၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက် တနင်္ဂနွေနေ့တွင် အသစ်တဖန် ပြန်လည်ဖွဲ့စည်းကြပါသည်။

ပြန်လည်ဖွဲ့စည်းပြီးနောက် ပထမဥက္ကဋ္ဌဆရာတော်၊ ဒုတိယဥက္ကဋ္ဌဆရာတော် နှစ်ပါးတို့သည် ကြီးစွာလုံ့လဥဿာဟတို့ဖြင့် နေ့ညမဆိုင်းအချိန်ရှိတိုင်း အားထုတ်ခြင်းတို့ကြောင့်တစ်ကြောင်း၊ ရှေးဘဝက ပြုကြ အထူးဆည်းပူးခဲ့ကြသော ပါရမီတို့ကြောင့်တစ်ကြောင်း မိဘအတူ ဆရာရင်းမခြား ကျေးဇူးတော် အနန္တ ဂုဏ်အပေါင်းခပေသော အောင်မင်္ဂလာသိဒ္ဓိ ဆရာတော်ဘုရားကြီးသည် တပည့်များအရေး မအေးနိုင်ဖွယ် ဝေနေယျကယ်လိုသော သဒ္ဒါမေတ္တာတို့ဖြင့် အကြီးအမှူး ဦးစီးနာယကပြု၍ ဆွမ်းဦးပုညရှင် ဘုရားကြီးကို ရွှေသင်္ကန်းလှူဒါန်းပူဇော်ရန် ၁၃၂၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့တွင် ငြိမ်းဆင်ခြင်း၊ ချဉ်ပွတ်ခြင်း၊ ဘရွတ်တိုက်ခြင်းတို့ကို စတင်ပြုလုပ်ကြပါသည်။ ၁၃၂၁ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့တွင် ရွှေချရန် ရွှေချသမားများဝင်ရောက်၍ သစ်စေးသုတ်ခြင်း စသည်တို့ကိုပြုလုပ်ကြပါသည်။ ၁၃၂၁ ခုနှစ် နတ်တော်လပြည့်ကျော် ၇ ရက်တနင်္လာနေ့တွင် သံဃာတော်အပါး ၁၀၀ ကျော်ဆွမ်းကပ်၍ လှူပရိသတ်တို့ကို ကျွေးမွေးဧည့်ခံပြီးလျှင် ဇာတ်အငြိမ့်ပွဲများဖြင့် ပျော်မြေကာ ရွှေချပွဲသဘင်ကို စတင်ကျင်းပပြုလုပ်ကြပါသည်။ ၁၃၂၁ ခုနှစ်တပေါင်းလပြည့်ကျော် ၁၂ ရက် ကြာသပတေးနေ့တွင် ရွှေချပြီးစီး၍ မီးလည်းတစ်ပါတည်း ပူဇော်ပါသည်။

ဤသည်မှာ ၁၃၂၀ ပြည့်နှစ်ကဆုန်လဆန်း ၇ ရက် ကြာသပတေးနေ့တွင် ခနုဖြူချောင်နှင့်တကွ ဆွမ်းဦးပုညရှင် စေတီတော်ကြီးကိုပါ ပြန်လည်ပြုပြင်ရန် လက်ခံခဲ့ပြီးနောက် ဆောင်ရွက်အောင်မြင်ပြီးစီးသမျှသော ဗုဒ္ဓကိစ္စရပ်များဖြစ်ကြ၍ ရှေ့သို့ဆထက်ထမ်းပိုး တိုးပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တိုင်းပြည်လူထုသို့ ကြေညာအပ်ပါသည်။

(ပုံ) အသျှင် စန္ဒိမာဝံသ

ဥက္ကဋ္ဌဆရာတော်

ဆွမ်းဦးပုညရှင်စေတီတော်ပြုပြင်စောင့်ရှောက်ရေးသံဃာ့အဖွဲ့

www.dhammaransi.com



# ဥက္ကဋ္ဌဆရာတော်၏ ဒုတိယကြေညာချက်

၁၃၂၀ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်နေ့တွင် ဆွမ်းဦးပုညရှင်စေတီ ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်လက်ခံခဲ့သည်မှစပြီး နာယကဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ အဖွဲ့ဝင် သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင်တို့၏ စုပေါင်းကူညီမှုတို့ကြောင့် ၁၀ နှစ်အတွင်းမှာပင် စေတီတော် မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ ရတောင့်ရခဲမျှသော စိန်ဖူးတော်ငါးပွင့်ဆိုင်ဖြင့် အထွတ်တင်လှူ ပူဇော်နိုင်ခဲ့ခြင်းစသော ဗုဒ္ဓကိစ္စအဝဝတို့ကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စေတီတော်ကြီးနှင့် တကွ အခြံအရံဖြစ်သော သာသနိကအဆောက်အအုံ အဟောင်းအသစ်စသည်တို့ကို ပြုပြင်မွမ်းမံခဲ့သည်မှာ ကာလတန်ဖိုးအားဖြင့် လေးသိန်းခွဲနီးပါး ( ၄၄၇,၂၇၄ - ၇၉ပြား ) မျှ ကုန်ကျခဲ့ပြီး လက်ကျန်အဖြစ် သုံးသောင်းကျော် ( ၃၃,၁၉၃ - ၉၉ပြား ) ထားနိုင်ခဲ့ပါသည်။

ယင်းသို့ စေတီတော်ကြီး၏ အဘက်ဘက်မှ တိုးတက်မှုတို့ကိုရှေးရှုပြီးလျှင် မိမိ၏ကိုယ်အား ဉာဏ်အားနှင့် သဒ္ဓါစွမ်းအား ရှိသလောက် ဆောင်ရွက်ခဲ့ပြီးနောက် ၁၀ နှစ်ပြည့်မြောက်သောနေ့တွင် တာဝန်ကြီးလေးလှစွာသော ဥက္ကဋ္ဌရာထူးမှ အနားယူလိုသောကြောင့် ၁၃၃၀ ပြည့်နှစ် တပို့တွဲလထဲတွင် ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးကြီးတွင် နာယကဆရာတော်ကြီးများအား အဦးအစထားပြီးလျှင် အဖွဲ့ဝင်သံဃာတော်တို့အားလျှောက်ထားခွင့်ပန်ကြားသောအခါ နာယကဆရာတော်ကြီးများကန်ယတဗျာဒိတ် ပန်းဆင်မြန်းကြသော အလောင်းတော် သုမေဓာရှင်ရသေ့သည် ဝေနေယျတို့၏အကျိုးငှာ ဆက်လက်ပြီး ပါရမီဆယ်ပါးအပြားသုံးဆယ်တို့ကို ဖြည့်တော်မူသကဲ့သို့ အသျှင်စန္ဒိမာဝံသကလည်း ထိုသုမေဓာရှင်ရသေ့ ထုံးကိုနှလုံးမူပြီးလျှင် ပါရမီဖြည့်သည့်အနေဖြင့် ရာသက်ပန်ဥက္ကဋ္ဌရာထူးကို လက်ခံကာ စေတီတော်ကြီး၏ ကိစ္စအဝဝတို့ကို ရှေ့သို့ဆက်လက်ပြီး ဆောင်ရွက်သွားရန် ဩဝါဒစကား မိန့်ကြားတော်မူကြပါသည်။

နာယကဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ စေတီတော်ကြီးနှင့်တကွသာသနာပြုလုပ်ငန်း အရပ်ရပ်တို့ကို ရှေ့သို့ဆက်လက်၍ ဆထက်ထမ်းပိုး သယ်ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို ဒုတိယ အကြိမ်အဖြစ်ဖြင့် တိုင်းပြည်လူထုအား ကြေညာအပ်ပါသည်။

(ပုံ) အသျှင်စန္ဒိမာဝံသ ဥက္ကဋ္ဌဆရာတော်
ဆွမ်းဦးပုညရှင် စေတီတော်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့.
စစ်ကိုင်းတောင်။

www.dhammaransi.com



# ဥယျာဇဉ်

သမ္မာသမ္ဗုဒ္ဓ အကုလမြတ်စွာ စောသတ္တာသည် သတ္တဝါဗိုလ်ခြေများဝေနေကို မသေ့တူမကျွာ နိဗ္ဗူတာသို့ မှန်စွာမုချရောက်လေရအောင် ကြီးစွာဂရုဏာ ဖြန့်မိုးကာဖြင့် လေးဆယ့်ငါးဝါတို့ပတ်လုံး တရားရေအေးအမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူပြီးနောက် မလ္လာမင်းတို့၏ အင်ကြင်းအစုံ ရဂုံသာမော ဥယျာဉ်တော်၌ သောသောညံဆူ ပြည်နိဗ္ဗူအမတကြွေနန်းသို့ ကြွလှမ်းတော်မူခဲ့လေသည်။

ဤကဲ့သို့ မြတ်ဗုဒ္ဓသခင် နိဗ္ဗာန်စံဝင်ပြီးသော နောက်ကာလဝယ် ကြွင်းကျန်ကြသော ဝေနေယျ အများတို့မှာ ရှင်တော်ဘုရား၏ကိုယ်စားတော် အဖြစ်ဖြင့် တည်ထားကိုးကွယ်သမှု ပြုရသည်မှာ ဓာတုစေတီ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟူ၍လေးဆူရှိခဲ့ပါသည်။ ရှင်တော်မြတ်ဘုရား၏ ဓာတ်တော် မွေတော်များကို ဓာတုစေတီဟုခေါ်ဆိုပါသည်။ ရှင်တော်ဘုရားဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံကို ဓမ္မစေတီဟုခေါ်ဆိုပါသည်။ အုတ်ဆင်းတု၊ ကြေးဆင်းတု၊ ကျောက်ဆင်းတုစသော သက်သက်သော ရုပ်ပွားတော်များကို ဥဒ္ဒိဿစေတီဟုခေါ်ပါသည်။ ရှင်တော်ဘုရား အသုံးအဆောင်မှန်သမျှတို့ကို ပရိဘောဂ စေတီဟုခေါ်ပါသည်။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့မှာ ဤလေးဆူသောစေတီတော်တို့ကို ရှင်တော်ဘုရား၏ ကိုယ်စားတော်အဖြစ်ဖြင့် ကိုးကွယ်ဆည်းကပ်နေကြရလေသည်။ လေးဆူသော စေတီအပါအဝင်ဖြစ်သော ဤပုညရှင်စေတီတော်မြတ်ကြီးကိုလည်း နေ့စဉ်နှင့်အမျှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ သောင်းသောင်းဖြဖြ ဖူးမြော်ကြလေသည်။ ထိုသို့ဖူးမြော်ကြရာဝယ် စေတီတော်မြတ်ကြီး၏ ဖြစ်စဉ်အကြောင်းအတ္ထုပ္ပတ္တိကိုသိပြီး ပူဇော်ကြရလျှင် " ကြည့်ရှုလိုက်နာ၊ ပြုလုပ်ပါမူ၊ မှန်စွာမမှား၊ သုတပွား၏၊ တိုးပွားသုတ ထိုရသ ဖြင့်၊ မုချပညာ၊ တိုးပွားရာ၏၊ ပညာတရား၊ တိုးတက်ပွားက၊ မှတ်သားမြော်မြင်၊ ဆင်ခြင်ကြောင်းကျိုး၊ ထိုနှစ်မျိုးကို၊ ထိုးထွင်းသိတတ်၊ လွန်ထူးမြတ်၏၊ သိမှတ်သောအား၊ ကျင့်ကြံငြားက၊ ထင်ရှားဒိဋ္ဌ၊ အကျိုးရလိမ့်၊ ထိုမှသီးသီး၊ ရလေပြီးသော၊ အံ့ချီးဖွယ်ရာ၊ ဖြာဖြာများပြား၊ ကျိုးတရားကား၊ လျင်လျှားအမှန်၊ မြတ်နိဗ္ဗန်သို့၊ လျော်ကန်သင့်မြတ် ပို့ဆောင်ဟတ်၏ " ဟူသော ဒေသနာအရှိနှင့် ညီလိုက်သောအခါ အတိ ပသန္နအစလသဒ္ဓါ တိုးပွား၍ အကျိုးများကြမည်မှာ ဧကန်မလွဲပေ။

www.dhammaransi.com



ထို့ကြောင့် နာယကဆရာတော်ကြီးများနှင့်တကွ ဆွမ်းဦးပုညရှင် ပြုပြင်စောင့်ရှောက်ရေး သံဃာတော်များသည် အဖွဲ့ကြီး၏ ၅ ကြိမ်မြောက် အစည်းအဝေးကြီးတွင် ပုညရှင်စေတီတော်မြတ်၏ အတ္ထုပ္ပတ္တိသမိုင်းစာအုပ်ကိုရိုက်နှိပ်ရန် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီးလျှင်ထိုအတ္ထုပ္ပတ္တိသမိုင်းစာအုပ်ကို ပြောင်မြောက်စွာရေးသားရန် ဖြစ်စဉ်အမှန်ကို ပေါ်လွင်စေလျက် ဝေါဟာရကြွယ်၊ အံသိလွယ်၍ ခေတ်နှင့်ဆီလျော်အောင် ရေးသားနိုင်မည့်သူကို ရှာဖွေခဲ့ရာ စစ်ကိုင်းတောင် အနုရုဒ္ဓါချောင်တွင် သီတင်းသုံးလျက်ရှိသော ဆရာတော် ဦးသောဘိတ ( ရွှေကိုင်းသား ) သည်ခေတ်ဟောင်းစာပေ၊ ခေတ်သစ်စာပေတို့၌ နှံ့စပ်မှုနှင့် မြန်မာ့ဆင်ယင်ထုံးဖွဲ့မှု ( စာပေဗိမာန် တစ်ထောင်ဆုရ ) အနှစ်တစ်ရာပြည့် မန္တလေးစာအုပ်ကြီးနှင့် စစ်ကိုင်းဆင်များရှင်ဘုရားသမိုင်း၊ စစ်ကိုင်းတောင် ပတ္တမြားစေတီသမိုင်းစသော သမိုင်းရာဇဝင်ကျမ်းများနှင့် သုတေသနဆောင်းပါးပေါင်း မြောက်မြားစွာ ရေးသားခဲ့သော သုတေသီတစ်ဦးဖြစ်ပါ၍ ဆရာတော် (ရွှေကိုင်းသား) ကိုသာလျှင် သမိုင်းစဉ်နှင့်အညီ ခေတ်နှင့်ဆီလျော်အောင် ရေးသားနိုင်လိမ့်ဟု ဆရာတော် သံဃာတော်များက ယုံကြည်ကြပါသည်။ သို့ယုံကြည်အားထားကြသည့်အတိုင်း ပုညရှင် အတ္ထုပ္ပတ္တိသမိုင်းစာအုပ်ကို ရေးသားစေရန် ဆရာတော် ( ရွှေကိုင်းသား ) အားလွှဲအပ်၍ တိုက်တွန်းကြောင်းဆုံးဖြတ်ခဲ့ကြပါသည်။

ဆရာတော် ဦးသောဘိတ ( ရွှေကိုင်းသား ) သို့
လျှောက်ထားတောင်းပန်အပ်ပါသည်။

ဆရာတော်သည် ပုညရှင်စေတီတော်ကြီး၏ ဘဏ္ဍာတော်တိုးတက်ရေးကို ရှေးရှု၍လည်းကောင်း ပုညရှင်စေတီတော်ကြီး၏ သမိုင်းစစ် သမိုင်းမှန်ကို သိရှိလိုလားကုန်သော သုတကာမိ၊ သုတဂဝေသီ၊ သုတေသီတို့၏ လောကီ လောကုတ္တရာနှစ်ဖြာသော ကောင်းကျိုးကို မျှော်ကိုး၍လည်းကောင်း ဤမည်သော ပုညရှင်အတ္ထုပ္ပတ္တိ သမိုင်းစာအုပ်ကို ယထာဗလ၊ ယထာနုရူပ အားလျော်စွာရေးသား ပါမည့်အကြောင်း ပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး၏ ကိုယ်စားလျှောက်ထားတိုက်တွန်းတောင်းပန်အပ်ပါသည်။

လေးစားစွာဖြင့်
အမှုဆောင် ဆရာတော်များ
ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးသံဃာ့အဖွဲ့
နေ့စွဲ - ၁၃၂၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်။

www.dhammaransi.com



# နိဒါန်း

နမော ရတနတ္တယဿ။ ။စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးဘဏ္ဍာတော် တိုးတက်မှုနှင့် စေတီတော်ကြီး၏ သမိုင်းစစ်သမိုင်းမှန်ကို ရဟန်းရှင်လူတို့အမှန်အတိုင်း သိရှိကြ၍ ကြည်ညို ခြင်း၊သဒ္ဓါတရားပွားများစေခြင်းငှာ အရပ်ရပ်သောသမိုင်းကျောက်စာ၊ရာဇဝင်များမှထုတ်နုတ်၍ဆွမ်းဦးပုညရှင် စေတီတော်သမိုင်းတစ်စောင် ပြုစုရေးသား ချီးမြှင့်ပေးပါရန် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့် ရှောက်ရေးအဖွဲ့ကြီး၏ ကိုယ်စား ဥက္ကဋ္ဌဆရာတော်အသျှင်စန္ဒိမာဝံသ၊ ဒုဥက္ကဋ္ဌဆရာတော် ဦးရေဝတ နှင့် အကျိုးတော်ဆောင်ဟောင်းဦးဣန္ဒောဘာသတို့၏ တောင်းပန်တိုက်တွန်းချက်ကိုခံယူရရှိထားသည်မှာပုညရှင် စေတီတော်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို စနစ်တကျ ပြန်လည်ဖွဲ့စည်းပြီးစအချိန်ပိုင်းလောက်ကပင်ဖြစ်၍ ကာလအားဖြင့် တစ်နှစ်ကျော်ခန့်မျှပင် ကြာညောင်းခဲ့ပါပြီ။

ထို့နောက်တဖန် ၁၃၂၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့စွဲဖြင့် ဆွမ်းဦးပုညရှင် စေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီး၏ ငါးကြိမ်မြောက်အစည်းအဝေးကြီးမှ မှတ်တမ်း ၉ ဆုံးဖြတ်ချက် အရ အမှုဆောင်ဆရာတော်များ အဖွဲ့၏ တောင်းပန်တိုက်တွန်းသောစာတစ်စောင်ရောက်ရှိလာပြန်လေသည်။ သို့ရာတွင် ထိုတိုက်တွန်းစာ မရောက်လာမီကပင် ဆွမ်းဦးပုညရှင်စေတီတော်သမိုင်း;နှင့် ပတ်သက်၍ စုဆောင်းလေ့လာမှုများ ပြီးတန်သမျှပြီးစီးပြီဖြစ်ရကား သမိုင်းစာကိုယ်ကိုပင် စတင်ရေးသားလျှက်ရှိနေပါပြီ။ အမှန်အားဖြင့် မိမိမူလက ဝန်ခံကတိ ပေးခဲ့သည့်ရက်ပိုင်းနှင့်ဆိုလျှင် ထိုအချိန်ပိုင်းလောက်တွင် သမိုင်းစာအုပ် မှာ စာအုပ်အဖြစ်သို့ပင် ရောက်ရှိနေတန်လောက်ပေသည်။ သို့ရာတွင် ဤသမိုင်းပြုစုသူမှာ ပုညရှင်ပြုပြင် စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးမှ ချပေးထားသောတာဝန်မျိုးနှင့် အလားတူတာဝန်သုံးလေးခုထက်မနည်း တာဝန်ယူထားပြီးများ ရှိနေနှင့်၍ ထိုတာဝန်ရပ်များကိုလည်း တစ်ဖက်မှလှည့်ပြီး ဆောင်ရွက်ပေးနေရသေး၍ ပုညရှင်စေတီသမိုင်း ပြုစုရေးကိုရှတ်တရက် အလှည့်မပေးနိုင်ခဲ့ခြင်းဖြစ်လေသည်။ ယင်းသို့အလှည့်မပေး နိုင်ခဲ့သဖြင့် ကြန့်ကြာနှောင့်နှေးမှုဖြစ်ခဲ့ရသည့်အတွက် ဤသမိုင်းပြုစုသူအပေါ်တွင် တာဝန်တစ်ရပ်အနေဖြင့် အလုပ်ကြွေးသဖွယ်တင်ရှိနေပေရာ ထိုတာဝန်မကျေပြွန်မှုကို အဖွဲ့ဝင်ဆရာတော်များက ခွင့်လွှတ်နိုင်ကြမည်ဟု ယုံကြည် မျှော်ပုန်းမိပါသည်။

www.dhammaransi.com

နောက်ကျမှ အချိန်အတိုင်းမပြီးစီးမှုတို့သည် စင်စစ်အားဖြင့်အပြစ်တင်ဖွယ်ရာ မလိုလားအပ်သော အကြောင်းရပ်များပင်ဖြစ်လေသည်။ သို့ပင်ဖြစ်စေကာမူဤဆွမ်းဦးပုညရှင်စေတီသမိုင်း ပြုစုရာ၌ထိုကြန့်ကြာ နှောင့်နှေးမှုသည်ပင် သမိုင်းအချက်အလက်ပိုမိုပြည့်စုံစေရေးအတွက်လမ်းဖွင့်ပေးလိုက်သည်နှင့်တူနေပေသည်။ ဤနေရာ၌ “ လက်ဖက်ကောင်းစားလို ပလောင်ကိုနှေးစေ ”ဟူသောစကားပုံကို ထုတ်ဆောင်မည်ဆိုက ထုတ်ဆောင်နိုင်ပေရာသည်။ ဤသမိုင်းပြုစုသူ၏ ပင်ကိုဝါသနာတစ်ရပ်မှာလည်း ကိစ္စတစ်ရပ်ကိုတာဝန်ယူ၍ ဆောင်ရွက်ရာ၌ အလျင်အမြန် ပြီးစီးမှုထက် ပြည့်စုံစေ့စပ်မှုကိုသာ နှစ်သက်လိုလားဦးစားပေးလိုသူတစ်ဦး ဖြစ်သည့်အတိုင်းပုညရှင်စေတီတော်နှင့်ပတ်သက်၍သမိုင်းအချက်အလက်များကိုစုဆောင်းရာ၌ပြည့်စုံသည်ထက် ပြည့်စုံ၍ နိုင်မာသည်ထက်နိုင်မာစေရန် လေ့လာမှုကိုအချိန်ယူနိုင်သမျှယူခဲ့ပါသည်။

ဤသို့သမိုင်းအတွက်အချက်အလက်များကိုရှာဖွေစုဆောင်းခဲ့ရာ၌တစ်စောင်တစ်ဖွဲ့အနေဖြင့်ပြည့်စုံစွာ ရေးသားထားပြီးဖြစ်သော ပုညရှင်သမိုင်းဟောင်းများကို အထူးအာရုံပြု၍ စုံစမ်းရှာဖွေခဲ့ပါသည်။ သို့ရာတွင် သက္ကရာဇ် ၁၀၀၂ ခုနှစ်က သာလွန်မင်းတရားထံဆက်သွင်းခဲ့သော တောင်ဖီလာဆရာတော်၏မေတ္တာစာကိုပင် ပြင်ဆင်မွမ်းမံမှုအနည်းငယ်မျှဖြင့် တန်ဆာဆင်ကာ ပြန်လည်ရေးသားထားသော ပုညရှင်သမိုင်းစာစောင်ငယ် အချို့ကိုသာတွေ့ရှိရပါသည်။ ယင်းသည်တို့မှာ ၁၂၇၆ ခုနှစ်က မန္တလေးမြို့ ဂုဏဝတီစာပုံနှိပ်တိုက်မှ ပြည်ရွှေဆံတော်ဘုရားသမိုင်းနှင့်အတူပူးတွဲထုတ်ဝေခဲ့သောမိတ္ထီလာဘုန်းတော်ကြီး၏ပုညရှင်စေတီတော်သမိုင်း စာအုပ်ငယ်နှင့် ၁၃၁၅ ခုနှစ်ကရန်ကုန်မြို့သမတပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေသောစာရေးဆရာစန်းယုအောင်၏ “ ဘိုးဝဇီရ စာပေ ”စာအုပ်မှ “ ပုညရှင်စေတီသမိုင်း ”စာမှုဖြစ်လေသည်။ ၄င်းပြင် ၁၂၉၀ ပြည့်နှစ်က မန္တလေးမြို့ ရတနာသိဒ္ဓိ စာပုံနှိပ်တိုက်မှပုံနှိပ်ထုတ်ဝေခဲ့သော “ မန္တလေးရွှေနန်းတော်ကြီးအကြောင်းနှင့် စေတီယပူဇာစာတန်း ”တွင်လည်း စစ်ကိုင်းတောင်ပုညရှင်စေတီ သမိုင်းချုပ်ကိုဖတ်ရှုရပါသေးသည်။ ယင်းသည့်သမိုင်းချုပ်ကို တောင်ဖီလာဆရာတော် သွင်းစာနှင့်စစ်ကိုင်းတောင် ညွှန်းကျမ်းများအဆိုအတိုင်း သမိုင်းအကျဉ်းဖော်ပြပြီးနောက် နိဂုံးချုပ်တွင်“ သမိုင်းအကျယ်ကိုလိုမူ စေတီယဒီပနီတွင် ယူကြပါကုန် ”ဟုညွှန်းထားသည်ကိုဖတ်ရှုရပါသည်။ထိုညွှန်းထားသော“ စေတီယဒီပနီ ”ကျမ်းကိုယခင်စစ်မဖြစ်ခင်ကမန္တလေးမြို့ မိုးထားဝန်ထောက်မင်းအိမ်တွင် တွေ့မြင်ကြည့်ရှုခဲ့ဖူးရာ ဘုရားသမိုင်းအချို့ကိုပင် ထုတ်နုတ်ရေးကူးခဲ့ဖူးပေသေးသည်။ သို့ရာတွင် ပုညရှင်စေတီသမိုင်းကိုမူကား အတန်ငယ်ရှည်လျား၍ ချန်လှပ်ထားခဲ့မိလေရာ နောင်တရမိလေတော့သည်။

ယင်းသို့မှီငြမ်းပြုရန်အတွက် မျှော်လင့်ချက်ကြီးစွာထားရှိခဲ့သော ပုညရှင်စေတီတော်သမိုင်းအကျယ်ကို ယခုအချိန်အထိ မတွေ့ရသေးစေကာမူ ဤပုညရှင်စေတီသမိုင်းကျမ်းသစ်ကို ပြုစုရေးသားလတ္တံ့သော

www.dhammaransi.com



အကျွန်ုပ်ရှေ့ကိုင်းသားသည် စစ်ကိုင်းမြို့သားတစ်ယောက်အနေဖြင့် စစ်ကိုင်းမြို့ဆိုင်ရာ သာသနာ၊ ရာဇဝင်ဖြစ်စဉ်အရပ်ရပ်တို့ကိုငယ်စဉ်ကပင် မှတ်မှတ်သားသား လေ့လာဆည်းပူးခဲ့ဖူးခြင်းနှင့် အလုပ်အကိုင်အနေအားဖြင့်လည်း ရာဇဝင်သမိုင်းစဉ်အရပ်ရပ်တို့နှင့် မပြတ်ထိတွေ့လေ့လာနေရသော ရှေးခေါ် မြန်မာနိုင်ငံကမ္ဘည်းကျောက်စာရုံး ယခုခေတ်အခေါ် ရှေးဟောင်းသုတေသနဌာနတွင် ဆယ်နှစ်ကျော်မျှ အမှုထမ်းခဲ့ဖူးခြင်းနှင့် ယခုတဖန် သာသနာ့ဝန်ထမ်း ရဟန်းတော်တစ်ပါး အဖြစ်ဖြင့်စစ်ကိုင်းတောင်ရိုးကြီးတွင် အမြဲနေထိုင်သီတင်းသုံးရပြန်သောအခါ၌ စစ်ကိုင်းတောင်ရိုးကြီး၏ ရှေးဟောင်းနှောင်းဖြစ် သာသနာရေးဆိုင်ရာအဖြာဖြာတို့ကို ဝါသနာအလျောက်သာမဟုတ်မူ၍စစ်ကိုင်းတောင်ကိုမှီခိုနေသူတစ်ယောက်၏ပြန်လည်ကျေးဖူး ပြုသင့်ပြုထိုက်သောဝတ္တရားတစ်ရပ်အနေဖြင့်လည်း နေ့နေ့ညညဆိုသလိုမပြတ်လေ့လာဆည်းပူးနေသူတစ်ယောက်ဖြစ်၍ ပုညရှင်စေတီတော်ဆိုင်ရာ သမိုင်းအချက်အလက်တို့မှာလည်း သမိုင်းတစ်စောင်တစ်ဖွဲ့ပြုစုနိုင်လောက်အောင်ပင် လက်ဝယ်သိမ်းပိုက်စုဆောင်းမိပြီး အသင့်ရှိနေပါသည်။ ယင်းသည့်အားကိုးနှင့်ပင်ပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီးမှ နှင်းအပ်သော သမိုင်းပြုစုရေး တာဝန်ကိုရဲဝံ့စွာ ခံယူခဲ့ခြင်းဖြစ်လေသည်။

ဤနေရာ၌ပြုစုရေးသားလတ္တံ့သောပုညရှင်စေတီသမိုင်းသစ်နှင့်ပတ်သက်၍ ဤသမိုင်းပြုစုသူ၏ရည်ရွယ်ချက်နှင့် မှန်းထားချက်ကို အနည်းငယ်တင်ပြလိုပေသေးသည်။ ပြုစုရေးသားလတ္တံ့သော ပုညရှင်စေတီ သမိုင်းသစ်ကို သမိုင်းစစ်သမိုင်းမှန် ဖြစ်စေလိုသော သမ္မာဆန္ဒအာသီသဖြင့်ပုညရှင်စေတီတော်ကြီး၏ရာဇဝင်သာသနာဝင်ဖြစ်စဉ် အရပ်ရပ်တို့ကို ထိုထိုသို့သော မဟာဝင် ရာဇဝင် သာသနာစဉ် သမိုင်းများနှင့်လည်းကောင်း ကျောက်စာ ကဗျာ လင်္ကာ ချေင်းဟောင်းစသည်တို့နှင့်လည်းကောင်း၊ ထို့ပြင်တဖြာ ရှေးပေါရာဏ သူဟောင်းတို့၏ မှတ်တမ်းအရပ်ရပ်တို့နှင့်လည်းကောင်း ညှိနှိုင်းတိုက်ဆိုင်ပြီးလျှင် ယထာဘူတကျနိုင်သမျှကျအောင် စွမ်းအားရှိသလောက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်လေသည်။

ယင်းသို့ပြုစုအားထုတ်ရာ၌ သမိုင်းစစ်သမိုင်းမှန်ဖြစ်ရေးကို ရှေးရှုသောအားဖြင့်အမှတ်များကအမှားကြာ၍ အမှန်လိုဖြစ်နေသော ဒဏ္ဍာရီဆန်ဆန်၊ ပြဇာတ်ဆန်ဆန် အကြောင်းချင်းတများကို ပရိသတ်ကြိုက် ဖြစ်နေမှန်းသိစေကာမူ ယုတ္တိမတန် ကျမ်းဂန်ရာဇဝင်များနှင့် မနီးနှောမိပါက ဤသမိုင်းစာအုပ်သစ်တွင်နေရာပေးနိုင်မည်မဟုတ်ပေ။ ဤသို့ပင်ထုတ်ဝေထားပြီးသောပုညရှင်သမိုင်းစာစောင်အချို့တွင် ဒဏ္ဍာရီဆန်ဆန်လူပြိန်းကြိုက် ပြင်ဆင်မွမ်းမံထားသည်များကို တွေ့ရှိနေရပေသည်။ ယင်းသည်တို့မှာဇာတ်ရုပ်သေးစင်များမှရောင်ပြန်ဟပ်ခြင်းခံရသောအမတ်ကြီး "ကိုပုည"နှင့် မင်းခဲ့သူအလှအချော ဖြစ်သော "မယ်စော"တို့၏ ဇာတ်လမ်းပင် ဖြစ်လေသည်။

www.dhammaransi.com



ဤသမိုင်းပြုစုသူသည် ငယ်စဉ်တောင်ကျေး အကလေးငယ်ဘဝကပင်ရုပ်သေးပွဲများမှ အမတ်ကြီးကိုပုညနှင့်မင်းဖဲရုပ်သူမယ်စောတို့၏ ကြေကွဲဖွယ်ရာဇာတ်လမ်းကို အစွဲအလမ်းကြီးစွဲလမ်းခဲ့ဖူးရာ ချိန်တိုင်ရွယ်ရောက် လူလားမြောက်သောအခါ၌ ထိုငယ်စဉ်အကလေးဘဝကစွဲလမ်းလာခဲ့သောကိုပုညနှင့်မယ်စောတို့အကြောင်းကို စာပေနှင့်ညှိပြီး မှတ်သားလိုသောကြောင့် လက်လှမ်းမှီရာ စာဟောင်းပေဟောင်းများတွင် တွေ့နိုး တွေ့နိုးဖြင့် တစ်စောင်ပြီးတစ်စောင် ရှာဖွေခဲ့သော်လည်း ငယ်စဉ်က ရုပ်သေးပွဲများတွင် ကြည့်ရှုခဲ့ရဖူးသည့်အတိုင်း တနည်းအားဖြင့် မိမိမျှော်လင့်ထားခဲ့သလို ကိုပုညနှင့်မယ်စောတို့၏ ဇာတ်ဆန်ဆန်ကြေကွဲဖွယ်ရာ ဇာတ်လမ်းမျိုးကိုမတွေ့ရတော့ပဲအမတ်ကြီးဦးပုည၏ ပုညတည်းဟူသော ပုဉ်း (ဖုန်း) ရှင်ကံရှင်ဖြစ်ပုံနှင့် ရတနာသုံးပါးအပေါ်တွင်သက်ဝင်ကြည်ညိုပုံမှာ စံထားလောက်အောင်အဆင့်မြင့်လှကြောင်းကိုသာဖတ်ရှုရပါတော့သည်။ကြေကွဲလွမ်းဆွတ်ဖွယ်ရာဇာတ်လမ်းတွင်သဒ္ဒါတရားဖြစ်ပွားရာသောကြည်နူးဖွယ်အဖြစ်အပျက်မှန်ကို အစားထိုးပြီး တွေ့ရှိလာရခြင်းဖြစ်လေသည်။ ထိုသည်နှင့် တပြိုင်နက်မင်းဖဲရုပ်သူမယ်စော၊ အဖဦးမိုး၊ တောင်ဘီလူးဆရာတော် ဝိဇ္ဇာမိုရ်၊ မြောက်ကျွန်းသူစသောဇာတ်ကောင်များလည်း တကယ်ရှိခဲ့သည်မဟုတ်၊ စိတ်ကူးယဉ်ချက်မျှသာဖြစ်ကြောင်းတွေ့ရှိလာပါတော့သည်။

စင်စစ်အားဖြင့် ရုပ်သေးစင်ပေါ်က ပုညရှင်သမိုင်းကြောင်းသည် ဇာတ်သဘင်သည်များ၏ ထုံးစံအတိုင်း ပွဲကြည့်ပရိသတ်ကို ပိုမိုလွမ်းဆွတ် ကြေကွဲစေသောအားဖြင့် ဆွဲဆောင် ယူလိုသောကြောင့်လည်းကောင်း၊ ရသမျိုးစုံ အထူးသဖြင့်သိင်္ဂါရ ရသနှင့် ကရုဏာ ရသတို့ဖြင့် ပရိသတ်ကို လွှမ်းခြုံဖမ်းစားလိုသော ကြောင့်လည်းကောင်း တကယ့်ရာဇဝင်တင်ဖြစ်ရပ်မှန်ကို အပိုအမိုတို့ဖြင့် ဖြည့်စွက်ထည့်သွင်းတန်ဆာဆင် ထားခြင်းမျှသာဖြစ်လေသည်၊ ယင်းသည်ကိုပင် ကာလအတန်ကြာသောအခါ အမှန်တရားကဲ့သို့ အများက မှတ်ထင်ယုံကြည်လာကြခြင်း ဖြစ်လေသည်။

ဤသမိုင်းသစ်တွင်ကား ဖော်ပြခဲ့ပြီးသော အချို့သူများ ယုံကြည်စွဲလမ်းထားပြီးဖြစ်သည့် ဇာတ်လမ်းဇာတ်ကွက် အနေဖြင့်လည်း ပရိသတ်စွဲငြိလောက်အောင် အချက်အလက်များပါရှိသော ထိုရှေးခေတ်ရုပ်သေးစင်များပေါ်မှ ပေါက်ဖွားသက်ဆင်းလာခဲ့သည့် ကိုပုညအစား သမိုင်းကျောက်စာ ရာဇဝင် စာတမ်းဟောင်းများနှင့်နီးနှောမိသောပုညအမတ်ကြီး အကြောင်းကိုသာ အခြေတည်ပြီးလျှင် ပုညရှင်စေတီတော်မြတ်သမိုင်းကို ခိုင်မာသော အကိုးအကားတို့ဖြင့် ရေးသားတင်ပြသွားမည် ဖြစ်လေသည်။

ယင်းသို့ရေးသားတင်ပြရာ၌ ယခု ပုညရှင် ရင်ပြင်တော်ပေါ်ရှိ သာသနာတော် ၂၃၁၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၁၃၅ ခုနှစ်ထိုး အဝမြို့တတိယမြို့တည် ဆင်ဖြူရှင်မင်းတရား၏ ပုညရှင်စေတီကျောက်စာ မူလထိုးကို အဓိကအားဖြင့် ပင်မထားပြီးလျှင် သက္ကရာဇ် ၉၅၂ ခု၊ အင်းဝမင်းရဲကျော်စွာသည်

www.dhammaransi.com



ပုညစေတီဘုရားရှင်အား ဝတ္ထုကံမြေကျွန် လှူဒါန်းခဲ့သည့်အတိုင်း ၁၁၄၇ ခုနှစ်တွင် ၊ အမရပူရ ပထမ မြို့တည်မင်း( ဘိုးတော်ဘုရား )ထပ်မံလှူဒါန်းသည့် ဘိုးတော်စပ်ထိုးကျောက်စာ၊ သက္ကရာဇ် ၁၀၀၂ ခုနှစ် နယုန်လတွင် သာလွန်မင်းတရားကြီးက လျှောက်ထား၍ ပုဂ္ဂိုလ်ကျော် တောင်ဖီလာဆရာတော် ဖြေဆို မေတ္တာစာ ဆက်သွင်းသည့် ပုညရှင်စေတီအကြောင်းသွင်းစာ၊၄င်း တောင်ဖီလာဆရာတော်သွင်းစာနှင့်အညီ ရေးသားကြသော ဘိုးဝဇီရ၏ ပုညရှင်ဘုရားသမိုင်း၊ မိတ္ထီလာဘုန်းတော်ကြီး၏ ပုညစေတီတော်သမိုင်း၊ သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် တဆင့်ရေးကူးပြီးစီးသည့်သိရိမ္ဗာသောက စေတီတော်သမိုင်းတွင် တကဏ္ဍ အဖြစ် ထည့်သွင်းရေးသားထားသော ပုညရှင်သမိုင်းနှင့် ဌာပနာစာရင်း၊ တောင်ဖီလာဆရာတော် စီစဉ် ရေးသားခဲ့သည်ဟု အညွှန်းပါရှိသော စစ်ကိုင်းတောင်ညွှန်း၊ ရှေးကရေးသားခဲ့သည့်စစ်ကိုင်းမြို့ သမိုင်း၊ စစ်ကိုင်းအတ္ထုပ္ပတ္တိစာတန်းပေမူဟောင်းများနှင့် မိုးထား ဝန်ထောက်မင်း၏ စစ်ကိုင်းမြို့ စေတီတော်သမိုင်းချုပ် ပုရပိုက်မူ၊စစ်ကိုင်းတောင်မဟာသစ်ဝင်ချောင်၊ပထမ မစိုးရိမ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတအရှင်သောဘိတသိရိ ၏ စစ်ကိုင်းဘုရားစဉ်လက်ရေးမူ၊ စစ်ကိုင်းညောင်ပင်သာ ဦးပုည၏ စစ်ကိုင်းဘုရားသမိုင်းဘွဲ့ တေးထပ် ပေါင်းချုပ်၊ထို့ပြင်အရပ်ရပ်သောရာဇဝင်၊ သာသနာဝင် ဆရာစဉ်ဆက်အမှတ်အသားများနှင့် မစ္စတာမောင်မှိုင်း အမည်ခံဆရာကြီးသခင်ကိုယ်တော်မှိုင်း( ယခုဒေါက်တာဘွဲ့ရ )၏ဘိုင်းကောက်ဋီကာ စသော အရပ်ရပ်သော ဋီကာဂဏ္ဌိများနှင့် ဤသမိုင်းပြုစုသူ၏ အနှစ်နှစ်အလလက စုဆောင်းမှတ်သားလာခဲ့သော ဗဟုသုတအရပ်ရပ် တို့ဖြင့် နှီးနှောတိုက်ဆိုင်ပြီးလျှင် ရေးသားတင်ပြသွားမည်ဖြစ်လေသည်။

ပုညရှင်စေတီတော်ကြီး၏ ယခုမျက်မှောက်ခေတ် အခြေအနေနှင့် ပတ်သက်၍ အဖွဲ့အနေဖြင့် ပြုပြင်မှု၊ မွမ်းမံမှု၊ ထိမ်းသိမ်းစောင့်ရှောက်မှုစသော အရပ်ရပ်ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ သောပုညရှင်စေတီတော်ကြီး၏ တိုးတက်မှုနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအချက်အလက်များကိုမူကား ယခု ဥက္ကဋ္ဌဆရာတော်များအဖြစ်ဖြင့် ဆောင်ရွက်တော်မူလျက် ရှိကြသော အသျှင်စန္ဒိမာဝံသ၊ ဦးရေဝတ နှင့် အကျိုးတော်ဆောင် ဦးပုညသေဋ္ဌ ( သာသနဓဇသိရိပဝရ ဓမ္မာစရိယ )တို့က စာရင်းအင်းနှင့်တကွ လိုအပ် သလို ကူညီကြသဖြင့် နောက်ဆက်တွဲအနေဖြင့် ဤမျှ ပြည့်စုံသည်ဟုဆိုရမည်ဖြစ်ပေသည်။

၄င်းပြင် ဤပုညရှင်စေတီသမိုင်း ပြုစုရာ၌ ကိုးကားညှိနှိုင်းရန်အတွက် ရှားပါးလှသော ပေမူ လက်ရေးမူ ပုံနှိပ်မူ စာအုပ်စာတန်းဟောင်းများကို အလိုရှိသလို ထုတ်ယူကြည့်ရှုခွင့် ပေးခဲ့ရုံမျှမကရေးသား ပြီးစီးသမျှသော ဤသမိုင်းစာများကို အချိန်ယူပြီး ကြည့်ရှုစစ်ဆေးကာ အမှားအမှန်ပြင်ဆင်ပေးခဲ့သည့် ပုညရှင်ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့ကြီး၏ ဦးစီးနာယက ဆရာတော်တပါးဖြစ်သော မစိုးရိမ် မဟာ သစ်ဝင်ချောင်ဆရာတော် ဦးသံဝရ ( မြို့နယ်ဝိနည်းဓိုရ်ဆရာတော် )အားလည်း ကျေးဇူးအထူးတင်ကြောင်း

www.dhammaransi.com



ဤနိဒါန်းမှနေ၍ မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

ထို့ပြင်သမိုင်းအတွက်လိုအပ်သော ဓာတ်ပုံများ စိတ်ကြိုက်ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် အချုပ်အချယ်မရှိ လိုအပ်သလို သုံးစွဲနိုင်ခွင့်ဖြင့် ကူညီအားပေးတော်မူခဲ့ကြသော ဥက္ကဋ္ဌဆရာတော် ၂ ပါးအား လည်းကောင်း စိတ်ကြိုက်ဓာတ်ပုံများ ရရှိနိုင်ရေးအတွက် ဓာတ်ပုံပေါင်းမြောက်မြားစွာကို စိတ်ရှည်လက်ရှည် ကူးရဲ့ပေးခဲ့သော အပျော်တမ်းဓာတ်ပုံနှင့်ကလောင်ရှင်တဦးဖြစ်သော "စစ်ကိုင်းလှမြင့် " အားလည်းကောင်း မျက်နှာဖုံးပုံကို ပန်းချီဆေးစုံဖြင့် ခြယ်မှုန်းရေးဆွဲပေးပေသော ရွှေမန်းပန်းချီကျော် ပေါ်ဦးသက် အား လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

ဤသမိုင်းစာအုပ်ငယ်သည် ပုညရှင်စေတီတော်ကြီး၏ တိုးတက်ရာတိုးတက်ကြောင်းများကို တဘက်တလမ်းမှ အထောက်အကူပြုရင်းဘဏ္ဍာတော်တိုးတက်ရေးအတွက်အားပေးကူညီသည့် သဘောဖြင့် ဝယ်ယူကြည့်ရှုကြသော စာဖတ်ပရိသတ်တို့အားလည်း သမိုင်းဗဟုသုတကို ပြည့်ဝမှန်ကန်စွာ ခံယူနိုင်ကြ ပြီးလျှင် စေတီတော်မြတ်ကြီးအားလည်း အတိုင်းမသိသော သဒ္ဓါကြည်ညိုခြင်းတို့ဖြင့် ကြည်ညိုနိုင်ကြပါစေ သတည်း။ ဤသည်ပင်လျှင် ဤသမိုင်းပြုစုသူ၏ ပင်ပန်းမှုအတွက် ရယူလိုသော ဆုဖြစ်ပါတော့သည်။

စစ်ကိုင်းတောင်၏ သာသနာရောင်သည် သာသနာ ၅၀၀၀ တိုင်တိုင် ထွန်းပြောင်ထိန်လင်း ဝေဆာပါစေသတည်း။

ရွှေ ကိုင်း သား

( ဦးသောဘိတ )

စစ်ကိုင်းတောင် မဟာသစ်ဝင်ချောင်

ဝါးချက်ရွာ

၁၃၂၂ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့။

www.dhammaransi.com



# ဒုတိယနှိပ်

## နိဒါန်း

၁၃၂၅ ခု၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ နေ့ ၁ နာရီအချိန် ဆွမ်းဦးပုညရှင်စေတီတော် အသောကဘဏ္ဍာတိုက်တွင် ပြုလုပ်ခဲ့သည့် သံဃာ့အဖွဲ့၊ ဥပါသကာ ဂေါပကအဖွဲ့တို့ စုံညီ တက်ရောက်သော ဆွမ်းဦးပုညရှင်စေတီတော်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး၏ နှစ်ပတ်လည်အစည်းအဝေး ကြီးမှ " ဆွမ်းဦးပုညရှင်စေတီသမိုင်း "ကို ဖြည့်စွက်ချက်များနှင့် ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေရန်ဟူသော ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပါသည်။ ယင်းသည့်ဆုံးဖြတ်ချက်အရ ဤသမိုင်းပြုစုသူပင် သမိုင်းစာအုပ် ဖြစ်မြောက်ရေးအတွက် တာဝန်ယူခဲ့ရပါသည်။ ထိုတာဝန်နှင့်အညီ နောက်ဆက်တွဲတွင် စစ်ကိုင်းတောင်ရိုးမှ ဝါတွင်းဘုရားစဉ် ၁၄ ဆူသမိုင်းချုပ်ကိုဖြည့်စွက်ပေးနိုင်ခဲ့ပါသည်။ ၄င်းပြင်အမှုဆောင်အဖွဲ့၏ ကူညီချက်ဖြင့် ပုညရှင်စေတီတော်ကြီးနှင့်တကွ ရုပ်ပွားတော်မြတ်တို့၏ အတိုင်းအတာ ပမာဏတော်စသည်တို့ကိုလည်း ဖြည့်စွက်ပေးနိုင်ခဲ့ပါသည်။ သို့ရာတွင် စာမူတည်းဖြတ်မှုကိုကား ဤသမိုင်းပြုစုသူအား အချိန်ကမပေးပါ။ ယင်းသည့်ဟာကွက်ကိုကား ကြီးပွားရေးပုံနှိပ်တိုက်မှ အယ်ဒီတာဦးစိုးမင်း ( ဓမ္မာစရိယ ) ကတာဝန်ယူ ဆောင်ရွက်ပေး၍ ပြေလည်သွားပါသည်။ ယင်းသည့်အတွက် အယ်ဒီတာဦးစိုးမင်း ( ဓမ္မာစရိယ )အား ဤသမိုင်းပြုစုသူက ကျေးဇူးတင်ကြောင်း နိဒါန်းမှနေ၍ မှတ်တမ်းတင်ဖော်ပြလိုက်ရပေသတည်း။

ရွှေကိုင်းသား

၁၃၂၅ - ခု ၊ နယုန်တန်ခူးလပြည့်ကျော် ၇ ရက်။

www.dhammaransi.com



# တတိယနှိပ်

## နိဒါန်း

ဤဆွမ်းဦးပုညရှင်စေတီသမိုင်းစာအုပ်ကို တတိယအကြိမ်ပြန်လည်ရိုက်နှိပ်ရာ၌ ညွှန်းသည်တော်များ မှတ်ချက်ကို ဖြည့်စွက်ခြင်း၊ ဓါတ်ပုံအချို့အသစ် ထည့်သွင်းခြင်းမှတစ်ပါး ကျန်အခန်းများကို ဒုတိယနှိပ် မူအတိုင်းထားပါသည်။

အထူးသဖြင့် ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓကိစ္စအဝဝတို့ကို ၁၂၆၅ ခုနှစ်မှ ၁၃၁၉ ခုအထိ ဆောင်ရွက်အားထုတ်တော်မူခဲ့သော ကျေးဖူးရှင် ပထမဒနုဖြူချောင် ဆရာတော်ဘုရားကြီးဦးအရိယဝံသ၏ ဓါတ်ပုံကို သမိုင်းစာအုပ်တွင် ရှာဖွေထည့်သွင်း ဖော်ပြနိုင်သဖြင့် ရှင်လန်းဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါ သည်။

ရွှေကိုင်းသား

စစ်ကိုင်းတောင်

၁၃၂၇ – ခု ၊ ကဆုန်လပြည့်နေ့။

www.dhammaransi.com



# စတုတ္ထနှိပ်

## နိဒါန်း

ဤစတုတ္ထနှိပ်ခြင်းတွင် ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ၁၀ နှစ်အတွင်း တိုးတက်မှု ကိစ္စအဝဝ တို့ကို သက္ကရာဇ်စဉ်အရ ဖြည့်စွက်ပြီး ပြန်လည်မော်ကွန်းတင်ထားခြင်းဖြစ်ပါသည်။

( အထူးသဖြင့် စိန်ဖူးတင် မင်္ဂလာသဘင်အခမ်းအနားကို စေတီတော်ကြီး၏ ၁၀ နှစ်အတွင်း တိုးတက်မှုသမိုင်းကွက် တစ်ကွက်အနေဖြင့် နောက်ဆက်တွဲ (ဃ)တွင် တင်ပြထားပါသည်။ သက်ဆိုင်ရာ ကုသိုလ်ရှင်အပေါင်းတို့သည် ပရစေတနာအနေဖြင့် ကုသိုလ်အားထပ်မံပွားများ နိုင်ကြပါစေသတည်း။ )

ရွှေကိုင်းသား

စစ်ကိုင်းတောင် ၁၃၃၂ – ခု၊ တပို့တွဲလဆန်း ၈ ရက်နေ့။

www.dhammaransi.com



# ဆွမ်းဦးပုညရှင် စေတီတော်သမိုင်း

အခန်း – ၁

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ရတနာပူရ (အဝ) တတိယမြို့တည် ဆင်ဖြူရှင်

မင်းတရားကြီး၏ ပုညရှင်စေတီတော် ကျောက်စာ

( ၁ )။ *( နမော ) တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။အမိတဂုဏာသမ္ဘုန်း၊ ဒေဝါတိ ဒေဝ( သဗ္ဗည်ု။ ) နိဗ္ဗာန သာမိတံနာထံ၊ ဝန္ဒာမိ သိရသာ နိစ္စံ။ ။အနေက ရဋ္ဌရာဇိန္ဒော၊ သေတတမ္ဗော သာမိကော။ နာနာဂုဏာဒိပုရဏော၊ မ ( ဟာပု

( ၂ )။ ညယ ) သဿိကော။ ။ဉဘယတ္တ ဟိတေသိနော၊ မဟာထူပါဒိ ဒါယကော။ ဗျာပိကိတ္တိ မဟာဃောသော၊ မာယာဝကုသလတ္ထိယော။ ။သောရာဇာဝ ပဋ္ဌတိ ˙သ၊ သတာမိကေ သဟာသကော။သက္ကရာဇေ[၁] ဆက္ကလက္ခေ၊ ဇိနစက္ကေသုစိန္တိ ( ကာ။ )

( ၃ )။ ပေါရာဏက သုရာဇာနော၊ ပစ္စယတ္တာယ ဒိန္နကံ၊ ဘူမိအာဘယ ဒါနဥ္စ၊ ပသာဒေတိ တထာပုန။ ။ အဇ္ဈတဂ္ဂေ ပရေကာလေ၊

---

* ။ လက်သည်းကွင်း အတွင်းကစာသားများမှာ မူလကျောက်စာတွင် ချို့ယွင်းပျက်စီးနေပြီ ဖြစ်၍ အစိုးရကျောက်စာအုပ်ကြီးမှ ကူးယူဖြည့်စွက်ထားခြင်းဖြစ်သည်။

၁ ။ဆက္ကလက္ခေ။ ။ ဝိဠကတ်သချာနည်းဖြင့် ရေးထိုးထားခြင်းဖြစ်သည်။ ဆ=၇၊ က္က=၁၊ လ=၃၊ ခ=၂၊ ၄င်းကိုအနုလောမနည်းဖြင့် ယူသော် သာသနာ ၂၃၁၇ –နှစ်ရသည်။

www.dhammaransi.com



ရာဇာနောစ ဇနာသဇ္ဇေ။ ပရံပရာနဂုယိတွာ၊ ဥဒ္ဓရန္တုပမောဒေန္တု ။ ။တိဋ္ဌန္တု စိရကာလံဝ၊ သမ်လာဘန္တု မေပုညံ။ ။

( ၄ )။ ကမ္ဘာတသိန်း အလွန်ဟိသော လေးအချော်ထက်နိုက် ဒါန သီလစသော ၁၀ ပါးသာ ပါရမီကိုဝိအပြားအားဖြင့် သုံမ်းဆယ်ပြည့်တော်မူ၍ အဆုံမ်းစွန်သော ကိုယ်တော်အဖြစ်နိုက် ဘွားတော်မူသောနေ့[၁] တနေ့

( ၅ )။ နက်ပေါက်၍[၂] ယောက်သော မဟာဗောဓိပင် ရွှေပလ္လင်ထက် အမိုက်အမြုတ် ရမ္မက်ကုန်၍ သစ္စာလေးပါး တရားအပေါင်း တိုဝ်ကိုဝ် အလိုဝ်တော်မြတ်အတိုင်း သိမြင်တော်မူသောကြောင့် သမ္မာ

( ၆ )။ သမ္ဗုဒ္ဓဟူသော နာမဝိသေသကိုဝ် ရတော်မူ၍ လူသုံးပါးတိုဝ်၏အထွတ်ဖြစ်တော်မူသော သဗ္ဗညုတဘုရားသိခင်သည် ခပ်သိမ်းကုန်သောလူနတ်တိုဝ်အားတရားအောင်ဆုပေးတော်မူအံ့ဟုဒေသ

( ၇ )။ စာရီကြွရောက်တော် မူသောအခါ အထူးလဖြင့် လျှုဒါန်း[၃]ပုဇွော်သောကြောင့် နှောင်သောကာလ ဤဒေသနိုက် လောကသမုတိနတ်ဟူသော မင်းမြတ်ဖြစ်၍ ငါ၏သာသနာတော်ကိုဝ်[၄]စီးပင့်ပြုစုလတ္တံမ့်

( ၈ )။ ဟူသော ဗျာဒိတ်တော်မြတ်နှင့်ညီစွာ သာသနာတော် ၁၈၅၆ နှစ် သက္ကရာဇ် ၆၇၄ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဝိဇယပူရဟူသော ပင်းယမြို့ကိုဝ် တည်ထောင်၍ ရွှေစည်းခုံမ်စေတီတော်

( ၉ )။ မြတ်နှင့်တကွ ပြည်ရွာသာသနာတော်၏စီးပွားကိုဝ်ရှုက်ဆောင်သောဘေးလောင်းတော် ဆင်ဖြူရှင်သီဟသူ၏ အမတ်ကြီးသည် ဘုရားသိခင်၏ မွေတော်ဓာတ်တော်ကိုဝ် နတ်တိုဝ်ပိုဝ်ပြ၍

( ၁၀ )။ ရသဖြင့် တည်ထား၌ပနာ သင့်မြတ်ရာသော မြေရပ်ကိုဝ်ဆုံမ်းဖတ်ခြင်းငှာမစွမ်း၍ ပွင့်ငြမ်းသစွာ ဘုရားလျှာတိုဝ် အဓိဋ္ဌာန် ခြင်းကိုဝ် ပြုသကဲ့သိုဝ် နစ်လိုဝ် ဝမ်းသာ သစ္စာဓိဋ္ဌာန်ပြုသည် ဟိ

( ၁၁ )။ သော် မွေတော်မြတ်အပေါင်းသည် အစည်သဖြင့် ကြွတော်မူ၍ [၅]ဖေားမည်သော တောင်၏အထိပ်နိုက်ကိန်းဝပ်တော်မူသောကြောင့် ထိုဝ်တောင်ထက်ဝယ်တည်ထား၌ာပနာသောမွေတော်ဓာတ်

---

၁။ တနိယ်နယ် = တနေ့နက် = တပြိုင်နက်

၂။ ယောက်သော = ရောက်သော၊ ၊ကျောက်စာမူအတိုင်းမပြင်ပဲတင်ပြလိုက်သည်။

၃။ ပုဇွော် = ပူဇော် ။

၄။ စီးပင့် = ချီးပင့် ( ချီးမြှင့် ) ။

၅။ ဖေား = ပုညရှင်တောင်၏ ရှေးအမည်ဟောင်း

www.dhammaransi.com



( ၁၂ )။ တော် အပေါင်း၏ စည်းဝေးရာဖြစ်သော ပုညစေတီ အမည်တော် [1]ဟိသော စေတီတော်မြတ်အား ရှေးမင်းတို့သည် ဆီမီးသင်ပုတ်ဝတ် ဖြစ်စိမ့်သောငှာ လှူသောဝတ္တုကံ မိုဝ်းမြေသည်

( ၁၃ )။ သာသနာတော် ၅၀၀၀ စေ့အောင် မတိမ်မမြုပ် မြင့်မြဲအရှည် တည်စိမ့်သောငှာ လှူတော်မူအံမ့်ဟု အကြဲဟိတော်မူသော ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆင်ဖြူသိခင်

( ၁၄ )။ [2]အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားသည် ထပ်ပွားသော သဒ္ဒါစေတနာတော် ပြဋ္ဌာန်းသည်ဖြစ်၍ မြောင်းဆုံကြီးအနောက်မြောက်ထောင့် [3]နိနှင်းတော်ဖိုဝ်း မြေအပယ် ၁၀၀၊ မြေ

( ၁၅ )။ ဤအပိုင်းအခြားကား အရှေ့သိုဝ်. [4]လားကားမြောင်းဆုံမြောင်းမသည် အခြား၊ တောင်သိုဝ်. လားသကား ဖောမ့်အောက် ကျောင်းမြေနှင့် မြောင်းသည်အခြား၊ အနောက်

( ၁၆ )။ သိုဝ်.လားကား [5]ခနန်လူးမြောင်းမသည်အခြား၊ မြောက်သိုဝ်.လားကားပညာအရှေ့ တောင်ထောင့် [6]သိခွတ်ပင်နှင့်စကားကျောင်းတော်မြေနှင့် မြောင်းသည်အခြား။ ပွင့်သင်

( ၁၇ )။ ရွာတွင်လက်လုပ်တော်မြေ အပယ် ၁၀၀ မြေအပိုင်းအခြား၊ အရှေ့သို့ဝ်လားကား [7]လွှယ်ရေပစ်လျှင်အခြား၊ တောင်သိုဝ်.လားကားမြောင်းနှင့် ထနောင်းပင်သည်အခြား၊ အ

( ၁၈ )။ နေ့ဘက်သိုဝ်. လားကား [8]ခနန်လူးမြောင်းမသည် အခြား၊ မြောက်သို့လားကား [9]ခံတက်ပင်နှင့် မြောင်းလျှင်အခြား၊ ဤသိုဝ်.ပယ်နယ်သတ်၍ လှူတော်မူသော ကုသိုလ်ပုည သမ္ဘာရ

---

၁။ ဟိသော = ယှိသော

၂။ "အယျ = အယျေ၊ ဘန္တေ = တောန္တော၊ အာဝုသောနှင့်၊ မိန့်ဟောသဒ္ဒါ၊ အာယသ္မ၊ ဘဒ္ဒန္တ၏၊ အတ္တထွေပြား၊ အသျှင်များမူ၊ မှတ်သားဆန်းကြယ်၊ သ - ဝယ်ယပင့်၊ ဟဆွဲဆင့်လော့" ဟူသော ဥပဒေနှင့်အညီ ရေးထိုးထားခြင်းဖြစ်သည်။

၃။ နိနှင်းတော် = နနှင်းတော်

၄။ လားကား = လားသကား

၅။ ခနန်လူး = ခံလူး  ၆။သိခွတ်ပင် = သခွတ်ပင်

၇။ လွှယ်ရေပစ် = လွှဲရေပစ် ( ဘိုးတော်စပ်ထိုး )

၈။ ခနန်လူး = ခံလူး  ၉။ ခံတက် = ခတက် ( ဘိုးတော်စပ်ထိုး )

www.dhammaransi.com



( ၁၉ )။ ကြောင့် ဤပစ္စုပ္ပန်ဘဝနိုက်လည်း ခပ်သိမ်းသော ဘေးဒဏ် ရန်မာန်ဘယ အနိဋ္ဌ အပေါင်းတို့သည် ကင်းငြိမ်းစင်ကြယ် ပျောက်ပြယ်စင်လွင့်ခြင်း၊ ကာယသုခ၊ စိတ္တသုခဖြစ်

( ၂၀ )။ ရသော ရတနာမြတ်အပေါင်းနှင့်ပြည့်စုံခြင်း၊ အပြည်ပြည်ထောင်သော မင်းတို့ ကိုယ် ဘုန်းတော်တည်းဟူသောနေရောင်ဖြင့် လွှမ်းမိုးအစိုးရသည်ဖြစ်၍ သာသနာတော်မြတ်

( ၂၁ )။ စီးပွားကိုဝ်ဆောင်ရွက်ပြုစုရခြင်း၊ ကောင်းမြတ်သော အသက်ခန္ဓာ၏ မြင့်ရှည်စွာ တည်ခြင်း၊ ကောင်းသော အကျိုးနှင့်နှင့် ပြည့်စုံမ်သည်သာဖြစ်၍ သံသရာဘဝ

( ၂၂ )။ အဆက်ဆက်ဝယ် အပယ် ၄ ရပ်မှစ၍ အလိုမဟိအပ်သော အဖြစ်ဖြစ်ကိုဝ် တရံ တဆစ်မျှ မကြုံမတွေ့ရသည်ဖြစ်၍ လူဖြစ်သော်လည်း လူ့တကာ

( ၂၃ )။ တိုဝ့်ကိုဝ်အစိုးရသောမန္ဓာတ်စကြာမင်း၊ နတ်ဖြစ်သော်လည်း နတ်တကာတိုဝ့်ကိုဝ် အစိုဝ်းရသော သိကြားနတ်မင်းဖြစ်၍ သဗ္ဗညုတညာဏ်တော်၏ အကြောင်းဖြစ်

( ၂၄ )။ သော ပါရမီတော်ကိုဝ် ဖြည့်ဆောင်ရသည် ဖြစ်လိုဝ်သော၊ ဘဝကြီးငယ် ကျင်လည် ရာဝယ် ဇာတိသမ္ဘဝန္တောအဘိရူပေါ မဟိဒ္ဓိကော ပညဝန္တော မဟာပုညယသဿီကော

( ၂၅ )။ အပ္ပါဗာဓော အာယုဒီဃော ဘောဂဝန္တောစသော ကောင်းကျိုး အပေါင်းနှင့် အဆင့်ဆင့်မြင့်မြတ်သည်သာဖြစ်၍ ခပ်သိမ်းကုန်သော သတ္တဝါအပေါင်းတိုဝ်းအားချမ်းသာ

( ၂၆ )။ ပေးနိုင်သည်သာ ဖြစ်ရလိုဝ်သော်၊ အရိမိတ္တေယျရှင်တော်ဘုရားပွင့်တော်မူသောအခါ ဗျာဒိတ် တော်မြတ်တည်းဟူသော မဉ္ဇူသကပန်းကိုဝ် ပန်ဆင်ရ၍ လောကသုံးရပ်

( ၂၇ )။ နိုက် ကျင်လည်ကုန်သော သတ္တဝါအပေါင်းတိုဝ့်ကိုဝ် နိဗ္ဗာန်တည်းဟူသော သံသရာ ကမ်း တစ်ဘက်သိုဝ့် တင်ပိုဝ့်ရသည်ဖြစ်လိုဝ်သော၊ ဤကောင်းမှု၏အကျိုးကိုဝ်

( ၂၈ )။ ကျေးဇူးအထူးကြီးမြတ်တော်မူသောမယ်တော်ဘုရား ခမည်းတော်ဘုရား သားတော် သမီးတော် ညီတော် နမတော် မင်းမိဖုရား မောင်းမမိသံအခြွေအရံမှူးမတ် ဗိုလ်ပါသတ္တဝါအပေါင်း

( ၂၉ )။ တိုဝ့်မှစ၍ ဘုံမ်သုံမ်းထပ်၌ ကျင်လည်ကုန်သော လူနတ် ဗြဟ္မာသတ္တဝါ အပေါင်း တိုဝ့် အားအမျှဝေ၏ အမျှရစေသော၊ ဝေမာနိက ယမမင်းမှစ၍

( ၃၀ )။ ဝသုန္ဒရေ မြေစောင့်နတ်အားလည်း အမျှဝေ၏ အမျှရသည်ဖြစ်စေကုန်သတည်း။

www.dhammaransi.com



# ကျောက်စာလေ့လာချက်

" သော် တာ လ၊ ပင်းယတည် " ဟူသော ရာဇဝင် နိယံနှင့်အညီ သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ဝိဇယပူရမည်သော ပင်းယမြို့ကြီးကို စတင် တည်ထောင်တော်မူသော ပင်းယရွှေစည်းခုံ စေတီတော်ကြီး ဒါယကာ ဆင်ဖြူတစီးရှင် သီဟသူ၏ အမတ်ကြီးဦးပုညသည် သစ္စာအဓိဋ္ဌာန်ပြု၍ တည်ထားအပ်သော စစ်ကိုင်းမင်းဝံတောင်တန်းမှ ' ဖေား 'မည်သော တောင်ထိပ်ထက်ရှိ ပုညရှင်စေတီတော်မြတ်ကြီးအား တစီးရှင်သီဟသူ၊အသခ်ယာစောယွမ်းမင်းရဲကျော်စွာ စသောရှေးမင်းအဆက်ဆက်တို့ သည်ဆီမီးသင်ပုတ်ဝတ် ဖြစ်စိမ့်သောငှာ ဝတ်မိုးဝတ်မြေ အဖြစ်ဖြင့် မြောင်းစုံကြီးအနောက်မြောက်ထောင့် နိန္ဒင်းတော်ဖိုးမြေအပယ် ၁၀၀ ၊ ပွင့်သင်ရွာတွင် လက်လုပ် တော်မြေအပယ် ၁၀၀၊ နှစ်ရပ်ပေါင်း မြေတော်အပယ် ၂၀၀ လှူဒါန်းခဲ့သည်များကို သာသနာတော် ၂၃၁၇နှစ်၊ ကောဇာသက္ကရာဇ် ၁၁၃၅ ခုနှစ်ရောက်သောအခါ ရတနာပူရအဝမြို့တော်ကြီးကို တတိယအကြိမ်မြောက် တည်ထောင်ဖန်ဆင်းတော်မူသော အဝဆင်ဖြူရှင်မင်းတရားကြီးက ထိုရှေးမင်းတို့လှူဒါန်းခဲ့ရင်းအတိုင်း သာသနာငါးထောင်တိုင်အောင်တည်စေခြင်းငှာ ထပ်မံလှူဒါန်းတော်မူကြောင်းကို ရေးထိုး ထားခြင်းဖြစ်လေသည်။

ဝတ္ထုကံမြေများ၏ တည်ရာနှင့် အလားအလာ နယ်နမိတ်ကိုပြရာဆိုရာ၌ ပွင့်သင်ရွာ၊ ခန်(ခံ)လူး မြောင်း စသောအမည်များ ပါရှိနေသည်ကို ထောက်သဖြင့် ပုညရှင်စေတီတော်၏ ဝတ္ထုကံမြေများမှာ လယ်တွင်းတဆယ့်တစ်ရွာခေါ်သော ကျောက်ဆည်ခရိုင်အတွင်းမှာပင် တည်ရှိနေသည်ဟု ဆိုနိုင်ဖွယ်ရာ ရှိလေသည်။ ကျောက်စာပါ ' ခန်လူး 'မှာလယ်တွင်းတစ်ဆယ့်တစ်ရွာခေါ်သော မြစ်သားတဆယ့်တစ်ရွာ တွင်ပါဝင်နေ၍ ရှေးပုဂံခေတ်ကျောက်စာများ၌' ခံမှူ 'သို့မဟုတ်' ခမ်လှူ ခရိန် ' ဟုရေးထိုးခဲ့လေသည်။ ကျောက်ဆည်ခရိုင်က လယ်မြေများမှာ ပထမတန်းစားလယ်မြေများဖြစ်ကြ၍ မြေတန်ဘိုးလည်း အခြားနယ်များရှိ မြေများထက် နှစ်ဆ သုံးဆမျှ တန်ဖိုးမြင့်ခဲ့သည်ကို ပုဂံကျောက်စာများအရ သိရှိရပေသည်။

ပုညရှင်စေတီ ကျောက်စာမှာ ကျောက်စာဗျက် ၃ ပေ ၃ လက်မ၊ အမြင့် ၄ ပေ ၁၁ လက်မ၊ ထု ၆ လက်မခွဲ ရှိသော သဲကျောက်အညို ( ကျောက်တာကျောက် ) ပေါ်တွင် မန်ကျည်းစေ့ ကမ္ဘဝါစာ အက္ခရာမျိုးဖြစ်သော လေးထောင့်အက္ခရာဖြင့် ရှေးခေတ်ရေးထုံးအတိုင်း စာကြောင်းရေ ၃၀ ခန့်မျှရေးထိုးထားခြင်းဖြစ်လေသည်။ ဤသမိုင်းတွင် ကူးယူတင်ပြရာ၌ အဖတ်အရှုလွယ်ကူစေခြင်းငှာ ခေတ်သုံးအက္ခရာ၊ ခေတ်သုံးစာလုံးပေါင်းတို့ဖြင့် ပြောင်းလဲဖလှယ်ပြီးလျှင် ဖော်ပြထားပါသည်။ အင်းဝ

www.dhammaransi.com



တတိယခေတ်သုံး ရှေးဟောင်းမြန်မာစာပေသက်သက်မျှသာ ဖြစ်၍ အချို့ပုဂ္ဂိုလ်တို့ယူဆထားသကဲ့သို့ မွန်ဘာသာ၊ ယွန်းဘာသာတို့ဖြင့် ရေးထိုးခြင်းမဟုတ်ပေ။

ကျောက်စာရေးထိုးခဲ့သည့် ၁၁၃၅ ခုနှစ်မှ ရေတွက်လျှင် ယခုရောက်ဆဲ ၁၃၂၂ ခုနှစ်အထိ နှစ်ပေါင်း ၁၈၇ နှစ်ခန့်မျှ ကြာရှည်ခဲ့ပေပြီ။ သဲကျောက်ဖြစ်၍ နုနယ်ခြင်းနှင့် ကျောက်စာတန်ဘိုးကို မသိနားမလည်သူတို့၏ ပယောဂကြောင့် ကျောက်စာမှာ အတော်ပင်ပြုန်းတီးလျက်ရှိနေပေပြီ။အထူးသဖြင့် ကျောက်စာအပေါ်ပိုင်းဖြစ်သော ပဏာမ ၆ ဂါထာရေးထိုးထားသည့် စာကြောင်းရေ ၃ကြောင်းမှာ ပို၍ပင်ပျက်စီးနေပေသည်။ ထိုအထဲတွင် ကျောက်စာကို ပုထိုးစေတီအမှတ်ဖြင့် ထုံးသင်္ကန်း ကပ်သည့်သဖွယ် ထုံးများအထပ်ထပ် သုတ်လိမ်းထားပြန်သဖြင့် ကမ္ပည်းများမှေးမှိန် ပျောက်ကွယ်လုမတတ် ဖြစ်ကုန်တော့သည်။ထို့ကြောင့်လည်း ယင်းကျောက်စာကို ပြန်ဆိုထည့်သွင်းရာ၌ ယခင်အင်္ဂလိပ်ခေတ် ၁၉၀၀ ပြည့်နှစ်အတွင်းက အစိုးရပုံနှိပ်တိုက်မှ ပုံနှိပ်ထုတ်ဝေခဲ့သည့် * " အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ ' ခေါ် နောက်ဆက်တွဲ ကျောက်စာအုပ်ကြီး ပထမတွဲ ပါ ပုညရှင်ဘ ား ကျောက်စာနှင့် ညှိနှိုင်းတိုက်ဆိုင်ပြီးလျှင် မူရင်းကျောက်စာ၌ လုံးဝဖတ်မရသည်များကိုပါ ဖြည့်စွက်ထည့်သွင်းပေးခဲ့ရလေသည်။

## သတိပြုဖွယ်

ဤနေရာ၌ စေတနာကောင်းနှင့် တင်ပြလိုသည်မှာရှေးဟောင်း ကမ္ပည်း ကျောက်စာများသည် ဘုရားပုထိုးများအတွက် ခိုင်ခန့်ကောင်းမွန်လှသော မော်ကွန်းတိုင်များဖြစ်၍ သမိုင်းရေးရာနှင့်ပတ်သက်ပြီး မှန် မမှန် စစ်တမ်းထုတ်ကြရလျှင် ကျောက်စာများမှာရှေ့တန်းထား၍ တင်ပြကြရမည့် ယုံကြည်စိတ်ချလောက်သော သက်သေခံပစ္စည်းများဖြစ်ကြပေသည်။ ရှေးမင်းကောင်းမင်းမြတ်တို့သည်လည်း မိမိတို့၏ ကောင်းမှုတော်များကို သမိုင်းမော်ကွန်းအဖြစ် အရှည်တည်တွန်းပြီး ကျန်ရစ်စိမ့်သောငှာ အလွယ်တကူ ပျက်စီးလွယ်သော ပေ၊ပုရပိုက်တို့တွင်မရေးမတင်ကြပဲ ခိုင်ခန့်သောကျောက်ထက်တွင် အက္ခရာရေးတင်ခဲ့ကြခြင်း ဖြစ်လေသည်။ ယင်းသည်ကို နောက်ဆက်ခံသော ပုဂ္ဂိုလ်တို့သည် အလေးမူခြင်းမရှိပဲ လျှစ်လျူရှု သကဲ့သို့ပျက်ပျက်စီးစီးဖြစ်ထားကြလျှင်ပညာရှိတို့၏ အပြစ်တင်ခြင်းမှ ကင်းလွတ်နိုင်ဖွယ်ရာမရှိပေ။ရှေးမင်းကောင်းမင်းမြတ်တို့၏ ကောင်းမှုတော်ကျောက်စာတိုင်များကို အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက်

---

* INSCRIPTIONS COLLECTED IN UPPER BURMA. (1900)

www.dhammaransi.com



ထားသင့်ကြောင်းနှင့် ပတ်သက်၍လည်းသက္ကရာဇ် ၁၀၀၂ ခုနှစ်နယုန်လဆန်း ၅ ရက် နေ့ စွဲပြင့်သာလွန်မင်းတရားကြီးထံ ဆက်သွင်းသော တောင်ဖီလာဆရာတော် မေတ္တာစာတွင် . . .

" ပုညစေတီတော်သည် ရတနာပူရအဝမြို့ မပေါ်ထွန်းမီကပင် ဖြစ်သည်။ ။ဝတ္ထုကံမြေမှာ တစီးရှင်လက်ထက် စစ်ကိုင်းမြို့တည် ပထမမင်း ( အသခ်ယာစောယွမ်း ) သို့ အမိန့်တော်ပြန်၍ ကျောက်စာထိုး၍ စိုက်ထောင်သည်၊ သင်ပုတ်တော်ဝတ် ဆွမ်းတော်ချက်၊ ယိုးဒယားလေးမလျှသည့်အရာများမှာ ကျောက်စာရှိသည်။ ။ ရေမြေရှင်ထပ်၍ ရွှေမှမ်းမံတော်မူပါ။ ပုညစေတီကျောက်စာတိုင်မှစ၍ အရပ်ရပ်မြို့ရွာရှိ စေတီပုထိုးရုပ်ထုတော်များတွင် ရှေးရှေးသောအက္ခရာပျက်ယော်၊ ကွာသော်၊ ကျောက်စာတိုင်ပဲ့သော်၊ ကြေသော်၊ ယိုယွင်းသော်၊ ယိမ်းဖည်သော် ကောင်းမွန်အောင် အက္ခရာစသော သဝေတစ်လုံးမကျရအောင် စီရင်တော်မူ၍ ကျောက်စာထိုးခြင်း၊ ကျောက်စာတိုင်စိုက်ခြင်း၊ ကျောက်စာတိုင်စိုက်သောအခါ ရွှေကရားဖြင့်ထပ်လှူတော်မူ၍ မဟာပထဝီမြေသို့ ရေစက်တော်ချတော်မူခြင်း စသော မဟာကုသိုလ်စေတနာတော်ကို လုံ့လပြုသင့်သည် မဟာဓမ္မရာဇ် " ဟူ၍ တိုက်တွန်းတော်မူချက်ရှိပေသည်။

ဤတောင်ဖီလာဆရာတော် မေတ္တာစာအရ တစီးရှင်သီဟသူ၏ ဝတ္ထုကံမြေလှူကြောင်း ပုညစေတီကျောက်စာမှာ ရှေးအကျဆုံးဖြစ်ဖွယ်ရာရှိသည်။ ထို့နောက် ၁၁၄၇ ခုနှစ်တွင် ရေးထိုးခဲ့သော အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီး၏ ပုညစေတီ စပ်ထိုးကျောက်စာအရ သက္ကရာဇ် ၉၅၂ ခု ရက်စွဲနှင့် အဝမင်းရဲကျော်စွာ၏ ပုညစေတီမူလထိုး ကျောက်စာတစ်ချပ်လည်းရှိရပေဦးမည်။ ထို့ပြင် တောင်ဖီလာဆရာတော်ဘုရား၏ မေတ္တာရပ်ခံချက်အရ သက္ကရာဇ် ၁၀၀၂ ခု၊ ၁၀၀၃ ခု ဆီလောက်တွင် ရေးထိုးကောင်းရေးထိုးခဲ့မည့် သာလွန်မင်းတရားကြီး၏ ပုညစေတီကျောက်စာလည်း ရှိမည်ဆိုကရှိနိုင်လောက်ပေသည်။ သို့ရာတွင် ယခုမျက်မြင်မှာ ပုညရှင်စေတီတော်ရင်ပြင်တွင် စိုက်ထူထားသည့် တစ်ချပ်တည်းသော အဝဆင်ဖြူရှင်၏ ၁၁၃၅ ခုနှစ်ထိုး ပုညစေတီကျောက်စာသာလျှင် မူလထိုးကျောက်စာအဖြစ်ဖြင့် ကြွင်းကျန်ရစ်တော့သည်။ အဝမင်းရဲကျော်စွာ ကျောက်စာမှာလည်း မူရင်းကျောက်စာဟူ၍ မတွေ့ရတော့ပဲယင်းကျောက်စာမှ ကောက်နုတ်ချက်ဖြစ်သော ဘိုးတော်စပ်ထိုး ကျောက်စာသာလျှင် တွေ့ရတော့သည်။ ယင်းဘိုးတော်ဘုရား၏ ပုညစေတီစပ်ထိုးကျောက်စာမှာလည်းပုညရှင်ဘုရားပေါ်တွင် ရှိသည်မဟုတ်ပဲ မန္တလေးမဟာမုနိဘုရားအတွင်း၌သာ ရှိနေပေသည်။ တစီးရှင်သီဟသူ၏ မူလကျောက်စာဟောင်းကိုမူကား လုံဝပင်ရှာမတွေ့ရတော့ပေ။ ယင်းသို့ ပုညစေတီကျောက်စာဟောင်းများ ပျောက်ပျက်လျှက်ရှိရာ၌ တစ်ချပ်တည်းသာကျန်တော့သည့် အဝဆင်ဖြူရှင် ပုညစေတီကျောက်စာကို

www.dhammaransi.com



တန်ဖိုးမဖြတ်နိုင်သည့် ပစ္စည်းဟောင်းတစ်ရပ်အနေနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက ထိန်းသိမ်းစောင့်ရှောက်ထားသင့်ကြပေသည်။

ထိုကိစ္စ၊ထိုတာဝန်များမှာယခုအခါပုညရှင်စေတီတော်ကြီး၏တိုးတက်ရာတိုးတက်ကြောင်းများကို အဖက်ဖက်မှနေ၍ စနစ်တကျဆောင်ရွက်လျက်ရှိကြသော ပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ဝင် ဆရာတော် သံဃာတော်များနှင့် လူပုဂ္ဂိုလ်ဖြစ်သော ဂေါပကအဖွဲ့ဝင်များအပေါ် လုံးဝကျရောက်လျက်ရှိနေပေသည်။ သို့ဖြစ်၍ နှစ်ပေါင်းမြောက်မြားစွာက အမိုးအကာမရှိ ဟင်းလင်းပြင်တွင် လေဒဏ် မိုးဒဏ် နေဒဏ်တို့ကိုမပြတ်ခံခဲ့ရ၍ ပျက်စီးရွေ့လျောခြင်းဘက်သို့ ရှေ့ရှုနေပြီဖြစ်သောအဝဆင်ဖြူရှင်၏ ပုညစေတီကျောက်စာကြီးကို ယုံ့ထက်တိုး၍ မပျက်စီးစေခြင်းငှာ သင့်လျော်ရာတစ်နေရာတွင် အုတ်ဂူဖြင့်ထား၍လည်းကောင်း၊ ဘိုးတော်ဘုရင် ဆောင်ရွက်တော်မူခဲ့သည့်နည်းအတိုင်း ရှေးအက္ခရာမှ ခေတ်သုံးအက္ခရာသို့ ပြောင်းလဲပြီး ကျောက်စာသစ်ထိုး၍လည်းကောင်း အချိန်မီထိန်းသိမ်းစောင့်ရှောက်ထားသင့်ကြပေသည်။ ။ * ကျောက်စာသည် မီးမလောင်နိုင်သော နောင်အရှည်တည်တွန်းနေရစ်မည့် သမိုင်းတစ်စောင်ပင်ဖြစ်လေသည်။

ဤသည်မှာ ပုညစေတီတော်သမိုင်းတွင် ပထမကဏ္ဍအဖြစ်ဖြင့် ရှေးဦးစွာတင်ပြလိုက်သော ပုညရှင်ကျောက်စာ လေ့လာတင်ပြချက်ဖြစ်ပေသည်။

---

* ပုညရှင်ကျောက်စာကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ပေးရေးအတွက် မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနရုံးသို့ သံဃာ့အဖွဲ့ကြီးက မေတ္တာရပ်ခံချက်အရ ယင်းဌာနမှယင်းတို့စရိတ်ဖြင့် ကျောက်စာရုံတစ်ခု ဆောက်လုပ်ပေးကြပါသည်။

www.dhammaransi.com



## အခန်း ( ၂ )

# ပုညရှင်တည်ရာနှင့် နောက်ခံသမိုင်းကြောင်း သာသနာ့နယ်မြေ စစ်ကိုင်းတောင်

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ သာသနာ့နယ်မြေများအဖြစ်ဖြင့် ကျိုက်ထီးရိုး၊ မန်းစက်တော်၊ ဖိုးဝန်းတောင်၊ စစ်ကိုင်းတောင်၊ မန္တလေးတောင်စသည်တို့ကို အသိအမှတ်ပြုထားကြရာ စစ်ကိုင်းတောင်ရိုးကြီး၏ အမည်ဂုဏ်သတင်းကျော်စောခြင်းသည် ကျိုက်ထီးရိုးစသော ဌာနကြီးများရရှိထားသည့် အဆင့်အတန်းမျိုးထက်မယုတ်လျော့လှပေ။ ကျိုက်ထီးရိုးစသောဌာနကြီးများ၏ အမည်ဂုဏ်သတင်း ကျော်စောခြင်းသည် ထက်အောက်မြန်မာနိုင်ငံတွင် ပျံ့နှံ့နေသကဲ့သို့ စစ်ကိုင်းတောင်ရိုးကြီး၏ အမည်ဂုဏ်သတင်း ကျော်စောခြင်းမှာလည်း ထက်အောက်မြန်မာနိုင်ငံတွင်သာမက ရှမ်းပြည်ရှမ်းရွာများပါမကျန် ပျံ့နှံ့လျက်ရှိနေပေသည်။ ပျံ့နှံ့သည်မှကျိုက်ထီးရိုးစသည်တို့ကဲ့သို့ အခါရာသီအလိုက်သာ မဟုတ်မူ၍ တစ်ဆယ့်နှစ်လလုံးလိုလို စစ်ကိုင်းတောင်ရိုးတွင် ဘုရားဖူးများဖြင့် မပြတ်စည်ကားနေခြင်းဖြင့် ပျံ့နှံ့ပုံအခြင်းအရာကို သိနိုင်လောက်ပေသည်။ ဝါတွင်းဆိုလျှင် စစ်ကိုင်းတောင်ပေါ်ဘုရားများ၏ ဝါစဉ်ဘုရားပွဲတော်များဖြင့် သီတင်းစဉ်မပြတ်စည်ကား လျက်ရှိ၍ ဝါခေါင်လ တောင်ပြုံးနတ်ပွဲ အခါတိုင်ရောက်လျှင်လည်း အောက်မြို့အောက်ရွာမှ ဘုရားဖူးများ

www.dhammaransi.com



ဖြင့်စစ်ကိုင်းတောင်ရိုးကို အထူးစည်ကား သိုက်မြိုက်စေတော့သည်။ တဖန် တော်သလင်းလ တန်ခိုးကြီး ပတ္တမြားစေတီ ပွဲတော်ရက်တွင် ဘုရားပွဲနှင့် ဆန်လှူပွဲပြိုင်ကြ၍လည်းကောင်း၊ တန်ဆောင်မုန်းလ ကထိန်ခေတ်ကျပြန်တော့လည်း ကထိန်ခင်းစရာသည် စစ်ကိုင်းတောင်တစ်ခုတည်းသာ ရှိနေဘိသကဲ့သို့ လည်းကောင်း၊ စစ်ကိုင်း၊ မန္တလေး၊ အမရပူရမြို့များမှ ကထိန်ရှိရှိသမျှလောက်သည် စစ်ကိုင်းတောင်သို့ ရောက်ကုန်လာတော့သည်။ ထိုအခါ စစ်ကိုင်းတောင်ရိုးကြီး တစ်ခုလုံးမှာ ကထိန်ခင်းလာသူတို့ဖြင့် ဖုံးလွှမ်းလုမတတ်ရှိနေပေသည်။ တပို့တွဲလတွင်မူကား တောင်ပေါ်ကုန်းမြင့်သားများ၏ အခါပွဲတော်ရက် သက်သက်ဟု ဆိုရမလောက်ဖြစ်နေပေသည်။ ဤသို့သာလျှင် နှစ်တစ်ပတ်လည်၍ နောက်နှစ်နောက်နှစ် များသို့ ရောက်လာပြန်လျှင်လည်း ပြီးခဲ့သည့်နှစ်များကအတိုင်းပင် ဘုရားဖူးများ သူ့အချိန်အခါနှင့်သူ ရောက်လာပြန်တော့သည်။ ဤသည်မှာ အထူးပေါ်လွင်ထင်ရှားသော အခါလိုက်စည်ကားခြင်းမျိုးဖြစ်၍ ကြားကာလတွင်လည်း စစ်ကိုင်းတောင်ရိုးတွင် ဘုရားဖူးများ ပြတ်သည်ဟူ၍မရှိတော့ပေ။

## ပဋိရူပဒေသ စက်ရသော စစ်ကိုင်းတောင်

ဤနေရာ၌ သူ့အခါရာသီအလိုက်သာ ဘုရားဖူးများ တစ်ကြိမ်တည်း စုပြုံရောက်ရှိလာပြီး စည်ကားနိုင်သော ကျိုက်ထီးရိုး၊ မန်းစက်တော်စသောဌာနများထက် စစ်ကိုင်းတောင်ရိုးက သာလွန်နေ သည်ဟု ဆိုရပေမည်။ အပြိုင်အဆိုင် ယှဉ်ပြိုင်သည့်သဘောမျိုးမဟုတ်ပဲ နှိုင်းယှဉ်ကြည့်သည့်အနေဖြင့် ယှဉ်ကြည့်မည်ဆိုလျှင် သာသနာတော်၏ အမြစ်အရင်းကျပုံချင်း တူသည်ထား ပဋိရူပဒေစက်အားဖြင့် စစ်ကိုင်းတောင်ဒေသက သာလွန်နေသည်ကိုတွေ့ရပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မြေပုံကိုဖြန့်ကြည့်မည်ဆိုလျှင် စစ်ကိုင်းတောင်အရပ်သည် နိုင်ငံ၏ အလယ်ဗဟိုနီးနီး ကျနေရုံမျှမက မြန်မာနိုင်ငံ၏ သဘာဝကပေးထားသည့် တစ်သွယ်တည်းသော ရေကြောင်း ခရီးမကြီးဖြစ်သည့် ဧရာဝတီမြစ်ကြီးကလည်း စစ်ကိုင်းတောင်တန်းကြီး၏ အရှေ့ဘက် အခြေမှကပ်ပြီး စစ်ကိုင်းမြို့ကိုရစ်ဝိုက်ကာ စီးဆင်းလျက်ရှိနေခြင်းနှင့် ကုန်းလမ်းဖြစ်သည့်မီးရထားလမ်းနှင့် ကားလမ်းအသွယ်သွယ်တို့ကလည်း အင်းဝတံတားကြီးမှတဆင့် စစ်ကိုင်းမြို့တွင်းကိုဖြတ်ကာ စစ်ကိုင်း တောင်ခြေကိုဦးတိုက်လျက်ရှိနေပေသည်။

ငှက်၊ လှေ၊ သမ္ဗန်၊ မော်တော်၊ သင်္ဘောကြီးငယ်စသည်များသည်စစ်ကိုင်းတောင်၏အရှေ့ဘက် ကမ်းခြေတလျှောက်မှ အလိုရှိရာစခန်းများတွင် ဝင်ရောက်ဆိုက်ကပ်နိုင်သကဲ့သို့၊ ကုန်းလမ်းဘက်မှလည်း

www.dhammaransi.com

မော်တော်ယာဉ်ကြီးငယ်များသည် စစ်ကိုင်းတောင်ခြေ စခန်းများတွင်သာမက ပတ္တမြားစေတီနှင့် ပုညရှင်စေတီတော်တည်ရှိရာ တောင်ထိပ်တောင်များများသို့ပင် ကားလမ်းအသွယ်သွယ် ဖောက်လုပ်ထားပြီးဖြစ်၍ စစ်ကိုင်းတောင်ပေါ်သို့ရောက်အောင် ကားနှင့်တစ်ပါတည်း တက်ရောက်နိုင်ကြပေပြီ။

ဤသို့ စခန်းအသွယ်သွယ်တို့သည်စစ်ကိုင်းမြို့ကိုခြတ်၍စစ်ကိုင်းတောင်ရိုးကြီးတွင် ဦးတိုက်လျက်ရှိနေခြင်းသည်ပင် စစ်ကိုင်းတောင်သို့ ဘုရားဖူးများ ဥဒဟိုရောက်ရှိလာနိုင်စေခြင်း၏ အကြောင်းရင်းဖြစ်တော့သည်။ ကျိုက်ထီးရိုး၊ မန်းစက်တော်ရသည့် ဌာနများသို့ ဘုရားဖူးများ အစါရာသီစောင့်ကာ ချိန်ရွယ်ပြီး သွားနေရသေးသည့်အချိန်မျိုးတွင် စခန်းလမ်းပန်းသာယာသော စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးများ အချိန်အခါရာသီမရွေး ချိန်ရွယ်ရန်မလို၊ အလိုရှိသည့်အချိန်တွင် အလိုရှိသလို တဖွဲဖွဲ လာရောက်နိုင်ကြပေသည်။ ဤသည်မှာ သဘာဝကပေးထားသည့် အခွင့်အရေးကြီးတစ်ရပ်ကို စစ်ကိုင်းတောင်က အထူးရရှိထားခြင်းပင်ဖြစ်လေသည်တစ်နည်းအားဖြင့် ပဋိရူပဒေသစက်ကိုစစ်ကိုင်းတောင်ရိုးက ကောင်းစွာရရှိထားခြင်းပင်ဖြစ်သည်ဟု ဆိုရမည့်ဖြစ်လေသည်။

## သမိုင်းနောက်ခံ

ယင်းသို့သော သဘာဝကပေးထားသည့် အခွင့်အရေးထူးများအပြင် ရာဇဝင်ကြောင်း သမိုင်းပေါင်း နောက်ခံအနေကလည်း စစ်ကိုင်းတောင်ရိုးကြီး၏ ဂုဏ်သတင်းကျော်စောခြင်းကို ကျော်စောသည်ထက်ကျော်စောပြီး ပွံ့နှံ့သည်ထက် ပွံ့နှံ့စေပေသေးသည်။ ယင်းသည်မှာ မြတ်စွာဘုရားသခင်သည် ကျိုက်ထီးရိုး၊ မန်းစက်တော် စသည်တို့ကဲ့သို့ စစ်ကိုင်းတောင်သို့လည်း ဝါတော် ၂၀ ကျော် အခါကပင် ကြွရောက်တော်မူလာပြီးလျှင် စစ်ကိုင်းတောင်ရိုးမှ ဌာနကြီးအသီးသီးတို့ကို ဗျာဒိတ်တော် ထားတော်မူခဲ့ခြင်းပင်ဖြစ်လေသည်။ ဘုရားရှင်တို့မည်သည်လည်း အနာဂတံသဉာဏ်တော်မြတ်ဖြင့် မပြတ်ရှုကြည့်တော်မူပြီးမှ နောင်အခါ သာသနာတော်တည်ထွန်းပြီး သာသနာတော် စည်ပင်ပွံ့ပွားမည့်ဒေသသို့သာ ဒေသစာရီကြွချီတော်မူလာမြဲဖြစ်လေသည်။ ယင်းသို့ဘုရားရှင်ကိုယ်တော်တိုင် သာသနာ့အောင်မြေအဖြစ်ဖြင့် အောင်မြေနင်းတော်မူခဲ့သော တောင်ထူးတောင်မြတ် ဖြစ်၍လည်း ခေတ်မွေ့သရီအဆူဆူတို့ ကိန်းဝပ်ရာ ဈေးဈေးဖြူသော စေတီ အဆူဆူတို့သည်လည်း သူမတူအောင်ပေါ်များလှပေရာ စစ်ကိုင်းတောင် မျှိုင်း ကောင်းနင့်တူသလေး " ဟူ၍ပင် တဖွဲ့ထားရပေသည်။

www.dhammaransi.com


ထိုအဆူဆူသောစေတီတော်ပြပ်များနှင့်အတူ ရဟန်းတော်တို့ သီတင်း သုံးရာ ကျောင်းများနှ သိမ်ဘင်းသည်သီလရှင်တို့၏ချောင်များကလည်းစစ်ကိုင်းတောင်ကို ကွက်လပ်မရှိအောင် ဖုံးအုပ်လုမတတ်ပေ ပေါများလှပေသည်။ယင်းသည့်ရှုခင်းကိုစစ်ကိုင်းတောင်ရိုးကြီးတွင် အရှေ့ဘက်နှင့် တောင်ဘက်မျက်နှာစ အထူးသဖြင့် ပုညရှင်စေတီတော်ကြီး၏ စောင်းတန်းအသွယ်သွယ်တို့တွင် တွေ့မြင် နိုင်ပေသည် ယင်းသို့သော သာသနာ့ဗိမာန်ဆောင် သာသနာ့ရှုတန်ဆောင် ဖြစ်ကြသော ကျောင်းကန်၊ ဘုရာ ပုထိုး၊ ဂူ၊ ဥမင်တို့မှာလည်း ယခုခေတ်ကျမှ ရုတ်တရက် ပေါ်ပေါက်လာရခြင်းမျိုး မဟုတ်ပဲ ရာဇဝင်နှင့်ချီပြီး ရှေးကျလှသည့် ခေတ်ဟောင်းအခါကပင် ရှိနှင့်ပြီးဖြစ်၍ စစ်ကိုင်းတောင်ရိုးကြီးကို သာသနာ့နယ်မြေ အဖြစ်ဖြင့် အသိအမှတ်ပြုခဲ့သော အစဉ်အလာသည် ရှေးကျလှပြီဟု ဆိုရမည်ဖြစ် လေသည်။ ယနေ့ စစ်ကိုင်းတောင်ရိုးတွင် ချောင်ပေါင်း ၅၀၀ ကျော်မျှ ရှိနေခြင်းဖြင့် စစ်ကိုင်းတောင်၏ သာသနာရောင်သည် ရှေ့သို့ တိုးတက်ထွန်းပြောင်လျက် ရှိနေဆဲဖြစ်ကြောင်း ခန့်မှန်းနိုင်ဖွယ်ရာပင် ဖြစ်လေသည်။ စင်စစ်အားဖြင့် စစ်ကိုင်းတောင်ရိုးကြီးကို အများက စိတ်ဝင်စားပြီး အသိအမှတ်ပြုလာကြ ရသည်မှာလည်း စစ်ကိုင်းတောင်၏ တောနှင့်တောင်နှင့် မြစ်နှင့်ကမ်းစပ်နှင့် ပဏာရမှု သဘာဝရှုခင် ရှုကွက် တစ်ခုကောင်းအနေဖြင့်သာ မဟုတ်မူ၍ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သမိုင်းနောက်ခံကလည်း သာသနာ့နယ်မြေ အဖြစ်ဖြင့် ခေတ်အဆက်ဆက်က အသိအမှတ်ပြုလာခဲ့ခြင်းများကြောင့် ကျော်ကြား ခြင်း ဖြစ်သည်ဟု ဆိုရမည်ဖြစ်လေသည်။

ယခုအခါ စစ်ကိုင်းတောင်တွင် ချောင် ဟူသော အမည် ပညတ်မှ ကျောင်းတိုက်ဟူ၍ တဆင့် မြင့်ပြီး ခေါ်ဝေါ် ပညတ်ရသည့် တိုက်တာအုပ်စုများ ပေါ်ပေါက်လာသည်နှင့်အမျှ ကျောင်းဆောင်များက လည်း နတ်ဗိမာန်တမျှ ခမ်းနားသိုက်မြိုက်လှပေသည်။ ကျောင်းကန်များ တိုးတက်လာသည်နှင့်အတူ အဆူဆူသော ရှေးဟောင်းဘုရားပုထိုးများဘက်ကလည်း ဝမ်းမြောက်ဖွယ်ရာ တိုးတက်လာခဲ့ကြပေသည် ရှေးယခင်က ဘုရားဖူးများ အာရုံပြုကောင်းမှုပြုခဲ့ကြမည်ဖြစ်သော ရှေးဟောင်းဘုရားပုထိုးများပင် ယနေ့ အဖို့ရာ၌ ရွှေရောင် မှန်ရောင် လျှပ်စစ်ဓါတ်မီးရောင်တို့ဖြင့် တောက်ပြောင်ဝင်းထိန်လျက် ရှိနေကြပေပြီ။ တစ်ဦးချင်းတတ်နိုင်သူများက ကျောင်းတိုက်ကြီးများကို နတ်ဗိမာန်တမျှ ထင်ရလောက်အောင် ဆောက် လုပ်၍ ကုသိုလ်ပြုနေကြစဉ် စစ်ကိုင်းတောင်တန်းတလျှောက်မှ စေတီဟောင်းအဆူဆူတို့မှာလည်း စေတီ တော်ပြုပြင်စောင့်ရှောက်ရေး သံဃာ့အဖွဲ့အသီးသီးတို့၏ ဦးဆောင်ပေးမှုကြောင့် တောင်ရိုးသို့ ဘုရားဖူး ရောက်လာသမျှ လူတိုင်းကပင် သမဝါယမစနစ်ဖြင့် စုပေါင်းပြင်ဆင်နိုင်ကြပေသည်။ ယင်းသို့လျှင် စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးရောက်ကြရင်း အများနှင့်စုပေါင်းပြီး ဘုရားဒါယကာ ၊ကျောင်းဒါယကာ

www.dhammaransi.com



ထန်ဆောင်းဒါယကာ စသည်များကို ခံယူနိုင်ကြပေသည်။ ပုညရှင် ၊ ဥမင် ၃၀ ၊ ဥမင် ၆၀ ၊ ပတ္တမြား စေတီ စသည်တို့မှာ တောင်ရိုးသို့ရောက်လာသူများ၏ သမဝါယမ စနစ်ဖြင့် စုပေါင်းကုသိုလ်ပြုရာ ဌာန ကြီးများပင်ဖြစ်လေသည်။ ယင်းသို့ စစ်ကိုင်းတောင်ရိုးသို့ ဘုရားဖူးလာ‌ေ ကျောင်းဒါယကာ၊ ဘုရား ဒါယကာ၊ တန်ဆောင်း ဒါယကာ စသည်များ ခံယူနိုင်ခွင့်ရှိအောင် နိဗ္ဗာန်ဘုံခါးများ အမြဲတမ်း ဖွင့်နေ သည်ကလည်း စစ်ကိုင် ‌တောင်၏ ထူးခြားချက်နှင့် ဂုဏ်ယူဖွယ်ရာ အချက်တစ်ရပ် ဖြစ်ပေသည်။

## စစ်ကိုင်းတောင်၏ ကိုယ်စားပြုရာ ပုညရှင်တောင်

ဤသို့သော ဂုဏ်ထူးဝိသေ သတို့နှင့် ပြည့်စုံသော စစ်ကိုင်းတောင်ကြီးတွ ် ပုညရှင်တောင် သည် တစ်တောင်အပါအဝင်ဖြစ်လေသည်။ စင်စစ်အားဖြင့် တောင်ပေါင်း ၃၀ ကျော်ရှိသည့်အနက် ပုညရှင်တောင် တစ်တောင်တည်းကပင် စစ်ကိုင်းတောင်၏ ကိုယ်စားပြုရာကဲ့သို့ . စစ်ကိုင်းတောင်ဆိုလျှင် ပုညရှင်တောင်ပါ ပါဝင်ပြီးဖြစ်၍ ပုညရှင်‌ောင်ဆိုလျှင်လည်း စစ်ကိုင်းတောင်ကိုပင် ရည်ညွှန်းပြီး ခေါ်ဆိုကြောင်း အများနားလည်ကြပြီး ဖြစ်လေသည်။ ဤသို့သောသဘောတရားရေးရာဖြင့်သာလျှင် ပုညရှင်တောင်သည် စစ်ကိုင်းတောင်ကြီးကို ရှေ့ဆောင်ရှိနေသည်မဟုတ်သေး၊ တည်နေပုံ ရှုခင်း ရှုကွက် အားဖြင့်လည်း ရှေ့ဆောင်လျက်ပင် ရှိနေပေသည်။ များသောအားဖြင့် စစ်ကိုင်းတောင်ဘက်သို့ ကူးလာကြရာ၌ ဧရာဝတီမြစ်တွင်းမှဖြစ်စေ၊ သို့မဟုတ် စစ်ကိုင်း‌‌‌‌ေ‌ာင်ကြီးအပေါ်မှဖြစ်စေ ယာဉ်အမျိုးမျိုး တို့ဖြင့် ကူးလာခဲ့ကြခြင်းဖြစ်လေသည်။ ယင်းသို့ကူးလာကြရာ၌ ဧရာဝတီမြစ်တွင်း တစ်နေရာရာမှဖြစ်စေ သို့မဟုတ် ထို့ထက်အတန်ငယ်ဝေးပြီး အောက်နားကျသော စစ်ကိုင်းတံတားပေါ်မှဖြစ်စေ စစ်ကိုင်း တောင်ကို ရှုမျှော်ကြည့်လိုက်ကြမည်ဆိုလျှင် အမည်အသီးသီးဖြင့် ရှိနေကြသော စစ်ကိုင်းတောင်အားလုံး တို့တွင် ပုညရှင်တောင်သည် ရှေ့တန်းမျက်နှာစာက အပေါ်လွင်ဆုံး အမြင်သာဆုံးဖြစ်နေသည်ကို လူတိုင်းပင် မြင်တွေ့ခဲ့ဖူးကြမည်ဖြစ်လေသည်။ ယင်းသို့သော ရှုခင်းမျိုးကို ကျွန်ုပ်တို့ခေတ် လူများသာ ‌ဟုတ်၊ ရှေးအင်းဝခေတ် ကောင်းစားစဉ်အခါကပင် အကျော်အမော်ဖြစ်ကြသော စာဆိုတော်ကြီး များကလည်း ရှုခဲ့ မြင်ခဲ့ကြဖူးလေသည်။ ယင်းတို့ရှုမြင်ခဲ့ကြပုံကို အောက်ပါ ကဗျာကောက်နုတ်ချက် တစ်ချို့ဖြင့် တင်ပြလိုပေသည်။

www.dhammaransi.com

### ဟံသာဝတီရောက် မင်းတရားကြီး၏

### တမ်းချင်းကဗျာမှ ပုညရှင် တည်ရှိနေပုံ

သက္ကရာဇ် ၁၁၁၃ ခုနှစ် ဟံသာဝတီနေပြည်တော်သို့ လိုက်ပါသွားရရှာသော စာဆိုဘုရင်တစ်ဦးဖြစ်သည့် ဟံသာဝတီရောက် မင်းတရားကြီးသည် စစ်ကိုင်းဘက်မှ ဘုရားပုထိုးများကို လွမ်းဆွတ်တ သ အမှတ်ရသည့်အနေဖြင့် တမ်းချင်းကဗျာ ဖွဲ့ဆိုရာတွင် ....

" စစ်ကိုင်းဓေယျာ ၊ ပုရမှာဝယ် ၊ တောင်သာ ပတ်ချိတ် ၊ တောင်ထိပ်တောင်ထွတ် ၊ ပတ်ရရတ်တည့် ၊ သွယ်ပတ်ယှက်ကျုး ၊ ပြုံးရရွှးသား ၊ တောင်ဦးတောင်စဉ် ၊ တောင်လျဉ် တောင်ဇှမ်း ၊ မြရောင်လျှမ်းလျှက် ....

ရှင်ဝမ်းဆွတ်မျှ - ပုညစေတီ

တိမ်ဆီတမျှ - ပတ္တမြားစေတီ

တောင်ဆီတူရှ - ရှင်ဖြူရှင်လှ " ။ ။ ဟူ၍ အမည်အသီးသီးနှင့် ရှိကြသော စစ်ကိုင်းတောင်တို့တွင် ပုညရှင်ဘုရားနှင့် ပုညရှင်တောင်ကို ရှေ့တန်းထား၍ ရှုမြင်ရပုံကို စပ်ဆိုပေါ်ပြထားလေသည်။

## စာဆိုတော် စေယျရဋ္ဌမိတ်၏ ပုညရှင်အမြင်

တဖန် ကျွန်ုပ်တို့ခေတ်မှ နောက်သို့ပြန်လှည့်၍ ရေတွက်ကြည့်လျှင် အနှစ် ၄၀၀ ခန့်မျှကြာရှည် ခဲ့ပြီဖြစ်သော အင်းဝညောင်ရမ်းဆက်ခေတ်မှ အနောက်ဘက်လွန်မင်းတရား ( သက္ကရာဇ် ၉၆၇ - ၉၉၀ ) လက်ထက်တွင် ထင်ရှားသော စာဆိုတော်တစ်ဦးဖြစ်သည့် မင်းစေယျရဋ္ဌမိတ် ကလည်း အင်းဝမြို့တော်မှ စစ်ကိုင်းတောင်ဆီသို့ ရှုမြင်ရပုံကို

" ခုနစ်ခွဲလျှင်၊ ရေနှင့်တောင်ထပ်၊ ချပ်၍ပက်သား၊ ရံပြတ်ငါးတန့်၊ မြင်းမိုရ်ညွန့်ဝယ်၊ ပတ်ဖြန့်ပြောင်ရှန်း၊ ဝေယန်ထွန်းသို့၊ ရွှေနန်းရွှေဘုံ၊ ရစ်ဆုံသီတာ၊ မကွရာနှင့်၊ စမွါပန်းလောင်၊ ယင်ပေါင်တဆင်း၊ ပြည့်တင်းဇရာ၊ အညာဆန်တက်၊ ကြက်ယက်နှစ်တောင်၊ မြတ် မောင်နှမ၊ ပုညတောင်စွန်း၊ သွန်းရရွှန်းတိ " ဟူ၍ ဇရာဝတီမြစ်ကို ဖြတ်ကျော်ပြီး ပုညစေတီတည်ရှိရာ ပုညရှင်တောင်စွန်းကို လှမ်းမြင်ရပုံ စပ်ဆိုပေါ်ပြထားလေသည်။

www.dhammaransi.com

# တဆိုတော် ရှင်ထွေးနာသိန်နှင့်ပုညရှင်

သက္ကရာဇ် ၉၄၀ – ၉၆၇ ခုနှစ်အတွင်း၌ တဆိုတော် ရှင်ထွေးနာသိန် တောင်ငူမြို့မှနေ၍ အဝမြို့ကို လှမ်းချော်တသပုံ ဖွဲ့ဆိုသော ရတုပိုဒ်စုံတွင်လည်း .....

" နတ်တော်ထန်း၍၊ လျှံထွန်းရောင်ဝါ၊ သူရိယာလျှင်၊ အဝါမမှု၊ အဖြူအနီ၊ စုံစီခြယ်လှင်၊ ပြင်ထပ်တွင်၍၊ နေဝင်မြင်သည်၊ ဝရှေပြည်ကား၊ ဆီးရိစပ်ချုပ်၊ မှိုင်းအုပ်ပျပျ၊ ပုညတောင်ဆီ၊ ရည်လျက်မလင်း၊ မဝင်းဆို့မှိုင်း၊ စစ်ကိုင်းတဘက်၊ သန်လျက်ပေါ်ထွန်း၊ ကျွန်းများတဲ့ခွန်၊ နန်းဗိမာန်မှာ၊ လေသွန်ဖြည့်လှည့်လိမ့်တကား ။ ။ " ဟူ၍ ညနေဆည်းဆာတွင် ပုညရှင်တောင်ကို အဝဘက်မှ လှမ်းမြင်ရပုံ စပ်ဆိုထားလေသည်။

ဤမျှလောက်သော ကဗျာ ကောက်နုတ်ချက်တို့ဖြင့် ပုညရှင်တောင်သည် တဆိုတော်ကြီးများ တဖွဲ့ဆိုချင်လောက်အောင် စစ်ကိုင်းတောင်တွင် ပေါ်လွင်ထင်ရှား ခမ်းနားသိုက်မြိုက် တင့်တယ်ဆေဆာစွာ တည်ရှိနေပုံကို ယခု ကျွန်ုပ်တို့ အမြင်နှင့်ဟပ်၍ သိမြင်နိုင်လောက်ကြပေသည်။

## ဘုရားရှင် ၄ ဆူ တော်တို့လက်ထက်မှ ပုညရှင်တောင်

၄င်းပုညရှင်တောင်သည်

(၁)။ ကကုသန် ဘုရားရှင် လက်ထက်တော်၌ သေလာပဗ္ဗတောင်

(၂)။ ကောဏာဂုံ ဘုရားရှင် လက်ထက်တော်၌ ဝဂ်စာရတောင်

(၃)။ ကဿပဘုရားရှင် လက်ထက်တော်၌ ဓမ္မိကတောင်

(၄)။ ကျွန်ုပ်တို့ ဂေါတမဘုရားရှင် လက်ထက်တော်၌ ရဟန္တာ နာဂဒတ္တမထေရ် နေဖူးသောကြောင့် နာဂဒတ္တတောင်၊ ၄င်းနောက် ဖောားတောင်တွင်၍ ကာလရွှေလျှင် ပုညအမတ်၏ စေတီတော်ကိုစွဲ၍ ပုညရှင်တောင် တွင်ကြောင်းများကို တောင်ဖီလာပုဂ္ဂိုလ် စီစဉ် ရေးသားတော်မူသော " စစ်ကိုင်းတောင်ညွှန်း " ကျမ်းတွင် ပြဆိုထားလေသည်။ ယင်းတောင်ညွှန်းကျမ်း အလိုအားဖြင့် ပုညရှင်တောင်သည် ဤဘဒ္ဒကမ္ဘာနှင့်အတူ ကမ္ဘာဦးကပင် ပေါ်ထွန်းရှိနေနှင့်ပြီးဖြစ်သော အဓိကရ တောင်လူး တောင်မြတ် တစ်လုံးဟု ဆိုရမည်ဖြစ်ပေသည်။

www.dhammaransi.com



# ရသေ့ ရဟန်းတို့ မှီခိုရာတောင်

တဖန် ထိုစစ်ကိုင်းတောင်သည် ကမ္ဘာဦးအခါမှစ၍ အိမ်ရာ တည်ထောင်သော လူတို့၏နေရာမဟုတ်၊ အိမ်ရာ မတည်ထောင်သော ရသေ့ ရဟန်းတို့ မှီခိုနေထိုင်ရာ ဖြစ်ကြောင်းနှင့်လည်း ပြဆိုထားပေသေးသည်။ ယင်းဒညီမှာလည်း ပုညရှင်တောင်ကို ရည်ညွှန်းပြီးဆိုထားခြင်းဖြစ်လေသည်၊ ပုညရှင်တောင်သည် ကဿပဘုရားရှင် သာသနာတော်အတွင်း၌ တရားအားထုတ်သူများ နေထိုင်ရာဖြစ်၍ ' ဓမ္မိက ' ဘောင် အမည်တွင်ပုံကို တောင်ညွှန်းကျမ်းတွင် ပြဆိုထားပေသည်။ ဤနေရာ၌ တောင်ညွှန်းကျမ်းမှ ထုတ်နုတ်၍ ဓမ္မိကတောင်အကြောင်းကို တင်ပြရပေဦးမည်။

# ဣစ္ဆာမယတောင်

ယခုအခေါ် ဣစ္ဆာသယ 'တောင်ညွှန်းကျမ်းအလို ' ဣစ္ဆာမယ 'တောင်သည်တောင်သုံးလုံးယှဉ်လျက်ရှိ၏။ ထိုတောင်သုံးလုံးအနက် အလယ်တောင်တွင် ရှေးက ဝရဏဇာရိ ( ဝရဏဟာရိ - ဟူ၍လည်း ရှိသည် ) မည်သော ဇော်ဂျီတစ်ဦးသည် ဓာတ်လေးပါးနှင့်တကွ လမ်းဆုံးသို့ရောက်၍ ထိုတောင်ဝယ် ကျောက်ဂူလိုဏ်ကြီးနှင့်နေလေ၏။ တရံရောအခါဘိန္နကရာဇ်မင်း သမီးတော်' စိတ္တရံသီ ' မင်းသမီးကို ဝရဏဇာရိ ဇော်ဂျီသည် ဆေးတန်ခိုးနှင့် ကောင်းကင်ခရီးဖြင့် ယူဆောင်၍ ကျောက်ဂူတွင်ထားလေ၏။ ဇော်ဂျီလည်း စိတ္တရံသီ မင်းသမီးကို နှစ်သက်စေခြင်းငှာ ဆေးတန်ခိုးဖြင့် လုပ ရုပ်ဆင်း တင့်တယ် စံပယ်လျက် ၄င်းတောင်မြောက်က တစ်ယုံးသော တောင်ထိပ် ဝယ် အခြွေအရံနှင့်တကွ နတ်ဗိမာန် ဖန်ဆင်း၍ ထားလေ၏။ ထိုတောင်ဝယ် နတ်ဗိမာန် တည်သကဲ့သို့ စိတ္တရံသီ မည်သော မင်းသမီးနှင့် ဇော်ဂျီနေသောကြောင့် ' နတ်ဘုံတောင် ' တွင်သည်၊ ကြာလျှင် ရွေ့လျော၍ ' နတ်သားကျ ' တောင် တွင်ပြန်သည်ဟုဆိုသည်။

# ဓမ္မိကတောင် အကြောင်း

ထိုနတ်သားကျတောင်၏ မြောက်ကတောင်ကို ပုညရှင်တောင် ခေါ်ဆိုသည်။ ရှေးအ ခါက ' ဓမ္မိက ' တောင် တွင်၏။ ဓမ္မိကတောင်အကြောင်းကား ငါတို့ ဘုရားမပွင့်မီ ရတနာပူရ အဝ မြို့တည် မိမိလာပြည်၏ တံခါးတည်း။ ( မိမိလာပြည် တခါဖြစ်ဖူးသည် ? )။ ၄င်းမှ ရွေ့လျော

www.dhammaransi.com



ကြာပျောက်၍ [၁] ဧရာဝတီရဋ္ဌကမ္ဗနိ မည်သော တိုင်းကြီး ပြည်ကြီး တစ်ခါဖြစ်သည်။ မဋ္ဌစိုး မင်းဆက် ၈၄၀၀၀၊ နောက် နေမိမင်းဆက်သည် ထိုမင်းတို့လက်ထက်၌ငင်းကျွန်း၌ ထီးနန်းစိုက်၍ အဘိသိက် ယင်ကုန်သည်။ ၎င်းနောက် ထိုတိုင်းပြည်တို့သည် တောအတိဖြစ်လျက် ဧရာဝတီမည်သော ကြီးစွာသော နတ်နဂါးတို့ ပျော်ပါး၍နေဖူး၏။

ထိုအခါ အဘိသူရဲတိုင်း ( အဘိသူရိသေန တိုင်းလည်းဟူ ) အာဒိစ္စပူရပြည်က အသမ္ဘိန္န စသောမင်းခြောက်ဆက်တို့နောက် အဆုံးစွန်ဖြစ်သော မဟာပဝရဿရာဇာ စကြာမင်းသည် ကောင်းကင် ခရီးဖြင့် စကြာလှည့်တော်မူရာ ဤသန်လျက်ခုံကျွန်း၌ ဧရာဝတီမည်သော နက်နဂါးကြီးတို့ကို မြင်လေ၏ စကြာမင်းလည်း သားတော် ဥပရာ ( ယာ ) နှ၊ ညီတော် မနောမယ ( အနုရာဓမင်း - မှုကွဲ ) မင်း စသော သူတို့ကိုမေး၏။ ငါယခုလာရာ အဘယ်မည်သော အသံနည်းဟုမေး၏။ ဧရာဝတီနဂါးတို့ ကြွေးကြော်သောအသံတည်းဟုလျှောက်၏။ မင်းကြီးလည်း နဂါးတို့ကို ကောင်းကင်ခရီးက 'စက္ကဝဠိရ' မည်သော လက်နက်ဖြင့် တစ်ချက်တည်းပစ်လျှင် အသောင်းမက( အထောင်မက - မှုကွဲ )များကုန်သော နဂါးတို့သည် ဟစ်အောင်ပြီးလျှင် နာကျင်သော ကိုယ်ရှိ၍ တောင်ခြေရင်းသို့ လျှိုးဝင်ပြေးလေကုန်၏။ ထို့ကြောင့် နံကိုင်းတောင် မြောက်ကတောင်သည် နဂါးလျှိုးတောင် ( နဂါးရုံတောင် - မှုကွဲ) တွင်၏။

ထို ( နဂါးလျှို ) တောင်ဝယ် ငါတို့ဘုရားရှင် မရှိသည့်နောက် အနှစ်တစ်ရာကျော်ခန့်တွင် အရှင်စန္ဒစက္က၊ အရှင်နာဂပုည၊ အရှင်သဒ္ဓမ္မပါလ၊ အရှင်စိတ္တမုနိစသော လေးဦးသော ရဟန်းတို့နှင့်တကွ များစွာသောအရှင်တို့ သီတင်းသုံးဖူး၏။ ထိုအရှင်လေးဦးကား ( ငါတို့ဘုရား မရှိနောက်တည်း ) မဟာပဝရ သခ်ရာဇာ ( တစ်နေရာ၌ မဟာပဝရဿရာဇာဟုရှိသည် )ဟူသော အမည်ရှိသော စကြာမင်းသည် ကဿပဘုရား သာသနာတော်၌ အဆုံးစွန်သော ကာလတည်း။ ထိုစကြာမင်းသည် ' သီရိဓမ္မာရ ' ပြည်ဟု သမုတ်၍ သားတော် ဦးပယာနစသော ရှစ်သောင်း လေးထောင်သော မင်းတို့သည် အဘိသိက်ခံ၍ မင်းပြုကုန်သည်။ မနောမယမင်းတွင်ဆုံး၏။ ထိုမနောမယမင်းမှစ၍ ကိုးဆယ့်ငါးယောက်သော မင်းတို့သည် သန်လျက်ခုံကျွန်းကို ဧရာဝတီ ရဋ္ဌကမ္ဗနိမည်သော တိုင်းကြီး သမုတ်၍ ရာမညမင်းတိုင်အောင် ( ရာမညတိုင်အောင်. - မှုကွဲ ) အဘိသိက်ယင်ကုန်၏ ။ ။

---

၁ - မှန်နန်း ပထမအုပ် အဝမြို့ ဗျာဒိတ်ခန်းတွင် ' ဧရာဝတီရဋ္ဌကမ္ဗုဒ္ဒါနီ ' ဟုပြဆို၍ ဘိုးတော်၏ မိတ္တီလာကန်တော် ပြုပြင်ကြောင်း ရာဇဝင်ခန်းတွင်ကား " ဧရာဝသီရဋ္ဌတမ္ဗဒီပ "ဟုတစ်မျိုးပြဆိုထားလေသည်။ ၂

သီလက္ခန် အဋ္ဌကထာ အမ္ဗဋ္ဌ သုတ်အဖွင့်၌ မဋ္ဌဒေဝမင်း၏ သား မြေး မြစ် ၁ဆက်ဆ...် ...့သည် ရှစ်သောင်းလေထောင် ဖြစ်လေကြောင်းဆို၍ ၎င်းကာ၌ မင်းဆက်ပေါင်း အသိန်းမက ဟု ဖွင့်ပြထားလေ...ည်။

www.dhammaransi.com

ဇေတဝတိရှင်ကမ္ဗန်ကို မြန်မာဘာသာပြန်သော် ' ဇေတဝန်ဇေတ်နဂါးတို့၏ရေရာ 'ဟုဆိုလိုသည် ။ ။ သိရီမွာရမည်သောပြည်ကိုမြန်မာဘာသာပြန်သော် 'ဘုန်းကျက်သရေရှိသဖြင့် ထွန်းတောက်ပသောပြည် ဟုဆိုလိုသည်။ ထိုမင်းတို့လက်ထက်ဝယ် ပုညရှင်ဘုရားရှိသော တောင်သည် ဇမ္ဗူကတောင်တွင်သည်။

ရတနာပူရ အဝ သန်လျက်နံကျွန်းကြီးသည် သိရီမွာရမည်သောပြည် ဖြစ်သောကာလ၌ အတိတရာဇာမင်း၊ သားကုမ္ဘဇရာမင်း ( ကုမ္ဘရာဇာမင်း )၊ သား အမရဓာဝမင်း၊ သားမဟာသကြီမင်း၊ ( မဟာသကျမင်း )၊ သား ဓာဝရဇာမင်း၊ သား မဟာရဇာမင်း၊ သား အဘိဥပရာဇ်မင်း၊ သား အဘိသေက သုဇမ္ဗာရာဇ်မင်း၊ သား ပဝရာသုရမင်း၊ သား ဇေယျဇမ္ဗမင်း ( ဇေယမနုမင်း )၊ သား ကောဘိန္နမင်း၊ သား သုန္နရမင်း၊ သား သမ်မာရမင်း၊ သား သုရဓာဇမင်း၊ ဥတ္တမဝိရာဇမင်း၊ သူရာမင်း၊ ဣန္ဒရာဇ်မင်း ( အိန္ဒရာဇ်မင်း )၊ သီဟကမ္ဗုမင်း၊ အနုဂ္ဂပုညမင်း၊ သမ္ဗုတိမင်း၊ မဟိန္ဒရာဇာမင်း၊ ဇေတ္တသဟာရာဇ်မင်း၊ မဏ္ဍာကဇေယျမင်း ( မဏ္ဍလဇေယျမင်း )၊ ဓာတာဘပဝရမင်း၊ ဒိဒိမာနမင်း၊ ဥပရုပါကမင်း ဇသော အသောင်းမကသော မင်းတို့သည် ဇင်းဇမ္ဗူကဇသော တောင်တို့၌ ရသေ့ရဟန်း ပြုကြကုန်၍ ကသိုဏ်းပရိကံ လေ့လာဖျော်မြူးလျက် လောကီချမ်းချမ်းသာကို ရကြကုန်သည်ချည်း ဖြစ်ကုန်၏။

ဇင်းဇမ္ဗူကတောင်ဝယ် ဝဏ္ဏရူပမင်းသမီး၊ ဝဏ္ဏနာဇာရီ ( ဝဏ္ဏဒါရီ )၊ တုမ နာဂဝန္န၊ အာကာစ် မိတ္တာ ပေါင်းလေးယောက်တို့သည် မနောမယမင်း၏ သမီးတို့တည်း။ တောထွက်၍ ရသေ့မအဖြစ်ဖြင့် ကျင့်နေကြဖူးသည်။

ဇင်းနောက် မုဒုကမင်းသမီး ( မဓုကလျာဏီ မင်းသမီး )၊ ရူပဝတီ မင်းသမီး၊ မဏိမာယာ မင်းသမီး၊ စန္ဒာဒေဝီ မင်းသမီး ( စန္ဒာဒေဝီမိဖုရား )၊ သုစိတ္တာ မင်းသမီး၊ သုနန္ဒာ မင်းသမီး ( စိတ္တသုနန္ဒာ မင်းသမီး )၊ ခေမာ မင်းသမီး၊ ဝန္နာ မင်းသမီး ( ဝန္နာမင်းသမီး )၊ သုဓောသာ မင်းသမီး၊ သုမာလာ မင်းသမီး၊ သုပိယာ မင်းသမီးဇသော ရာမညတိုင်းတို့မှ များစွာသော မင်းသမီးတို့သည် အခြွေအရံ များစွာနှင့် သစ်သီးစား၍ တရားအလို့ငှာ မှန်သာရှိ အမှူးရှိသော ရသေ့မတို့နှင့်တကွ ရသေ့မပြုလုပ်၍ နေဖူး ကျင့်ဖူးကြသည်။ ထိုမှတစ်ပါး ပုဏ္ဏားပုဏ္ဏေး သဓွေးသူကြွယ် အစရှိသော အမျိုးလေးပါး တို့သည် သာသနာတော်ပ ကာလဖြစ်၍ ရသေ့ရဟန်းတို့ အသီးသီးပြုကြကုန်၏။

ထို့နောက် အမည် ရှေ့လျော်ကြလျှင် သုန်ဖျင်း၍ ဇင်းဇမ္ဗူကတောင်သည် ငါတို့ဘုရား မရှိ သည့်နောက် အနှစ် ၇၀ ( အနှစ်ကိုးဆယ် ) ကျော်ခန့်တွင် ရဟန္တာ နာဂဒတ္တမထေရ်သည်

www.dhammaransi.com



ထိုတောင်တွင် သီတင်းသုံးနေ၍ နတ်ဆွမ်းစားတော်မူ၏။ ထို့နောက်ကြာလျှင် ၄င်းတောင်သည် ဖားသဏ္ဌာန်နှင့်တူသောကြောင့် ဖေား ( ဖားလား )တောင်တွင်ပြန်သည်။ ၄င်းနောက်ကြာ၍ သက္ကရာဇ် ၄၀၀ တွင် ပုညရှင်တောင် တွင်ပြန်သည်ဟု တောင်ညွှန်းကျမ်းက ပြဆိုထားပါသည်။

# သာသနာ့ရိပ်သာ သာသနာ့နယ်မြေဖြစ်သော ပုညရှင်တောင်

ဤ စစ်ကိုင်းတောင်ညွှန်းကျမ်း အလိုအားဖြင့် ပုညရှင်တောင်သည် ကဿပဘုရားရှင် သာသနာတော် နောက်ဆွယ်ခေတ်ကပင် ဓမ္မိကတောင်အမည်နှင့် တရားရှာမှီးသူတို့ ပျော်မွေ့ရာ နိအောင်းရာ တရားအားထုတ်ရာ တကယ့် သာသနာ့ရိပ်သာ သာသနာ့နယ်မြေဖြစ်ခဲ့ကြောင်း ကောင်းစွာ ထင်ရှားပေသည်။ ထို့နောက် ဂေါတမဘုရားရှင် သာသနာတော်အတွင်း ကူးဝင်ရောက်လာသည့် အခါ၌လည်း ရဟန္တာ အရှင် နာဂဒတ္တမထေရ်က အမွန်အစပြု၍ ရသေ့ ရဟန်း သူတော်စင်အပေါင်းတို့ နိအောင်းရာ သာသနာ့ရိပ်မြုံကြီးသဖွယ် ဖြစ်လာပြန်လေသည်။

ရာဇဝင်နှင့် သာသနာစဉ် သမိုင်းအရပ်ရပ်တို့ကို လေ့လာသုံးသပ်ကြည့်မည်ဆိုကလည်း တကယ့် အကျော်အမော် ဖြစ်ကြသော ဆရာတော်ကြီးများ စစ်ကိုင်းတောင်သို့ တောဝင်လာသည်ဆိုလျှင် ပုညရှင် တောင်တော်မြတ်ကိုသာ ဦးတည်ပြီး ကြွရောက်တော်မူလာကြသည်ကို များသောအားဖြင့် တွေ့ကြရမည် ဖြစ်လေသည်။ ပဘာ ရေငုံ အရိယာဝံသနှင့် တိလောကဂုရုစသော ရှေးကျောင်းတိုက် ဟောင်းများသည် ပုညရှင်တောင်တဝိုက်တွင် တည်ရှိနေပုံဖြင့် ထင်ရှားလှပေသည်။

ကျွန်ုပ်တို့ မျက်မှောက်ခေတ်အမြင်အားဖြင့်လည်း ပုညရှင်တောင်တဝိုက်တွင် ရဟန်းတော်တို့ သီတင်းသုံးရာ ကျောင်းတိုက်များနှင့် သီလရှင် ချောင်များသည် အခြားနေရာများထက် ပိုမိုစည်ကားလျက် ရှိနေပေသည်။ ယင်းရှုခင်းကို ပုညရှင်တောင်နှင့် မလှမ်းမကမ်းဖြစ်သော ရှင်ပင်နံ့ကိုင်းတောင်ဆီမှ နေ၍ ကြည့်နိုင်လျှင် ပုညရှင်စေတီတော်ကြီး၏ စောင်းတန်း နှစ်သွယ်ကြားမှ ချောင်အသီးသီးတို့သည် အမိုးချင်း ထပ်လုမခန်း ပြည့်ညပ်စွာ တည်ရှိနေသည်ကို မြင်ကွင်းကျယ် သဘောမျိုး တွေ့ကြရမည် ဖြစ်လေသည်။

www.dhammaransi.com



ရှုထောင့် တစ်မျိုး အနေပြင့် ရောဝတီ မြစ်တွင်းမှနေ၍ ပုညရှင်တောင်ထိပ်ဆီသို့ လှမ်းမျှော်ကြည့်ဦးမည်ဆိုလျှင်လည်း မြစ်ကမ်းခြေမှစပြီး တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်သွားသော တောင်ထိပ်တောင်ဖျားပေါ်တွင် ပေါ်လွင်ထင်ရှားလှစွာ တည်ရှိနေသော ပုညရှင်စေတီတော်ကြီးကို ကြည်နူးဖွယ်ရာ ဖူးတွေ့ကြရမည် ဖြစ်လေသည်။ ယခုကဲ့သို့ စေတီတော်ကြီး ဆုလုံးပြည့်ရွှေသင်္ကန်း ကပ်လှူပြီးစအခွင့်အခါး နံနက်ခင်း နေရောင်နှင့် ပဏာရစွာ ရွှေတောင်ကြီးပေါက်နေသကဲ့သို့ ဖူးမြော်မဝနိုင်အောင်ပင် တွေ့ကြရမည်ဖြစ်လေသည်။

ထိုမြင်ကွင်း ရှုမျှော်ခင်းအတွက် ဇေတဝန်ဆိပ်ကမ်းခေါ် တပဲသာ ဆိပ်ကမ်းနှင့် တည့်တည့်ဆီလာကကြ ကြည့်နိုင်လျှင် မြတ်စွာဘုရားသခင် ရေသပ္ပါယ်တော်မူရာ တပဲသာဆိပ်ကမ်းမှ ဖဝါးဦးကောင်း၊ ယခု လေးကျွန်းချမ်းသာ ပဌာန်းနည်းပြတိုက်၊ ထိုမှတစ်ဆင့် ဘုရားရှင်၏ ရေသနုပ်တော်ဌာပနာမှုနှင့် သင်္ကန်းတော် ဝတ်ရုံတော်မူရာဖြစ်သော ဝတ်တော်ရုံခေါ် ဇေတဝန်ဘုရား၊ ထိုမှတစ်ဆင့်ပြီးတစ်ဆင့် မြင့်၍မြင့်၍တက်သွားသော ဖောင်းခေါ် ပုညရှင်တောင်ကြီးနှင့် ထိုတောင်တိပ်ဆီမှ ရွှေရောင်ဝင်းလျက်ရှိသော ပုညရှင်စေတီတော်ကြီးကို ရှုခင်းသာယာနှင့် ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ကြမည် ဖြစ်လေသည်။ ဤရှုခင်းသာသည် ယခုပြဆိုလတ္တံ့သော ပုညရှင်ဗျာဒိတ်ခန်းမှ ဘုရားရှင်၏ ဒေသစာရီ ခရီးစဉ်အရနှင့်လည်း ညီညွတ်တိုက်ဆိုင်လျက် ရှိနေရကား ရှုခင်းသာအနေဖြင့်သာ မဟုတ်မူ၍ ပုညရှင်၏ နောက်ခံသမိုင်းကြောင်းကိုပါ ဖွင့်ပြထားရာ ရောက်၍ စိတ်ဝင်စားဖွယ်ရာလည်း ဖြစ်ပေသည်။

# ပုညရှင် ဗျာဒိတ်ခန်း

ဤသို့လျှင် ပုညရှင်စေတီတော်ကြီးကို အကြောင်းပြု၍ ပုညရှင်တောင်တဝိုက်၌ သာသနာ စည်ပင်ပြန့်ပွားမည်ကို မဟာဂရုဏာရှင် ဖြစ်တော်မူသော သဗ္ဗညု ဘုရားရှင်သည် အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြင်တော်မူပြီး၍ စစ်ကိုင်းသမိုင်းဟောင်း အလို ၃ ဝါအရ၊ တစ်နည်း လယ်ကိုင်းကျောင်းတော်ရာနှင့် မန်းစက်တော်ကို အကြောင်းပြု၍ ဝါတော် ၂၀ ကျော်အခါကပင် ညီဘွား အာနန္ဒာကို ပစ္စာသမဏပြု၍ သုနာပရန္တတိုင်း စစ်ကိုင်းအရပ်သို့ ကြွရောက်တော်မူလာပြီးလျှင် စစ်ကိုင်းတောင်ကြီးနှင့်တကွ ပုညရှင်တောင်တွင် ပုညရှင်စေတီတော် ဖြစ်ပေါ်လတ္တံ့မည့် အကြောင်းကို ဗျာဒိတ်ထားတော်မူလေသည်။

ပုညရှင်ကို ဘုရားသခင် ဗျာဒိတ်ထားတော်မူခဲ့သည်နှင့် ပတ်သက်၍ စစ်ကိုင်းသမိုင်းပေမူတွင် အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

www.dhammaransi.com



" ငါတို့ဘုရားသခင်သည် သုံးလောကထွဋ်ဖျား ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ပထမဝါ ဗာရာဏသီပြည် မိဂဒါဝုန်တောခ၌ ဝါကပ်တော်မူသည်၊ ဒုတိယဝါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ဝါကပ်တော်မူသည်၊ တတိယမြောက်ဝါလည်း ဝေဠုဝန်ကျောင်း၌ပင် ဝါကပ်တော်မူသည်။ ထိုအခါ သုံးလောကတည်းဟူသော ငါးလိပ်မကန် အပေါင်းတို့ကို ရွှေဉာဏ်တော်တည်းဟူသော ကွန်ရှက်ဖြင့် ပစ်စွန်ဖွဲ့၍ သုံတော်မူရာတွင် အနောက်ကျွန်းသားတို့၏ သုနာပရန္တ တိုင်း စစ်ကိုင်းအရပ်၌ ရိုင်းပျံ့တွေဝေ ရှိနေကုန်သော ကိုးကျိပ်ကိုးယောက် ကျွတ်ထောက်သင့်ကုန်သော ဘီလူးအပေါင်းတို့သည် ရွှေဉာဏ်တော် တည်းဟူသော ကွန်ရှက်အတွင်းသို့ ဝင်သည်ကိုမြင်တော်မူ၍ ညီတော်အရှင် အာနန္ဒာနှင့်တကွကြွတော် မူ၍ ဤ ( စစ်ကိုင်း ) အရပ်သို့ ရောက်တော်မူလျှင် ဇေတဘီလူး အမှူးရှိသော ကိုးကျိပ်ကိုး ယောက်သော ဘီလူးတို့သည် သားပြွမ်းဆွမ်းဖြင့် လုပ်ကျွေး၍ တရားတော်ကိုနာကြသောအခါ သောတာပန်တည်ကုန်သည်၊ ထိုဘီလူးတို့ ( သောတာပန်တည်ရာ ) အရပ်မှ အရှေ့ရောဝတီမြစ်နားသို့ ကြွရောက်တော်မူ၍ ရေသပ္ပါယ်တော်မူသည်၊ ထိုဆိပ်သည်လည်း ချိုးတော်ဆိပ်တွင်၏၊ တစ်ပြင်လုံးသော မြစ်ရေနှင့်မမျှ ချိန်စက်ကြသော် သာ၍လေးသည်ဟူ၍ ပြောထုံးရှိသည်။ ။ ( ယခု လေးကျွန်းချမ်းသာ ဘုရားကြီး တည်ရှိရာဆိပ်ကမ်းဖြစ်လေသည် )။

ရေသပ္ပါယ်တော်မူပြီးလျှင် ရေသနုပ်တော်ကို ဇေတဘီလူးအား အပ်တော်မူ၍နောင်သောအခါ၌ ငါ၏ရေသနုပ်တော်ကို ဌာပနာသွင်းထား၍ ဘုရားစေတီတည်၍ ကိုးကွယ်ရစ်ကြဟု အပ်တော်မူသည် နှင့်အညီ ဇေတဘီလူး အမှူးရှိသော ကိုးကျိပ်ကိုးယောက်သော ဘီလူးတို့ တည်သောစေတီတော်ကို ' ဝတ်တော်ရုံဘုရား ' သမုတ်ကုန်သည် ။ ဇေတဘီလူး ဝန်ခံ၍ တည်သောကြောင့် နောက် ' ဇေတဝန်ဘုရား ' ခေါ်ဝေါ်ကုန်သည်။ ထိုဘုရားအနီးအပါး တည်ထားသောကျောင်းကိုလည်း ဇေတဝန်ကျောင်း ခေါ်သည်။ ဘုရားရှင် အရှေ့မြောက်တွင် ပေါက္ကံပြည် အနော်ရထာမင်းစောဆရာ၊ ရဟန္တာ အရှင်အရဟံ သမုတ်သည့်သိမ်ကိုလည်း ဇေတဝန်သိမ်ဟုခေါ်သည်။

• • • • •

ဘုရားသခင် ရေသပ္ပါယ်တော်မူ၍ မြစ်ဆိပ်တောင်ထိပ်၌ ရပ်တော်မူသောတောင်သည်လည်း ဖဝါးတောင် တွင်သည်။ ( ယခု လေးကျွန်းချမ်းသာ ဘုရားကြီးတည်ရာဖြစ်သည်။ )

ထိုမှသည် တောင်အရပ်သို့ ကြည့်တော်မူရာတွင် စောင်ချမ်းပင်ကြီးအပါး စီးသွားသောချောင်း ဖြစ်၍ ချမ်းချောင်း တွင်သော အနားတွင် စစ်ပင်ကြီးတစ်ပင်၌ ဗျိုင်းဖြူ အများနားကြကုန်သောကြောင့် စစ်ပင်ကိုင်းသည်ကို အစွဲပြု၍ စစ်ကိုင်းတွင်လိမ့်မည်ဟုလည်း အမိန့်ရှိသည်။

www.dhammaransi.com



နှောင်းသောအခါ၌ ဤသုနာပရန္တတိုင်း ( စစ်ကိုင်း ) ၌ သာသနာတော်ပြန့်ပွားစည်ပင်လတ္တံ့သည်ကို အနာဂတံသ ဉာဏ်တော်ဖြင့် မြင်တော်မူ၍ ညီတော်အရှင်အာနန္ဒာအား ဗျာဒိတ်စကားကြားတော်မူသည်။

ထိုမှသည် အနောက်ဖေါးတောင်သို့ကြွတော်မူ၍ –

" အာနန္ဒာ ဤဖေါးတောင်ကား ရှေးသောအခါ ငါဘုရား အလောင်းတော်ယုန်မင်းအစစ်ဖြစ်တော်မူသည်ကာလ ကျင်လည်တော်မူဖူးသော အရပ်ဖြစ်သည်။ နှောင်းသောအခါ ဤတောင်ထိပ်၌ ငါ၏ ' မျက်ကွင်းတော်ဓါတ် ' ကို ဌာပနာ သွင်းထား၍ စေတီကြီးစွာတည်၍ လူနတ်တို့ ကိုးကွယ်ရာဖြစ်လိမ့်မည် "

ဟူ၍ ပုညရှင်စေတီတော်နှင့် ပုညရှင်စေပါကြည်မည့် ဖေါးတောင်ကို ဗျာဒိတ်ထားတော်မူလေသည်။

ဖေါးတောင် အမည်ကို သက္ကရာဇ် ၁၁၃၅ ခုနှစ်ထိုး အဝဆင်ဖြူရှင်၏ ပုညရှင်ဘုရားကျောက်စာနှင့် ဤဖော်ပြခဲ့ပြီးသော စစ်ကိုင်းအတ္ထုပ္ပတ် သမိုင်းပေမူ၌ " ဖေါး " ဟုရေးသားပြီး စစ်ကိုင်းတောင်ညွန်းကျမ်း၌ ဤတောင်ကို ဖားသဏ္ဍာန်နှင့်တူသောကြောင့် " ဖားဦး " တောင် ခေါ်ကြောင်းဆိုသည်။ တောင်ဖီလာဆရာတော်၏ ပုညရှင်အကြောင်း သွင်းစာ၌ " ဖဝါးဦးတောင် " ဟု ဖော်ပြသည်။ ယင်းသို့လျှင် ပုညရှင်တောင်၏ ရှေးအမည်မှာ ဖေါးဟူ၍လည်းကောင်း၊ ဖဝါးဦးတောင် ဟူ၍လည်းကောင်း ခေါ်ကြောင်းသိနိုင်ပေသည်။ ထိုတွင် ဖေါးနှင့်ဖားဦးတောင်အမည်မှာ ဖား ( ဘား ) သတ္တဝါနှင့် တစ်စိတ်တစ်ဒေသ တူသည်ကို အကြောင်းပြု၍ ခေါ်ဆိုခြင်းဖြစ်သည်။ ဖဝါးဦးတောင်မှာ ဘုရားသခင် ဖဝါးတော်ဦးချရာဖြစ်၍ ခေါ်ကြောင်းသိရပေသည်။ သို့ရာတွင် ဇေတဝန်တောင်အောက်ဆွယ်မှ မူလဖဝါးဦးတောင် နှင့် မူကား ခွဲခြားပြီး မှတ်သားကြရမည် ဖြစ်လေသည်။

www.dhammaransi.com



အခန်း ( ၃ )

# တောင်ဖီလာဆရာတော်၏ ပုညရှင်စာတန်း

ပုညရှင်စေတီတော်သမိုင်းနှင့် ပတ်သက်၍ သာလွန်မင်းတရားကြီးက သိတော်မူလို၍ တောင်ဖီလာဆရာတော်ဘုရားထံ လျှောက်ထားသည်ကို တောင်ဖီလာဆရာတော်က ပြန်လည်ဖြေကြားတော်မူသော စာတန်းဖြစ်လေသည်။ ယင်းစာတန်းကို မစ္စတာမောင်မှိုင်း ယခု ဒေါက်တာဘွဲ့ရ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ' ဘွိုင်းကောက်ဋီကာ 'ကျမ်းကြီးမှ ထုတ်နုတ်ပြီးလျှင် ပုညရှင် သမိုင်းသစ်၏ ပဏာမ အနေဖြင့် ရှေးဦးစွာ တင်ပြလိုက်ပါသည်။

## သာလွန်မင်းတရားကြီး၏ လျှောက်တန်း

ရေမြေရှင် လျှောက်သည်ဆရာတော်၊ ၊ စစ်ကိုင်းမင်းဝံတောင်တွင် စေတီတော်ကို ပုညစေတီခေါ်ဝေါ်ကုန်သည်။ ပုညဆိုသူသည် မြို့သူကြီးလော၊ အမတ်ပင် ပုညခံသလော၊ ပုညအမတ်သည် အိမ်စည်အိမ်ဦးတွင်ရှိသော ဝိဇယာပူရက ပန်းတိမ်ငစိန်သင်ယူခဲ့သော တူထဲကတစ်ဆူ၊ ပေထဲကတစ်ဆူ ထွက်၍ ဖလားလုံးရှိ တဝင်းဝင်းရှိသည်ကို ရတနာပန်းတောင်းဖြင့်ခံ၍ ကိန်းဝပ်တော်မူပါတောင်းပန်သည်၊ မွေတော်နှစ်ဆူနားသည်ကို မိုးသောက်လျှင် ခြေမြန်ကုလားကို စေ၍ရွှေလင်ပန်းတွင် သင်ပုတ်အပြည့်ပြင်၍ မွေတော်နှစ်ဆူကို ပတ္တမြားကြုတ်နှင့် သင်ပုတ်ဦး၌ထည့်၍ " အမောင်လေးကျွန်းဆီမီးတောင်က တက်၍ တောင်ထိပ်တစ်ပြင် တင်ချင်စိတ်ရှိသည့် တောင်တိပ်တင်ခဲ့တော့ "မှာထား၍ ပို့စေသည်၊ လေးကျွန်းဆီမီးကတက်၍ တောင်ရိုးကိုလျှောက်သည်၊ သီရိမွှာသောကမင်းကြီးတည်သော

www.dhammaransi.com



စေတီတစ်ဆူ၊ ပတူးသယံရာဇာတည်သော စေတီတစ်ဆူ အကြားတွင်ထားသည်။ ထိုတွင် နှစ်ဆူသော စေတီကိုမျို၍ ပုညအမတ် စေတီတည်သည်ကို အသခံယာစောယွမ်းသည် မာန်တက်၍ ပုညအမတ်ကို ရေစိမ်ရာတွင် ရေပင်ဝှမ်း၍ ပုညအမတ်သည် ရေပြင်ထက် ပကတိနေနိုင်သည်ဟု အစဉ်စကား ဆိုထုံးပြုကြသည်။ သိသာအေးသင် မိန့်တော်မူပါဆရာတော်။

ဤသည်ကား သာလွန်မင်းတရားကြီးက ရာဇဂုရုဖြစ်တော်မူသော တောင်ဖီလာဆရာတော်အား လျှောက်ထားသည့် စာတန်းဖြစ်လေသည်။

# ဟောင်ဖီလာဆရာတော် သွင်းစာ

မှာလိုက်သည်ကား။ ။ ဝိဇရာပူရမြို့တည်ပထမမင်းတရားကို သမုဒ္ဒရာခြားသော ကျည်းပုဏ္ဏား၊ကျည်းကုလားတို့သည် ယိုယွင်းပျက်စီးစေလို၍ ကွမ်းခွက်ရစ်ထောင့်တွင် မွေတော်ခုနှစ်ဆူကို အိမ်နှင့်စီသည်၊ရွှေမယ်ဏ ခုနှစ်ချက်လည်းပါသည်၊ သတ်ဟူသော အက္ခရာလည်းပါသည်၊ ထိုကွမ်းခွက်ကို ကွမ်းပြင်၍ တစီးရှင် သိဟသူစားတော်ခေါ်သည့်နေ့ပင် အန္တရာယ်ဖြစ်၍ ယားသောရောဂါစွဲဖန်များ သောကြောင့် မသက်ာ၍ ပန်းတိမ် ငစိန်သင်ကိုအပ်၍ ဖျက်စေရာတွင် မွေတော်ငါးဆူသာရသည်၊ တူတွင် တစ်ဆူ၊ ပေတွင် တစ်ဆူ၊ ဝင်၍ကိန်းဝတ်သည်ကို တစီးရှင်က ရွှေမယ်န ခုနှစ်ချောင်းလည်းပါသည်၊ သတ်ဟူသောအက္ခရာဂဏန်းလည်းပါသည်၊ ခုနှစ်ဆူဖြစ်သည်၊ နှစ်ဆူကိုပျောက်သာသလောဟူ၍ ဖမ်းရာတွင် တူနှင့် ပေကိုထမ်း၍ သံလျက်ကျွန်းရောက်ပြေး၏။ ညဉ့်သန်းခေါင်မှ ရေနားသို့ရောက်သည် အညာကလှေတစ်နှင့် လူတစ်လော်၍လာသည်၊ ငစိန်သင်က အစ်ကိုကြီး စစ်ကိုင်းဘက်ကူးလျှင်လိုက်ပါမည်ဟုဆို၏။ တက်ခဲ့တော့ဆို၍ လှေထက်သို့ရောက်လျှင် စစ်ကိုင်းမြစ်နားမှာချခဲ့မှ အောက်သို့လော် သွား၍ ငစိန်သင်လည်း မိုးသောက်မှ ပုညအမတ်အိမ်သို့ရောက်၏၊ တစ်ညဉ့်အိပ်လျှင်ပင် နှစ်ဆူသော မွေတော်တူကပေကထွက်၍ တဝင်းဝင်းရှိ၏၊ အမိန့်တော်ရှိသည့်အတိုင်း လျှောက်သမျှစကားကိုဖြေတော်မူ၍ ပုညအမတ်သည် ဖဝါးဦးတောင်ထိပ်၌ နှစ်ဆူသော စေတီကိုမျို၍ တည်သည်ဟု စစ်ကိုင်းမြို့တည်မင်းကဖမ်း၍ ပုညအမတ်ကိုရေစိမ်ရာတွင် ဝှမ်းသောအရပ်သည် ယခု ' ရေဝှမ်း 'တွင်သည်။

စေတီတော်ကို ရွှေထီးတင်သည်ကား သက္ကရာဇ် ၆၈၄ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ အသခံယာစောယွမ်းက ခမည်းတော် ဆင်ဖြူရှင်ကို လျှောက်၍ အလှူတော်များနှင့် စစ်ကိုင်းမြို့တည်မင်း ပုညအမတ် ငစိန်သင်တို့သည်သာစုခေါ်၏။ ဖဝါးဦးတောင်စောင့်နတ်ကြီး၊ ချောက်မှတောင်စောင့်နတ်ကြီး

www.dhammaransi.com



သရက္ခာန်တောင်စောင့်နတ်ကြီးစသော ဝဿဝရော တာနော့ဒက္ခယက် ကိုးယောက်၊ သိကြား၊ ကုမ္ဘဏ်၊ ၇၇၊ သောတာ ပန် ၉၉၊ စေတဘီလူးတို့သည်လည်း ခြွေရံ၍ သာဓုခေါ်ကြ၏။ သက္ကရာဇ် ၆၈၄ ခု တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့ ဝိဇယာပူရ တစီးရှင် သိဟသူအနိစ္စရောက်သည်။ (ထိုနေ့ ဥဇနာ မင်းကြီး ရွှေနန်းတက်သည် )၊ အိမ်နိမ့် ၂၂နှစ်၊ စည်းစိမ် ၂၀၊ အသက်၄၂တွင် ဘုန်းစဲသည်။

သက္ကရာဇ် ၇၀၄ ခု၊ နတ်တော်လဆန်း ၇ ရက်နေ့၊ ဆင်ဖြူငါးစီးရှင် နန်းတက်တော်မူသည်။ ဝိဇယာပူရ၊ ဇေယျာပူရ၊ ဟူသော နှစ်ပြည်ထောင်ကပင် ပုညစေတီကို လုံ့လပြု၍ ထီးဖြူ၊ တံခွန်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ မြူတာရေချမ်း၊ ဆွမ်းသင်ပုတ်၊ ဝါဝင် ဝါကျွတ် တန်ဆောင်မုန်း ကထိန်တော် နေ့တိုင်းလည်း သင်ပုတ်တော်၊ ကြေးနီအုပ် အလှူတော်ကိုင် အလှူတော်ကြပ်ခန့်ထား၍ ဘုရားရောက် တင်လှူတော်မူသည်များကိုကြားဖူး၏။

အနောက်မြောက်ထောင့် ခြသေ့ံက မွေတော်ထွက်သည်ဟူ၍ ပြည်သူပြည်သားတို့ ပူဇော်သည်များကိုလည်း ၊ ဆရာတော် လက်ထက်တိုင် ဖူးမြော်သွားလာ ကြည့်ရှုပူဇော် ကြသည်များကိုလည်း ကျောင်းသို့ရောက်လာသူတို့ ပြောဆိုသည်များကြားရသည်။

ပုညစေတီ ဘုရားတွင် မွေတော်စစ်ရှိသည်၊ သီရိဓမ္မာသောကမင်းကြီး တည်သည့်စေတီက ဖြစ်မည်၊ ပတ္တူးသဃ်ရာဇာတည်သည့်စေတီက ဖြစ်မည်၊ ပုညအမတ်တည်သည့် စေတီကဖြစ်မည်ကိုသာ မမြင်နိုင်၊ မွေတော်များထွက်၍ တန်ခိုးပြာဋိဟာ အရောင်အဝါနှင့် ကောင်းကင်ပြင်သို့ ခြသေ့ံအမောက်က ထွက်တော်မူသည်များကို ကောလာဟလ စကားကိုကြား၏။ ဆရာတော်လည်း တစ်လနှစ်ကြိမ် သီတင်းကြီးနေ့၌ စေတီတော်ကို အဖူးအမြော်ရောက်သည်။

ပုညစေတီတော်သည် ရတနာပူရ အဝမြို့ မပေါ်ထွန်းမီက ဖြစ်သည်၊ ဝတ္တုကံမြေမှာ တစီးရှင် လက်ထက် စစ်ကိုင်းမြို့တည် ပထမမင်းသို့ အမိန့်တော်ပြန်၍ ကျောက်စာထိုး၍ စိုက်ထောင်သည် သင်ပုတ်တော်ဝတ် ဆွမ်းတော်ချက် ယိုးဒယားလေးမ လှူသည့်အရာများမှာ ကျောက်စာရှိသည်။

www.dhammaransi.com



ရေမြေရှင် ထပ်၍ ရွှေမှမ်းမံတော်မူပါ၊ ပုညစေတီဘုရား ကျောက်စာတိုင်မှစ၍ အရပ်ရပ်မြို့ရွာရှိ စေတီပုထိုး ရုပ်တုတော်များတွင် ရေးရေးသော အက္ခရာ ပျက်သော်၊ ကွာသော်၊ ကျောက်စာတိုင်ပဲ့သော်၊ ကြေသော်၊ ယိုယွင်းသော်၊ ယိမ်းဖည်သော် ကောင်းမွန်အောင် အက္ခရာစသော သဝေတစ်လုံးမျှ မကျရအောင် စီရင်တော်မူ၍ ကျောက်စာထိုးခြင်း၊ ကျောက်စာတိုင်စိုက်ခြင်း၊ ကျောက်စာတိုင်စိုက်သော အခါ ရွှေကရားဖြင့် ထပ်လှူတော်မူ၍ မဟာပထဝီမြေသို့ ရေစက်ချတော်မူခြင်း ၊ သမ္မာသမ္ဗောဓိဆုကို ပန်တော်မူခြင်း စသော မဟာကုသိုလ် စေတနာတော်ကို လုံ့လပြုသင့်သည် မဟာဓမ္မရာဇ်။

သက္ကရာဇ် ၁၀၀၂ ခု၊ နယုန်လဆန်း ၅ ရက်နေ့.

သွင်းသည့်မေတ္တာစာ

❁ ❁ ❁

ဤသည်မှာ သာလွန်မင်းတရားကြီး အမေးတော်အရ တောင်ဖီလာ ပုဂ္ဂိုလ်ကျော် ဖြေဆို အပ်သော ပုညစေတီသမိုင်းချုပ် ဖြစ်လေသည်။

www.dhammaransi.com



အခန်း ( ၄ )

# ပုညရှင်စေတီတော်သမိုင်းကို အကျယ်ဝေဖန်၍ပြဆိုခြင်း

စေတီဝင်ချုပ် သံပေါက်၌ ပုညရှင်စေတီတော်နှင့် ပတ်သက်၍ " သောနင့် သတ္တ၊ စတုချ၊ ပုညစေတီတော်၊ ၊ တကာမှန်လှ၊ မင်းပုည၊ ပင်းယ အမတ်ကျော် "။ ။ ဟူ၍ သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပင်းယအမတ် ပုညကတည်ခဲ့ကြောင်း စပ်ဆိုထားလေသည်။

စစ်ကိုင်းစေတီဝင် သမိုင်းဖွဲ့တေးထပ်များကို ရေးစပ်ခဲ့သော စစ်ကိုင်းညောင်ပင်သာ ဦးပုညကလည်း ယင်းစေတီဝင်ချုပ် သံပေါက်နှင့်အညီ ပုညရှင်စေတီ သမိုင်းဖွဲ့ တေးထပ်တစ်ပုဒ်ကို အောက်ပါအတိုင်း ရေးစပ် ထားပေသေးသည်။

## ပုညရှင်စေတီသမိုင်းဖွဲ့

" ခြောက်ရာ့ ခုနှစ်ဆယ် လေးခုစွန်းမှာ၊ ပွင့်ထွန်းအာဒိ ဂုဏ်ပေါင်းဝေ၊ ငါးဘား (ငါးဖား) တွင်တဲ့ တောင်ထိပ်ဗွေဝယ်၊ မှောင်ရိပ်ပယ်ခြွေ မြူတွေလင်း။ မားမားစွင့်စွင့် ဖူးတိုင်းပေါ်တယ်၊ တုနှိုင်းမမျှော် ခြောက်ရောင်ရှိန်လို့ဝင်း ။ ။ ဝိဇယာပူရ ပင်းယထူတယ် မင်းသီဟသူ စိုးပိုင်နင်း၊ ပန်းထိမ်သည်တော် ဇေိန်သင်းနှင့်၊ ပုညမည်ရင်း မတ်ကဝိန်၊ တူကွတိုင်ပင် တည်ပြုကိုး၊ ဘယ်ခါမညှိုး၊ တန်ခိုးထွန်းလျှံထိန်။ ။ နှစ်ဆူဓာတ်မြတ် လွန်မွေ့ သိမ်တယ်၊ ဝါဦးပုဏ္ဏိမ် ခါသမယနိုက်၊ ဝိဇယာပူရ ပြည်သားပြည်သူ၊ ဆွမ်းဦးစကပ်လှူ၊ ပုညရှင်ဟု သမိုင်းထူသည်၊ ဘွဲ့တော်မွေးကြူ သင်းပျံ့ပါလှလေး "

ဤစေတီဝင်ချုပ် သံပေါက်နှင့် တေးထပ်အရ ပုညရှင် စေတီတော်တည် သက္ကရာဇ်သည် ပင်းယမြို့တည် သက္ကရာဇ်နှင့် တစ်နှစ်တည်း ကျနေပေသည်။ ၄င်းပြင် ပုညရှင်စေတီ ဒါယကာ

www.dhammaransi.com


မင်းပုညမှာလည်း ပင်းယက အမတ်ကျော်ဖြစ်ကြောင်း ဖော်ပြထားလိုက်ပေသေးသည်။ ယင်းသို့ ပင်းယနှင့် ပုညရှင်စေတီတော် ဆက်သွယ်လျက်ရှိနေရကား ပင်းယမြို့တည်ခန်းမှ စပြမှသာ ရှင်းလင်း ပြည့်စုံနိုင်ပေတော့သည်။ သို့ဖြစ်၍ တစီးရှင် သီဟသူ ပင်းယမြို့တည်ထောင်ပုံ အခြင်းအရာကို ဦးကုလား၊ မှန်နန်း၊ ဇာတာတော်ပုံ၊ မဏိရတနာပုံစသော ရာဇဝင်ကျမ်းများမှ ကောက်နုတ်၍ မကျဉ်းမကျယ် သိလွယ်ရုံ ပြလိုက်ပါဦးမည်။

## ပင်းယတည်ထောင်ခြင်း၏ နောက်ခံရာဇဝင်

ရာဇဝင်ကျမ်းများမှ သိရှိရသော ပင်းယမြို့တည်ပုံ အခြင်းအရာကား။ ။ သိခံဗိုလ် သား - အသခ်ယာ၊ ရာဇသင်္ကြံ၊ သီဟသူ ရှမ်းညီနောင် သုံးဦးတို့သည် ပုဂံ နရပတိသီဟပတေ့မင်းကြီး လက်ထက်တွင်ပုဂံသို့ရောက်လာကြသည်။သားတော်ကျော်စွာမင်းလက်ထက်၌ ကျော်စွာမင်းက အစ်ကို အကြီး အသခ်ယာအား မြင်စိုင်းမြို့ကို ပေးတော်မူ၏။ညီတော်အလတ် ရာဇသင်္ကြံအား မက္ခရာမြို့ကို ပေးတော်မူ၏။ညီတော်အငယ်သီဟသူအားပင်လယ်မြို့ကိုပေးတော်မူ၏။ ဤအစီအစဉ်မှာ မှန်နန်း ရာဇဝင်တော် အရ ဖြစ်လေသည်။ ဦးကုလားမဟာရာဇဝင်ကြီးနှင့် ဇာတာတော်ပုံ ရာဇဝင် စသည်များ၌မူကား ရာဇသင်္ကြံကို အစ်ကိုကြီးဆုံးအရာထား၍ အသခ်ယာကို ညီအလတ်အရာထားသည်။ သီဟသူ ကိုမူကား ရာဇဝင်အားလုံးတို့၌ပင် တညီတညွတ်တည်း ညီအငယ်ဆုံးအဖြစ်ဖြင့် ပြဆိုထားပါသည်။

ဤသို့မင်းညီနောင်သုံးပါးတို့ မြင်စိုင်းမြို့ကိုအခြေပြုရလျှင် မိမိတို့၏ကျေးဇူးရှင်သခင်ဖြစ်သော ပုဂံကျော်စွာမင်းကို မိဖုရားကြီးဘွားစော၏ အကူအညီဖြင့် သက္ကရာဇ် ၆၆၀ ပြည့်နှစ်တွင် ထီးနန်းမှချ၍ မင်းညီနောင်သုံးပါးတို့ အပြိုင်မင်းပြုကြလေသည်။

ဤသို့ပုဂံနန်းရိုးဖြစ်သောကျော်စွာကို နန်းချသည်နှင့်ပတ်သက်၍ ပုဂံကျော်စွာမင်း၏ သားတော် စောနစ်မင်းက မကျေနပ်၍ တရုတ်တို့ကိုချီပင့်ရာ သက္ကရာဇ် ၆၆၂ ခုနှစ်တွင် မြင်စိုင်းသို့ တရုတ် စစ်သည်များ ရောက်ရှိလာလေသည်။ တရုတ်စစ်မှာ အင်အားကြီးမားလှ၍ တရုတ်စစ်သားများကမြင်းချေး တစ်ယောက်တစ်လုံး၊ မြေတစ်ယောက် တစ်ဆုပ်နှင့်ပစ်လျှင်ပင် မြင်စိုင်းမြို့သည် ပျက်ဖွယ်ရာရှိသည်ဟု ဆိုစကုန်၏။ သို့ရာတွင် မင်းညီနောင်သုံ့ပါးတို့မှာ ဂူမ်းသမားများထံမှ နည်းနာရပြီး အမှုသည်ဖြစ်သော နန်းကျကျော်စွာကို သတ်ပြီးလျှင် ပုဂံနန်းရိုးမရှိပြီဟု ကျော်စွာ ခေါင်းကို တရုတ်တို့အားပြလေ၏။ တရုတ်စစ်သူကြီးတို့လည်း မင်းရိုးမရှိပြီးသော် ငါတို့ပြန်တော့မည်၊ပဏ္ဍာကာရ သာပေးတော့ဟု ဆို၍ ပဏ္ဍာကာရကို ယူဆောင်ပြီးပြန်ကြလေသည်။

www.dhammaransi.com



တရုတ်တို့ပြန်သည့်နှင့် သက္ကရာဇ် ၆၆၂ ခုနှစ်၌ မင်းညီနောင်သုံးပါးတို့တွင် ( ၁ )အကြီးဖြစ်သော အသခ်ယာမင်းက မြင်းစိုင်းမြို့တွင် ရွှေနန်းတည်၍နေလေသည်။ ( ၂ )ညီတော်အလတ် ရာဇသင်္ကြံက မက္ခရာမြို့တွင်နေလေသည်။ ( ၃ )ညီတော်အငယ် သီဟသူက ပင်လယ်မြို့တွင် နေလေသည်။ မင်းညီနောင်သုံးပါး အပြိုင်မင်းပြုကြ၍ ( ၅ )နှစ်ရှိသောအခါ မက္ခရာမင်း ရာဇသင်္ကြံ အနိစ္စရောက်တော်မူသည်။ ထို့နောက် ( ၁၂ )နှစ်ရှိလျှင် နောင်တော်မြင်စိုင်းရွှေနန်းရှင်ကို ညီတော်ပင်လယ်စား သီဟသူက အစာတွင်ဆေးခတ်ပြီး လုပ်ကြံ၍ အနိစ္စရောက်လေသည်။

ပင်လယ်စား သီဟသူကား နောင်တော်နှစ်ပါးနှင့်အပြိုင် မင်းပြုတော်မူ၍ နောင်တော်အကြီး မြင်စိုင်းရွှေနန်းရှင် အသခ်ယာ မလွန်မီတစ်နှစ် သက္ကရာဇ် ၆၇၁ ခု၊ပင်လယ်မှာမင်းပြုစဉ်ကပင် မြို့တည်အံ့ဟု မြို့ရာရှာသောအခါ အဝမြို့တည်ရာသန်လျက်ခုံအငူစွန်းတွင် မြို့တည်မည်ဟု ဝှတော်သစ်ဘုရားကို စတည်ရာ မိုးလအခါ ဝှတော်သစ်ဘုရား ဆပ်သွားဖူးတိုင်အောင် ရေမြုပ်သဖြင့် ဤအရပ်မှာလွန်စွာချိုင့်ဝှမ်း၍ မြို့တည်ရန် မသင့်လျော်ဟု မြို့တည်ခြင်းကိုစွန့်ပျက်စီးလေ၏။

ထို့နောက် သက္ကရာဇ် ၆၇၂ ခု၊နောင်တော်မြင်စိုင်းရွှေနန်းရှင် ကွယ်လွန်ပြီးသောအခါ ထိုအဝတည်ရာဌာနမှာပင် တစ်ကြိမ်မြို့တည်ပြန်၏။ မိုးတွင်းအခါ အိမ်တိုင်းလိပ်တက်၍ မင်္ဂလာမရှိသောကြောင့် တစ်ကြိမ်ပျက်ပြန်လေ၏။

ထို့နောက် တစ်နှစ် သက္ကရာဇ် ၆၇၃ ခုနှစ်တွင် အဝတည်ရာမှာပင် တစ်ကြိမ်ထပ်၍ကြိုးစား ပြန်ရာဤတစ်ကြိမ်တွင်လည်းမိုးတွင်းအခါရေကြီး၍အိမ်တိုင်းအိမ်တိုင်း ငါးကြီးတက်၍ပျက်ပြန်လေသည်။

ထို့နောက် ဘီလူးပန်းနီပန်၍ မြို့ထဲဝင်ပြီးလျှင် အုတ်ခဲနှင့် အိမ်တိုင်းကို ပစ်ခတ်လေ၏။လူအပေါင်းတို့ ထိတ်လန့်ကြသဖြင့် သေပျောက်ပျက်စီးကြ၏။ ရောဂန္တရကပ်တိုက်သည်ဟု ဆိုလိုသည်။ ထို့ကြောင့် တစ်ကြိမ်မြို့ပျက်ပြန်လေသည်။

# သီဟသူ ပင်းယမြို့ကိုတည်ထောင်ခြင်း

ထိုသို့ အကြိမ်ကြိမ်ပျက်သောကြောင့် သီဟသူမင်းက စနည်းတဘောင်နာစေရာ " တောင်းလည်းလျှင်လျှင်တောင်း၊ ရောင်းလည်းလျှင်လျှင်ရောင်း၊ အရေးမကောင်းဒက္ခိဏာသို့လျှင်လျှင်ပြောင်း " ဟူသော စနည်းတဘောင်ကို ရရှိလေသည်။ ဤတဘောင်အရ တောင်အရပ်သို့ လျင်မြန်စွာ ပြောင်းရွှေ့၍ မြို့တည်မှ အောင်မြင်မည့်အကြောင်းကို နိမိတ်ကောက်ယူပြီးလျှင်အဝတောင် သင်း အရပ်သို့

www.dhammaransi.com



ပြောင်း၍ မြို့ရာကိုကြည့်ကြပြီးလျှင် ရွှေစည်းခုံဘုရားတည်ရာဌာနခွဲ မြေကို တူးကြည့်ရာ အရိုးအခက် အရွက်အသီးနှင့်တကွရွှေပန်းခိုင်ကို ရရှိလေ၏။ ထိုအခါ၌အရပ်က မင်းဝန်တောင်ညွှန့်ဖြစ်၍ဘူမိနက်သန် မြေကြန်လက္ခဏာ ကောင်းမွန်သည်ဟူ၍ နိမိတ်ယူပြီးလျှင် သာသနာတော် ၁၈၅၆ နှစ်၊ကောဇာသက္ကရာဇ် ၆၇၄ ခုနှစ်၊တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် -

( ၁ ) နန်း

( ၂ ) မြို့

( ၃ ) ကျုံး

( ၄ ) ရွှေဂူဘုရား

( ၅ ) အတွင်းရွှေကျောင်း

( ၆ ) ထောက်ရည်ကန်

( ၇ ) ကန်လှ ။ ။ဤခုနစ်ဌာနနှင့်တကွ ဝိဇယာပူရ ဟူသော ပင်းယမြို့ကြီးကို စတင် တည်ထောင်တော်မူလေသည်။

## ခုနစ်ဌာန ဝိဝါဒ

အထက်ပါ မြို့တည်ခုနစ်ဌာနမှာ မှန်နန်းရာဇဝင်တော်အရ ဖြစ်၍ ဦးကုလား မဟာရာဇဝင်ကြီး စသည်တို့၌မူကား မြို့တည် ခုနစ်ဌာနစာရင်းကို ( ၁ ) ပင်းယမြို့ ( ၂ ) နန်းတော် ( ၃ ) ရွှေစည်းခုံ ( ၄ ) ဂူတော်သစ် ( ၅ )ထောက်ရည်ကန် ( ၆ )ကန်လှ ( ၇ )ကျုံး ဟူ၍တစ်နည်းပြဆိုထားသည်ကို တွေ့ရပေသည်။ မင်းဆက်လင်္ကာ၌လည်း ဦးကုလားမဟာရာဇဝင်ကြီးနှင့်အညီ အောက်ပါအတိုင်း စပ်ဆို ဖော်ပြထားလေသည်။

### မင်းဆက်လင်္ကာမှ သတ္တဌာန

“ ညီထွေးတမူ၊ သီဟသူဟု၊ ဇမ္ဗူကျုံးမည်၊ လက်ရုံးရည်နှင့်၊ ရှေ့တည်ပင်လယ်၊ ပျော်စံပယ်မှ၊ ဘုန်းကြွယ်သာသနာ၊ ထောင်ကသာ၍၊ ရှစ်ရာစွန်းကယ်၊ လေးဆယ်စွန်းလစ်၊ နှစ်နှစ်ပေါ်စ၊ နှစ်ဝသဲတွင်၊ မြို့မ နန်းဘုံ၊ စည်းခုံ ဂူသစ်၊ ကျုံးရစ်ဝိုက်လည်၊ ထောက်ရည် ကန်လှ၊ သတ်ဌာနကို၊ တကာလချင်း၊ ပြီးစေလျှင်းအောင်၊ မြို့ပင်းယပြည်၊ ထောင်စတည်၏ ” ဟူ၍ဖြစ်ပေသည်။

www.dhammaransi.com



## ပန်းရ မှ ပင်းယ သို့

မြို့ရာကြည့်သောအခါ ရွှေပန်းရသောကြောင့် မြို့မည်ကိုပထမ၌ ' ပန်းရ ' ဟုခေါ်ကြသည်။ နောက်မှ အခေါ်ဝေါ်ဟာရပြောင်းလဲပြီးလျှင် ' ပင်းယ ' မြို့တွင်သည်ဟုပြောစမှတ်ရှိ၏။

'ပန်းရ' 'ပင်းယ' ရေးထုံးနှင့်ပတ်သက်၍မှန်နန်းရာဇဝင်တွင် မှတ်ချက်အနေဖြင့် ထုတ်ဆောင်တင်ပြ ထားသည်မှာကား -

" မြို့ရာကြည့်သောအခါ ရွှေပန်း ရသောကြောင့် ' ပန်းရ 'ဟုတွင်၏၊ ရှည်သဖြင့် 'ပင်းယ' ဟုခေါ်ဝေါ်ရေးမှတ်ကြကုန်၏။မဏိကုဏ္ဍလန့်က်လည်း' စစ်ကိုင်း ပံယာဝပူရေသု ' ဟူ၍လည်းကောင်း ပင်းယမိဖုရား ဥမ္မာဒဏ္ဍီကျောင်း ကျောက်စာနှိုက်လည်း ' ပမျာဘိ. ဓာန နဂရေ 'ဟူ၍လည်းကောင်း ရှေးဆရာတို့ဖွဲ့ဆိုသည့်ဂါထာ ကျောက်စာများနှင့်လည်း ပင်းယခေါ်ဝေါ်ရေးမှတ်သော စကားသည်ညီ၏။ မြို့ကိုလည်း ဝိဇယာပူရ ဟုသမုတ်တော်မူ၏ " ဟူ၍ဖြစ်လေသည်။

ပန်းရ-ပင်းယ ရေးထုံးအပြင် ' ပန်းယ 'ဟူသောရေးထုံးတစ်မျိုးလည်းတွေ့ရပေသေးသည်။ ယင်းမှာ ပုံနှိပ်မူအချို့တွင်သာမဟုတ် ဘိုးတော်၏ ဆင့်ထိုး၊စပ်ထိုးကျောက်စာအချို့၌ပင် သွား၍တွေ့နေရပေသည်။ သို့ရာတွင် ပင်းယ ၊ ပန်းရ တို့လောက် ရေးထုံးမကျတတ်ဟု ဆိုရမည်ဖြစ်ပေသည်။

# အသင်္ခယာစောယွမ်း
# စစ်ကိုင်းမြို့ကို ပင်းယနှင့်အပြိုင် တည်ထောင်ခြင်း

သီဟသူမင်းကြီးသည် ဝိဇယာပူရ ပင်းယမြို့ကိုတည်ထောင်ပြီးနောက် ( ၂ )နှစ်ရှိသောအခါ စမုန်မြစ်ဝယ်ဆင်ဖြူမတစ်စီး မျောလာသည်ကို ဆယ်ယူစက်ဖြင့်ထူပြီးလျှင် ရတနာကတင်၍စီးတော်မူ၏ ယင်းတွင်မှ သီဟသူကို တစီးရှင်သီဟသူ တွင်၏။ သီဟသူ၏မင်းဘွဲ့အပြည့်အစုံမှာ ' သီရိတြိ ဘဝနာ ဒိတျာပဝရသီဟသူရ ဓမ္မရာဇာ 'ဟူ၍ ဖြစ်လေသည်။

တစီးရှင်သီဟသူတွင် ပုဂံနန်းကျကျော်စွာ မိဖုရား စောတော်ဦးကို ယူ၍ ဘွားစောအမည်နှင့် မိဖုရားမြှောက်သည်တွင်မြင်သော သားတော်ကြီး ဥဇနာကို နန်းလျာထား၍ အိမ်ရှေ့ပေးတော်မူသည်။

www.dhammaransi.com



သားတော်အလတ်ကျော်စွာအား ပင်လယ်မြို့ကို ပေးတော်မူသည်။ အငယ် နော်ရထာအား သျှိသျှားမြို့ ( မိတ္ထီလာမြို့ )ကို ပေးတော်မူ၍ မြောက်နန်းတော်ရတနာပုံမိဖုရား တွင်မြင်သော သားတော်အခံယာ စောယွမ်းအား စစ်ကိုင်းမြို့ကို သနားတော်မူသည်။

## ရာဇဝင် ရှင်းလင်းချက်

အသခံယာစောယွမ်းစစ်ကိုင်းမြို့ကိုစားရသည့်နှစ်နှင့်ပတ်သက်၍ရာဇဝင်ကျမ်းများ၌ တစ်ကျမ်းနှင့် တစ်ကျမ်းမတူဘဲ မူအမျိုးမျိုးကွဲပြားလျက်ရှိရာ ယင်းသည်တို့ကို သက္ကရာဇ်စဉ်အရ အောက်တွင်ဖော်ပြ လိုက်ပါသည်။

( ၁ ) မဏိရတနာပုံကျမ်း စာမျက်နှာနံပတ် ၅၂ တွင် – " စစ်ကိုင်းတည် သက္ကရာဇ်ကား ဘုရားသခင်သာသနာတော် ၁၈၅၀ ( ကောဇာအားဖြင့် တွက်ယူလျှင် ၆၆၈–ခု )နှစ်တွင် အသခံယာ စောယွမ်းကို ခမည်းတော်တစီးရှင်ပေး၍ တည်ထောင်စပြုသတည်း " ဟူ၍လည်းကောင်း၊ တဖန် စာမျက်နှာနံပတ် ၂၇ တွင်---

" ညီတော် အသခံယာစောယွမ်းသည် ခမည်းတော်လက်ထက် သက္ကရာဇ် ၆၈၀ တွင်သစ်ကပ် တည်၍ နေရသည်၊ နောင်တော်ဥဇနာလက်ထက် သက္ကရာဇ် ၆၈၃ ခုတွင် အုတ်မြို့တည်၍ နေရသည် " ဟူ၍ လည်းကောင်း နှစ်မျိုး ဖော်ပြထားလေသည်။

( ၂ ) ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်ကျမ်း စာမျက်နှာနံပါတ် ၇၈ တွင်

" သာသနာတော် ၁၈၅၂ ( တစ်ထောင့်ရှစ်ရာငါးဆယ့်နှစ် ) နှစ်ကို ရောက်သောအခါ စစ်ကိုင်းကို တစီးရှင်မင်းကြီး မယားမြောက်မိဘုရား ရတနာပုံဘုားတော် သခံယာဟု အမည်ရှိသော အတွင်းစကြံဘုရားဒါယကာတော် အစမူ၍ "ဟု သခံယာစောယွမ်း စစ်ကိုင်းမြို့ကို သာသနာနှစ်၁၈၅၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၆၇၀ ပြည့်နှစ်တွင် တည်ကြောင်းဆိုထားလေသည်။ သက္ကရာဇ် ၆၆၈၊ ၊ ၆၇၀ ပြည့်နှစ် များသည် သီဟသူ ပင်းယမြို့ကို မတည်ရသေး၊ ပင်လယ်မြို့မှာ စိုးစံနေခိုက်ဖြစ်လေသည်။

( ၃ ) မှန်နန်းရာဇဝင်တော်ပထမအုပ် စာမျက်နှာနံပတ် ၄၁၃ ပ[illegible]ကား – " စောယွမ်းလည်း အလုံးအရင်း ဆင်မြင်းစား ကျေးစားလက်ရပြီးလျှင် သာသနာတော် ၁၈၅၉ နှစ်၊ သုံးလ တစ်ဆယ့် နှစ်ရက်၊ ကောဇာသက္ကရာဇ် ၆၇၇ ခုသော်စစ်ကိုင်းမြို့ကိုတည်၍ မြောက်ဘက်တစ်လွှားကို လက်နက်နိုင်ငံ ပြုပြီးလျှင် ခြားနားလေ၏ " ဟူ၍ လည်းကောင်း၊ တဖန် စာမျက်နှာနံပတ် ၄၂၇ တွင် ...

www.dhammaransi.com



" စစ်ကိုင်းမှာကား ပင်းယမြို့တည် တစီးရှင်သီဟသူမင်းကြီး၏လက်ထက် သာသနာတော်နှစ် ၁၈၅၉ နှစ်၊ သက္ကရာဇ် ၆၇၇ ခုဟွင် တစီးရှင် သားတော်မင်း စောယွမ်းသည် မြို့တည်ပြီးလျှင် သီရိအသခ်ယာ ဟူသော အမည်ကိုခံ၍ မြောက်ဘက်တစ်လွှားကို မင်းပြုတော်မူ၏ "

ဟူ၍လည်းကောင်း စစ်ကိုင်းမြို့တည် သက္ကရာဇ်ကို နှစ်နေရာစလုံးမှာပင် တစ်မျိုးတည်းပြဆိုထားလေသည်။

( ၄ ) ဦးကုလား မဟာရာဇဝင်ကြီးတွင်ကား ၆၈၄ - ၆၈၅ ခုနှစ်များကျမှ စစ်ကိုင်းတည်ကြောင်းကို ဆိုသည်။ ထိုအဆိုကို မဟာရာဇဝင်ကြီး ပထမအုပ် စာမျက်နှာ နံပတ် ၃၂၂ တွင် ...

" စောယွမ်းလည်း အလုံးအရင်း ဆင်မြင်းစား ကျေးစားလက်ရပြီးလျှင် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် စစ်ကိုင်းတွင် သစ်မြို့တည်၍ သက္ကရာဇ် ၆၈၅ ခုတွင် အုတ်မြို့တည်၍ မြောက်ဘက်အလုံးကို လက်နက်နိုင်ငံပြု၍ ခြားနားလေ၏ " ဟူ၍ ရေးသားဖော်ပြထားလေသည်။

ဤဦးကုလား မဟာရာဇဝင်ကြီး အဆိုနှင့်အညီ ဓာတာတော်ပုံ ရာဇဝင်၊ စစ်ကိုင်းသမိုင်းနှင့် စစ်ကိုင်း အတ္ထုပ္ပတ္တိစာတန်း ( ပေမူ ) များကလည်း စစ်ကိုင်းမြို့ကို ၆၈၄ - ၆၈၅ ခုများတွင် တည်ကြောင်း အသီးသီး ဖော်ပြကြလေသည်။

သို့သော် ၆၈၄ ခုနှစ်တွင် စစ်ကိုင်းမြို့တည်သည်ဆိုသော မဟာရာဇဝင်တော်ကြီး အဆိုကို မှန်နန်းမဟာရာဇဝင်တော်က စစ်ကိုင်းမြို့စကြံကျောင်း ကျောက်စာကို ကိုးကားထုတ်ဆောင်ပြီးလျှင် ပယ်ထားလေသည်။ စကြံကျောင်း ကျောက်စာအရ သက္ကရာဇ် ၆၈၄ ခုနှစ်သည် စစ်ကိုင်းမြို့တည် သက္ကရာဇ် မဟုတ်ဘဲ အသခ်ယာစောယွမ်း နတ်ရွာစံ လွန်သည့်နှစ် ဖြစ်နေပေသည်။

## မှုနှစ်မှုကို ညှိနှိုင်းပြဆိုချက်

ဤသို့စစ်ကိုင်းမြို့တည် သက္ကရာဇ်နှင့် ပတ်သက်၍ ရာဇဝင်ကျမ်းများ တစ်စောင်နှင့် တစ်စောင် မညီမညွတ် ဖြစ်နေရာ အဓိကအားဖြင့်ကွဲပြားလျက်ရှိသော ဦးကုလား မဟာရာဇဝင်ကြီးနှင့် မှန်နန်းမဟာရာဇဝင်တော် အဆိုကို ညီညွတ်တိုက်ဆိုင်မိအောင် ညှိနှိုင်းပေးသည့်အနေဖြင့် မြန်မာနိုင်ငံ သုတေသနအသင်းမှ တည်းဖြတ်သော ဦးကုလား မဟာရာဇဝင်ကြီး ပထမအုပ် စာမျက်နှာနံပတ် ၃၂၂ အောက်ခြေမှတ်ချက်တွင် ...

" (င) သက္ကရာဇ် ၆၈၄ တွင် က၊ မ ဟူသည်ကား ၄င်းနှစ်ပင် စောယွမ်းကို စစ်ကိုင်းစားပေးသည်၊ ထိုပေးသောနှစ်တွင် ခမည်းတော်ကို ခြားနား၍နေသည်ဟူ၍ အဓိပ္ပာယ်ရောက်လေ၏။

www.dhammaransi.com



စင်စစ် မှာကား ၆၇၇ ခုတွင် စောယွမ်းအား စစ်ကိုင်းကိုပေးသည်၊ ၆၈၄ ခု ခမည်းတော် တစီးရှင် နတ်ရွာစံလျှင် စစ်ကိုင်းမြို့သစ်ကိုတည်သည်၊ ၆၈၅ ခုတွင် အုတ်မြို့တည်သည်ဟုယူဆရန်ရှိချေ၏။ (လ) စောယွမ်းကား ခမည်းတော် လက်ထက် ဘုရင်ခံမင်းသားကြီးအဖြစ် အိမ်ဖြူသာစံချေမည်၊ လေးနှစ်ကြာကာလ ခမည်းတော်မရှိသည့်နောက် နောင်တော်ကိုခြားနား၍ စံသည်ကား ရှစ်နှစ်၊ စစ်ကိုင်းကိုပေးသောအခါ အသက် ၁၆ နှစ်သာ ရှိသေး၍ သုံးရပ်ပေါင်းသော် အသက်၂၈ နှစ်တွင် နတ်ရွာစံ၏။ မင်းရဲကျောင်း ကျောက်စာ၌ကား အိမ်နိမ့်နှင့် မြို့စားအဖြစ်နှင့် နေရသော လေးနှစ်ကို ဂုဏ်ငယ်၍ မရေးထည့်ဘဲ နေဟန် တူ၏ " ဟူ၍ ရှင်းလင်းဖော်ပြထားလေသည်။

ဤရာဇဝင်ရှင်းလင်းချက်ဖြင့် အသခ်ယာစောယွမ်းသည် သက်တော် ၁၆ နှစ်၊ မှန်နန်းအလို ၁၄ နှစ်အရွယ် သက္ကရာဇ် ၆၇၇ ခုနှစ်ကပင် စစ်ကိုင်းမြို့ကိုတည်ထောင်စပြုသည်ဟုကောက်ယူနိုင်ပေသည် မှန်နန်းအဆိုနှင့် ညီညွတ်သော ဤ ၆၇၇ ခုနှစ်ကိုယူလျှင် ပင်းယမြို့တည်ပြီးနောက် ၃ နှစ်အရတွင် စစ်ကိုင်းမြို့ကို တည်ထောင်ခြင်းဖြစ်၍ ရှေ့နောက် ထောက်ထားဆင်ခြင်လျှင် သင့်လျော်လှသည်ဟု ဆိုရမည်ဖြစ်လေသည်။ ။ ရာဇဝင်ကျော်တွင် ပြဆိုထားသော စစ်ကိုင်းတည် သက္ကရာဇ် ၆၇၀ ပြည့်နှစ်က ပင်းယမြို့ကိုပင် မတည်ထောင်ရသေး ၄ နှစ်ခန့်မျှပင် စောနေသေး၍ စဉ်းစားဆင်ခြင် သင့်ပေသည်။ မည်သို့ဆိုစေ စစ်ကိုင်းကား ပင်းယမြို့တည်ပြီးနောက် ပင်းယနှင့် မရှေးမနှောင်းကပင် အပြိုင်သဘော တည်နေပြီဖြစ်ကြောင်းကို ဆိုနိုင်ပေသည်။

ဤသို့ ရာဇဝင်ရှင်းလင်းချက်များကို ကျယ်ဝန်းစွာ ထုတ်ဆောင်တင်ပြနေရသည်မှာ ပုညရှင် စေတီတော်ကြီးသည် စစ်ကိုင်း၊ ပင်းယခေတ်ဦးတွင် စစ်ကိုင်း၊ ပင်းယမြို့တည် မင်းနှစ်ပါး စလုံးနှင့် ပတ်သက် ဆက်နွယ်နေသောကြောင့် တင်ကြိုရှင်းလင်းလိုက်ရခြင်းဖြစ်ပေသည်။

## တစီးရှင် သီဟသူ၏ နန်းဖွင့်အခမ်းအနား

သက္ကရာဇ် ၆၇၄ ခု တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် တစီးရှင် သီဟသူသည် သတ္တဌာနနှင့်တကွ ဝိဇယာပူရ အမည်ရှိသော ပင်းယမြို့နန်းကို တည်ထောင်ပြီးစီးသောအခါ နန်းသိမ်း နန်းဖွင့် မင်္ဂလာ အစီအစဉ်များကို မကျွမ်းကျင်သောကြောင့် ပုဂံမြို့မှာ ရှိနေသော မိဖုရားဟောင်း ဘွားစောကြီးကို သီဟသူကပင့်ခေါ်ပြီးလျှင် ရှေးမင်းတို့ နန်းရိုးထုံးစံရှိသည့်အတိုင်း မိဖုရားစော ကိုယ်တိုင် ကြီးကြပ်စေ၍ နန်းဖွင့် မင်္ဂလာ အခမ်းအနားကို ဆင်ယင်ကျင်းပတော်မူလေသည်။

www.dhammaransi.com



သီရိတြိဘဝနာ ဒိတျာပဝရ သီဟာသူရဓမ္မရာဇ် ' ဟူသော အမည်ကိုလည်း ခံယူတော်မူသည်။

ထိုနန်းဖွင့် မင်္ဂလာအခါတော်မှာ မှူးမတ်ဗိုလ်ပါ လွန်စွာစည်ကား ကြီးကျယ်လှသဖြင့် မိဖုရားစောက ရှေးပုဂံမင်းများ ကောင်းစားစဉ်ကကဲ့သို့ မှူးမတ်ဗိုလ်ပါ ထူထပ်ပေါများပါပေ၏။ ဘုန်းကြီးပေစွဟု ချီးမွမ်းတော်မူပြီးလျှင် ငါ့မှာ ပေးစရာအထူးမရှိပါ ဆိုပြီးကာ နော်ရထာမင်းစော လက်ထက်က ရရှိရင်းဖြစ်သော ရွှေသောက်ရေတင်နှင့် ရွှေခါးကြိုးကို သီဟသူအားပေးလေ၏။ မိဖုရားစောအားလည်း သီဟသူမင်းက အဆောင်အယောင် အခမ်းအနားစုံလင်စွာ ပေးပြီးလျှင် ပုဂံမြို့သို့ ကြီးကျယ်စွာ ပြန်၍ပို့လိုက်၏။

## ပင်းယသို့ သရီရဓါတ်တော်များ ရောက်ရှိလာပုံ

ထိုအခါ ပုဂံပြည်ဝယ် အနော်ရထာမင်းကစ၍ နရပတိစည်သူမင်းတိုင်အောင် မင်းခုနစ်ဆက်တို့ နန်းစဉ်ထား၍ ကိုးကွယ်လာခဲ့သော ရတနာပန်းတောင်းဝယ် ဌာပနာထားသည့် သရီရဓာတ်တော် ခုနစ်ဆူကို မိဘုရားဘွားစောက တစီးရှင်သီဟသူသို့ ဆက်လှာသည်။ ဤသည်မှာ ပေမူနှင့်ရှိသော သိရိဓမ္မာသောက စေတီသမိုင်းအပါအဝင် ပုညစေတီသမိုင်းအရ ဖြစ်လေသည်။

မှန်နန်း ရာဇဝင်တော်တွင်ကား မိဖုရားစောက ထိုသို့သရီရဓာတ်တော်များ ပေးဆက်လှာသည်ဟုမဆို၊ ဖော်ပြခဲ့ပြီးသည့်အတိုင်း နော်ရထာမင်းလက်ထက်က ဆက်ခံရရှိသော ရွှေသောက်ရေတင်နှင့် ရွှေခါးကြိုးကိုသာ သီဟသူမင်းကြီးအား လက်ဆောင်အဖြစ် ပေးကြောင်းဆို လေသည်။ သို့ရာတွင် တစ်နေရာ ( ပထမစကားနှင့် ၆ မျက်နှာအကွာ စာမျက်နှာနံပတ် ၄၁၄ ) တွင်ကား အနော်ရထာမင်းစော လက်ထက်တော်က ကွမ်းခွက်တော်ဟွင် ဌာပနာ၍ မင်းစဉ် ကိုးကွယ်တော်မူသော သရီရဓာတ်တော် ခုနစ်ဆူအနက် ငါးဆူသော မွေတော်တို့ကိုလည်း ကောင်းမှုတော် ရွှေစ (ပင်းယမြို့ရှိ) တွင် ဌာပနာတော်မူ၏၊ ကျန်သည့် ဓာတ်တော်နှစ်ဆူကို မည်သည်မှာ ထားသည် သမိုင်းစာဟောင်းတို့၌ ပန်းထိမ်ငစိန်သင် လက်တွင်ပါ၍ စစ်ကိုင်းပုညရှင်မှာ ပုညအမ ဌာပနာလေသည်ဟု ဆိုသည်။ ဤမှန်နန်းစကားကိုယူ၍ သာသနာလင်္ကာရ စာတမ်းတွင်လည်း ပြ ထားပေသည်။ ဤသို့မှန်နန်းရာဇဝင်တော်နှင့် သာသနာလင်္ကာရ စာတမ်းတို့က တစီးရှင် သီဟ ရောက်ရှိလာသော သရီရ ဓာတ်တော် ခုနစ်ဆူကို မိဖုရားစော ပင့်ဆောင်လာသည်ဟု တိုက်ရိုက်ဖော်ပြထားခြင်း မရှိသော်လည်း နန်းဖွင့်အခမ်းအနား၌ မိဖုရားစောက နော်ရထာမင်းစော

www.dhammaransi.com

ခုနစ်ဆူ ပင်းယ တစီးရှင် သီဟသူလက်ဝယ်သို့ရောက်ရှိလာပုံသည် စေတနာရှိးရှိးဖြင့် ရောက်ရှိလာရ ခြင်းမျိုးမဟုတ်ဘဲ ဆန်းပြားပွေလီသော နည်းမျိုးဖြင့် တစ်တိုင်း တစ်နိုင်ငံက ပို့ဆက်လိုက်၍ ရောက်ရှိ လာကြောင်းကို အသီးသီးဖော်ပြလျက်ရှိပေသည်။

ယင်းသို့ စေတနာဆိုးဖြင့် ပေးပို့လိုက်သော တစ်ပြည်တစ်နိုင်ငံ မင်းများအမည်ကို တောင်ဖီလာဆရာတော် သွင်းစာ၌ သမုဒ္ဒရာခြားသော ကျည်းပုဏ္ဏား၊ ကျည်းကုလားများဟုဆို၍ စစ်ကိုင်း တောင်ညွန်းနှင့် ဗုဒ္ဓပူဇနိယကျမ်းများက သိန်းယို ( သီဟိုဠ် ) ကျေးကုလားများဟုဆိုလေသည်။ ဘိုးဝဇီရ၏ ပုညရှင် စာတန်းကမူကား ပဋိက္ကရားမင်းဟု အမည်သီးခြားထုတ်၍ပြဆိုထားပေသည်။ ယင်းသို့ အမည်အမျိုးမျိုးတို့ဖြင့် ပြဆိုထားကြသော်လည်း ထိုသူအားလုံးတို့မှာ ဗုဒ္ဓဘာသာကို မကြည်ညိုသော သာသနာတော်၏ အပြင်အပမှ လူမျိုးခြား မိစ္ဆာဝါဒီများ ဖြစ်ကြောင်းကိုကား အညီအညွတ်ပင် ဖော်ပြလျက်ရှိကြပေသည်၊ ယင်းကြောင့်လည်း မြန်မာမင်းနှင့် မြန်မာမင်း၏ ပြည်ရွာနိုင်ငံ ပျက်စီးစေရန် ကြံစည်ကြခြင်း ဖြစ်လေသည်။

# ပန်းထိမ် ငစိန်သင်နှင့် တစီးရှင်

ဤသို့လျှင် ဝိဇယာပူရ ပင်းယမြို့တည် တစီးရှင်သီဟသူမင်းကြီးနှင့် ထိုမင်း၏ ပြည်ရွာ ယိုယွင်း ပျက်ပြားစေလိုသောနလုံးသွင်း၊ တစ်နည်းအားဖြင့် ပညာစမ်းသည့်အနေဖြင့် သမုဒ္ဒရာခြားသော တစ်ပါးတစ်နိုင်ငံမှ ကျည်းပုဏ္ဏား၊ ကျည်းကုလားတို့က မွေတော် ခုနစ်ဆူကို ရှစ်မြှောင့် ကွမ်းခွက်တွင် အိမ်နှင့်စည်၍ ရွှေမယ်န ခုနစ်ချက် ' သတ် 'ဟူသော အက္ခရာနှင့် ကောင်းမွန်စွာပြုလုပ်ပြီးလျှင် တစီးရှင်မင်းသို့ ပို့ဆက်လာ၏။

တစီးရှင်သီဟသူလည်းထိုကွမ်းခွက်တွင် ကွမ်းလက်ဖက်ပြင်၍ မဆင်မခြင် စားတော်ခေါ်မိ လေသည်။စားတော်ခေါ်သည့်နေ့မှာပင် ယားယံသောရောဂါသည် ဖြစ်ပေါ်လာ၏၊ သို့နှင့်လည်း မဆင်ခြင်မိသေး၊ ထပ်ခါတလဲလဲသုံးဆောင်ပြန်၍ ယားယံသော ဝေဒနာဖြစ်ပါတော့မှ ကွမ်းခွက်တော်၌ မသင်္ကာသောစိတ် ဖြစ်ပေါ်လာ၍ ပန်းထိမ် ငစိန်သင် ကို ခေါ်တော်မူပြီးလျှင် ရတနာ ကွမ်းခွက်တော် ( သိရိဓမ္မာသောက စေတီသမိုင်းအလို ရတနာပန်းတောင်းကို ) အပ်၍ ဖျက်စေရာတွင် မွေတော် ၅ ဆူ သာရသည်။ ကျန် ၂ ဆူမှာ တူတွင်တစ်ဆူပေတွင်တစ်ဆူဝင်၍ ကိန်းဝပ်တော်မူသည်။ သိရိဓမ္မာသောက စေတီသမိုင်း၌မူကား ပန်းထိမ်ငစိန်သင်သည် ရတနာပန်းတောင်းမှ ရွှေမယ်နတို့ကို နုတ်သော် မွေတော်

www.dhammaransi.com



ခုနစ်ဆူကိုရလေ၏။ မွေတော်မှန်းမသိ၍ တစ်ဆူကို ပေထက်တင်၍ တူနှင့်ထုသော် တူတွင်ဝင်၍နေလေသည်။ တစ်ဆူကို ပေထက်တင်၍ ထုပြန်သော် ပေတွင်ဝင်၍ နေသောဟူ၏။ ပန်းထိမ်ငစိန်သင်လည်း မွေတော် ၅ ဆူ၊ ရွှေမယ်န ခုနစ်ခု၊ သတ် ဟူသော သချ်ာကိုဆောင်၍ တစီးရှင်သီဟသူအား ဆက်လေ၏ တစီးရှင်လည်း ရွှေကွမ်းခွက်၌ ရွှေမယ်န ခုနစ်ချောင်းလည်းပါသည်။ သတ် ဟူသောအက္ခရာလည်းပါသည်။ ခုနစ်ဆူဖြစ်သင့်သည်။ နှစ်ဆူကို ပျောက်ရာသလောဟု ပန်းထိမ်ငစိန်သင်ကို ဖမ်းစေရာတွင် ပန်းထိမ်ငစိန်သင်လည်း တူနှင့်ပေကိုထမ်း၍ သန်လျက်ခုံကျွန်းအရောက်ပြေးလေ၏။

စစ်ကိုင်းတောင်ညွန်း၌မူကား ပန်းထိမ်ငစိန်သင်က တစီးရှင်မင်းထံ သွားရောက်ဆက်သသည်ဟု မဆိုပဘဲကွမ်းဟောင်းကွမ်းခွက်တို့ကိုဖျက်ရာ ညအခါ ငစိန်သင်၏ အိမ်၌ တူတွင်တစ်ဆူပေတွင်တစ်ဆူ ကွမ်းဟောင်း ကွမ်းခွက်မှထွက်၍ ရောင်ခြည်တော်ခြောက်ဖြာနှင့်မီးရှူးထွန်းသကဲ့သို့ တထိန်ထိန်တရဲရဲ တန်ခိုးပြာဋိဟာ ပြတော်မူ၍ တစ်အိမ်လုံးလင်းသော် ပန်းထိမ်ငစိန်သင်လည်း မဖြစ်ဖူးမြဲသော အံ့ဖွယ်သရဲကို မြင်ရ၍ ကြောက်ရွံ့သောကြောင့် တူပေတန်ဆာတို့ကို ယူပြီးလျှင် ညဥ့်ချင်းပင် စစ်ကိုင်းသို့ ကူးပြေး လေသည်ဟုဆိုလေသည်။ ရာဇဝတ်ဘေး ပြေးနိုင်မှလွတ်သည် ဟူသောစကားအရနှင့်ဆိုလျှင် ဤစစ်ကိုင်း တောင်ညွှန်း၏ ရေးသားချက်သည် သဘာဝ ယုတ္တိရှိသည်ဟု ဆိုရမည်ဖြစ်လေသည်။ ရှေ့တော်ဝင်၍ တင်လျှောက်ဆက်သခြင်းအားဖြင့် ပန်းထိမ်ငစိန်သင်အတွက် အချိန်ရနိုင်ဖွယ်ရာလည်း မရှိပေ။ သို့သော် ၎င်းမှာ စာရေးသူ၏ ကြံဆချက်မျှသာဖြစ်လေသည်။ စာတန်းဟောင်းများတွင်ကားမွေတော်ခုနစ်ဆူအနက် ငါးဆူသာ ဆက်သနိုင်၍ နှစ်ဆူပျောက်ရာသလောဟု ရာဇမာန်ရှ၍ ဖမ်းဆီးစေကြောင်း ဆိုထားပေသည်။

မည်သို့ဆိုစေ ပန်းထိမ်ငစိန်သင်ကား ညတွင်းချင်းပင် အဝတည်ရာ သန်လျက်ခုံကျွန်းအရောက် ပြေးနိုင်ခဲ့လေသည်။ သီရိဓမ္မာသောက စေတီသမိုင်းကမူကား ရွှေကြက်ယက်ဘုရားအရောက် ပြေးလေသည်ဟုဆိုသည်။ ပင်းယမြို့နှင့် စခန်းလမ်းမှာ အဝတည်ရာ သန်လျက်ခုံကျွန်းက ပို၍ခရီးလမ်းသင့်ပေသည်။ သို့ရာတွင် ရာဇဝတ်ဘေးမှ အလွတ်ပြေးလာရသူ တစ်ယောက်အနေဖြင့် လမ်းသာသော ခရီးထက် မထင်မရှားအသွားအလာခက်၍ လျှို့ဝှက်သော ရွှေကြက်ယက်ခရီးကို ရွေးချယ်ကောင်း ရွေးချယ်မည် ဟူ၍လည်း ယူဆနိုင်စရာ အကြောင်းရှိပေသည်။

ပန်းထိမ်ငစိန်သင် ကမ်းနားရောက်ချိန်သည် သန်းခေါင်တိုင်ပြီဖြစ်၍ လုံခြုံမှုအတွက်အတော်ပင် စိတ်ချရလေပြီ။ သို့နှင့် မြစ်ညာမှ လှေငယ်တစ်စင်း လျှော်ခတ်လာသည်ကိုမြင်ရ၍ ငစိန်သင်က အစ်ကိုကြီး စစ်ကိုင်းဘက်သို့ ကူးလျှင် လိုက်ပါမည်ဟု ဆို၏။ သီရိဓမ္မာသောက စေတီသမိုင်းက

www.dhammaransi.com



သီဟသူက သားတော် အသခ်ယာစောယွမ်းအား စစ်ကိုင်းမြို့ပေးသောအခါ သားတော်အကျိုး သယ်ပိုး ဆောင်ရွက်စေခြင်းငှာ ဆောင်ရွက်နိုင်စွမ်းသော ဉာဏ်အား လုံ့လအားနှင့် စွမ်းပကားရှိသော ယုံကြည် စိတ်ချလောက်သည့် ပုညာအမတ်ကြီးကိုပါ တစ်ပါတည်းထည့်ပေးလိုက်၍ စစ်ကိုင်းဘက်သို့ အသခ်ယာ စောယွမ်းနှင့်အတူ ပါလာခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်လေသည်။ အုပ်ချုပ်ရေးနယ်ပယ်အားဖြင့် စစ်ကိုင်းမင်း၏ သစ္စာခံဘဝဖြစ်သော်လည်း ပင်းယမင်း၏ ဩဇာရိပ်လည်း ကင်းလွတ်မည် မဟုတ်လှပေ။ ယင်းကြောင့်လည်း ပုညာအမတ်ကို တစီးရှင် သီဟသူ၏အမတ်ကြီး ဟူ၍လည်းကောင်း စစ်ကိုင်းမြို့တည်မင်း၏ သေနာပတိ အမတ်ကြီးဟူ၍လည်းကောင်း အရာအားလျော်စွာ ခေါ်ဝေါ် ရေးသားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ယင်းသို့ မူလက ပင်းယမှအမတ်ကြီးဖြစ်ခဲ့၍လည်း ပင်းယမှ ရာဇဝတ်ဘေးကြောင့် ပြေးလာ ခဲ့ရသော ပန်းထိမ် ငစိန်သင်သည် " မိးကြိုးငြိမ်းခို " ဆိုသကဲ့သို့ အားကိုးယုံကြည်လောက်သော သီဟောင်း ကျွမ်းဟောင်း ခင်ပွန်းကောင်းတစ်ယောက်အနေဖြင့် အမတ်ပုညာထံ ဝင်ရောက်ခိုလှုံလာခြင်း ဖြစ်သည်ဟု ကောက်ယူရမည်ဖြစ်လေသည်။ · အနိမ့် ရွှေစည်းခုံဘုရားကျောက်စာ ဘိုးတော်ဆင့်ထိုးခေါ် မူလကျောက်စာမှ မိတ္တူကူးယူသော ကျောက်စာအရဆိုလျှင် အမတ်ကြီး ပုညာသည် သက္ကရာဇ် ၆၈၅ ခု တရဖျားကြီးလက်ထက်နှင့် ၆၉၉ ခု၊ ရွှေတောင်တက်မင်း လက်ထက်တိုင် ကောင်းမှုကုသိုလ်ပြု၍ အသက်ရှင်လျက်ရှိနေသေးသည်ဟု ဆိုရမည်ဖြစ်လေသည်။

# ပုညာပုဒ်အဖွင့်

ဤနေရာ၌ စကားချပ်၍ ပုညာအမတ်ကြီး၏ အမည်ဝေါဟာရကို ဝေါဟာရလိနတ္ထ ဒီပနီကျမ်း ဆရာက စိစစ်ဝေဖန်၍ ပြထားသည့်အတိုင်း ဗာဟုဿစ္စမင်္ဂလာ အကျိုးရှေ့ရှုပြီး တင်ပြလိုက်ရပေဦးမည်။

ဝေါဟာရလိနတ္ထ ဒီပနီကျမ်း စာမျက်နှာနံပတ် ၃၀၂၊ ၃၀၃ အမစ္စနာမ ပဋ္ဌ ဗန္ဓစိန္တာခန်းတွင် သရေပုညာ၊ ဥတိန်ပုညာ၊ တုရင်ပုညာ စသော ပုညာဗွဲ့ရမှူးမတ်တို့၏ အမည်မှ " ပုည ' ပုဒ်ကို ဖွင့်ထုတ်ဖော်ပြရာ၌ အသခ်ယာစောယွမ်းမင်းလက်ထက် ပုညရှင်ဒါယကာပုညာဟူသော အမတ်ကြီး ရှိကြောင်းကို ဆရာတော်တို့ ဆက်သွင်းသော စာတမ်းတွင်လာသည်။ယင်းပြင် ပင်းယငါးစီးရှင်အမတ် ယင်းတော်မြို့စား တုရင်ပုညာ ဆိုသူရှိကြောင်းများကို ရာဇဝင်မှ ထုတ်နုတ်ပြီးလျှင် ' ပုည ' အပုဒ်ကို ဤသို့ ဖွင့်ပြ ထားလေသည်။

www.dhammaransi.com



သဒ္ဒနီတိတွင် ။ ။ " ပုဇ္ဇ ဘဝံ၊ ပူဇော်အပ်သော ဘဝကို။ ဇနေတိ၊ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပုညံ၊ ပုညမည်၏။ သဒါ၊ အခါခပ်သိမ်း။ ပူဇိတံ၊ ပူဇော်ထိုက်သည်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပုညံ၊ပုည မည်၏ "ဟူ၍လည်းကောင်း၊ အဘိဓာန်အနေကတ္ထဝဂ် တွင်လည်း နပုလ္လိင် ပုညသဒ္ဒါသည် ကောင်းမှု၌လည်းကောင်း၊ သုံးလိင်ဆံသော ပုညသဒ္ဒါသည် နှစ်လိုစံပယ်တင့်တယ်သည်၌လည်းကောင်း၊ ဖြူစင်သည်၌လည်းကောင်း၊ ဖြစ်၏ဟုလာသောကြောင့် ပုညာအနက်မှာ ပူဇော်အပ် ပူဇော်ထိုက်ခြင်း၊ ကောင်းမှုရှိခြင်း၊ ဖြူစင် ယဉ်ကျေးသဖြင့်နှမ်လိုစဖွယ်ရှိခြင်း စသောဂုဏ်အပေါင်းနှင့်ပြည့်စုံသောအမတ်ကြီး ဆိုလိုသည် အဓိပ္ပာယ်ယူရမည်၊ ရတနသဒ္ဒါကို မြန်မာဘာသာ ရတနာခေါ်ဝေါ်သကဲ့သို့ ပုညသဒ္ဒါကို ပုညာဆိုသည်မှတ်ရမည် " ဟူ၍ဖွင့်ပြထားသည်။

ဝေါဟာရ လိနတ္ထဒီပနီကျမ်းတွင်ကိုးကားထုတ်ဆောင်ထားချက်အရ အသင်္ခယာစောယွမ်းမင်း၏ အမတ်ပုညာနှင့် ခေတ်ပြိုင် ပင်းယငါးစီးရှင်တွင်လည်း ' တုရင်ပုညာ 'ဘွဲ့ခံ အမတ်တစ်ယောက်ရှိကြောင်း သိရှိရပေသည်။

## ဓာတ်တော် မွေတော်များ တူနှင့်ပေမှထွက်၍ တန်ခိုးပြာဋိဟာ ပြတော်မူခြင်း

အောက်ကဆိုခဲ့ပြီးသည့်အတိုင်း ပန်းထိမ်ငစိန်သင်သည် ပင်းယမြို့ဝွင်နေထိုင်စဉ်က သိဟောင်းကျွမ်းဟောင်း အဆွေခင်ပွန်းဟောင်းတစ်ယောက် ဖြစ်ခဲ့ဖူးသော အမတ်ပုညာအိမ်တွင်တည်းခိုနေစဉ် တစ်ညဉ့်သောအခါ မွေတော်ဓာတ်နှစ်ဆူသည် တူနှင့်ပေမှထွက်၍ ဖလားလုံးခန့်မျှ တဝင်းဝင်းတလက်လက်နှင့် ကွန့်မြူးစံပယ်လျှက်ရှိသည်ကို ပုညအမတ်မြင်၍ ကြည့်ရှုဖူးမြော်သောအခါ ဓာတ်တော်မွေတော်မှန်းသိ၍ အလွန်ပီတိသောမနသဖြစ်ကာ ရှိခိုးပူဇော်လေ၏။ ထိုစဉ်အခိုက်ကွယ်ခဲ့၍ မိုးသောက်လျှင် ပုညာအမတ်က ငစိန်သင်ကိုခေါ်ပြီးလျှင် မောင်တွင်ပါသော မွေတော်နှစ်ဆူကို ကိုးကွယ်ပါမည်ဟု များစွာသောဆုလာဘ်တို့နှင့်ဆို၏။ ငစိန်သင်ကလည်း " ကျွန်တော့်တွင် မွေတော်မပါပါ၊ တူနှင့်ပေသာပါပါသည်။ မွေတော်နှစ်ဆူ အမှုကြောင့် ပင်းယမင်းက ခြိမ်းခြောက်၍ပြေးခဲ့ရပါသည် " ဟုဆို၏။ ပုညအမတ်လည်း ထိုစကားကိုမယုံ၍ ငစိန်သင်အပေါ် မကြည်မသာရှိလေလျှင် ငစိန်သင်က " ကျွန်တော့်တွင် မွေတော်နှစ်ဆူမပါပါ၊ အကယ်၍ပါအံ့၊ ကျွန်တော်ခွင့်ပြုပါတော့သည်၊ ကိုးကွယ်ပါတော့၊ အပ်ပါတော့သည် "ဟုဆိုလေသည်။

www.dhammaransi.com



အမတ်ပုညာလည်း ညဥ့်ရောက်သောအခါ အိမ်ဦးတွင် ညောင်စောင်းမွေ့ရာ ခင်း၍ ပြတာန် ( ဗိတာန် )ကြက်ပြီးသော် ဆီးမီးတန်ဆောင် ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်ပြီးလျှင် ဤရတနာ ပန်းတောင်းတွင် ကိန်းဝပ်တော်မူပါဟု တောင်းပန်လေသည်။ ( ဘိုးဝဇိရ မှတ်တမ်း၌ ရွှေဖလားကို ခေါင်းပေါ်ရွက်၍ တောင်းပန်သည်ဟုဆိုသည်။ ) ယင်းသို့ အမတ်ပုညာ အဓိဋ္ဌာန်ပြု၍ တောင်းပန်လျက် ရှိနေစဉ် ရဟန်းကြီးနှစ်ပါး တောင်ဝှေးကိုင်၍ ဝင်လာသည်။ အမတ်ပုညာလည်း အတန်ငယ်ငိုက်မျဉ်း သကဲ့သို့ရှိစဉ် “ အမတ်ပုညာ ငါတို့လာသည်ကိုမသိလော ” ဟုမိန့်တော်မူသည်ကို ကြား၍ကြည့်သော် မွေတော်နှစ်ဆူသည် တူနှင့်ပေမှ ထွက်၍ ကောင်းကင်တွင် စကြံသွားလျက် စံပယ်တော်မူသည်။ အမတ်ပုညာလည်း ရတနာပန်းတောင်းကို ခေါင်းထက်ရွက်၍ ရတနာပန်းတောင်းသို့ သက်တော်မူပါဟု တောင်းပန်၏။ မွေတော်မြတ်နှစ်ဆူလည်း ရတနာပန်းတောင်းသို့သက်၍ ကိန်းဝပ်တော်မူလျှင် ပုညာ အမတ်လည်း ပတ္တမြားကြုတ်နှင့် ကောင်းစွာထည့်၍ အိမ်ဦးတွင်ကိုးကွယ်ထားလေသည်။

# ပုညစေတီ တည်ခြင်း

ပုညအမတ်လည်း မွေတော်ဓါတ်မြတ်နှစ်ဆူကို ပတ္တမြားကြုတ်နှင့်ထည့်၍ မိမိအိမ်ဦးမှာပင် ကာလကြာမြင့်စွာထားပြီး ကိုးကွယ်လေသည်။ ကာလအတန်ကြာ ကိုးကွယ်ပြီးသော် မိမိချည်းသာ ကိုးကွယ်သောထက် လူနတ်ဗြဟ္မာတို့ကိုးကွယ်ရာ ဖြစ်ပစိမ့်ဟုကြံ၍ ( ဘိုးဝဇိရ မှတ်တမ်း၌ မွေတော် နှစ်ဆူ ရွှေဖလားတွင် နားတော်မူပြီး နောက်တစ်နေ့မိုးသောက်လျှင်ဟု ဆိုသည် ) မွေတော်မြတ်နှစ်ဆူကို ပတ္တမြားကြုတ်နှင့်တကွ ရွှေလင်ပန်းထက်တင်၍သင်ပုတ်ပြင်ပြီးလျှင် ဆီးမီးတန်ဆောင် ပန်းပေါက်ပေါက် တို့ဖြင့် ထက်ဝန်းကျင်ပူဇော်သကာ ပြု၍ “ ရှင်တော်ဘုရား လူ နတ် ဗြဟ္မာ ရဟန်းသံဃာတို့ ပူဇော် သကာ ပြုအံ့သောအရပ်တွင် သင်ပုတ်တင်အံ့၊ ရွှေလင်ပန်းနှင့်တကွ တည်မိစေသော ” ဟု အမတ် ပုညာ သစ္စာအဓိဋ္ဌာန်ပြုပြီးလျှင် ခြေမြန်ကုလားတစ်ယောက်ကိုခေါ်၍ ရွှေလင်ပန်း ခေါင်းထက် တင်ရွက် စေပြီးသော် “ အမောင် တောင်ဖီလာလေးကျွန်း ဆိမီးတောင်ကတက်၍ တောင်ထိပ်တပြင်တွင် တင်ချင်စိတ်ရှိသိအရပ်၌ ဤရွှေလင်ပန်းနှင့် သင်ပုတ်ကို မသွန်ဘဲထားခဲ့တော့ ” ဟုမှာထား၍ ပို့စေသည်။

ခြေမြန်ကုလားလည်း အမတ်ပုညာမှာကြားသည့်အတိုင်း တောင်ဖီလာလေးကျွန်း ဆိမီး တောင်ကတက်၍ တောင်ရိုးတောင်စဉ်တစ်လျှောက် ရောက်၍သွားသော် မည်သည့် ဌာနတွင်မှ မတင်ချင် ယခုပုညရှင်စေတီတော်မြတ်တည်ရှိရာ ‘ ဖေား ’ တောင်ထိပ်သို့ရောက်မှ သိ်ရိမွှာသောကစေတီဟောင်း

www.dhammaransi.com

တစ်ဆူနှင့် ပတ္တူးသဃ်ရာဇာ တည်ထားသော စေတီတစ်ဆူအကြားတွင် ရွှေလင်ပန်းကို တင်ထားပြီး ပြန်လာခဲ့လေသည်။ ထိုအခြင်းအရာကို ပုညာအမတ်လည်း မထင်ရှားသောအဖြစ်ဖြင့် ကြည့်ရှုရာတွင် မြင်သည်ဟု ဘိုးဝဇိရ မှတ်တမ်းကဆိုလေသည်။

သီရိဓမ္မာသောက စေတီသမိုင်းတွင်ကား ပြန်လာသော ခြေမြန်ကုလားကို အမတ်ပုညာက မေးသော်ထိုတောင်တွင် ရေကန်လည်းရှိ၏၊ ကျောက်ဖောားရုပ်လည်း ရှိ၏၊ ယင်းတွင်ထားခဲ့သည်ဟု ဆိုသောဟူ၏။ ထို့နောက် ခြေမြန်ကုလားဆိုရာသို့ အမတ်ပုညာသွား၍ကြည့်သော် သင်ပုတ်တော်နှင့်တကွ မွေတော်မြတ်နှစ်ဆူကိန်းဝပ်ရာ ပတ္တမြားကြုတ်ကို ဥဗျိုင်းအများရံ၍ ဥဗျိုင်းများကိုစာငှက်များရံ၍ စာငှက်များကို ကျီးအပေါင်းရံ၍ တွေ့ရသောဟူ၏။

ထိုအံ့ဘွယ်သရဲကို အမတ်ပုညာမြင်၍ နိမိတ်ဖတ်သည်ကား ဥဗျိုင်းရံသည့်အလိုမှာ မွေရှင်တော်ကိုစေတီတည်၍ ဌာပနာတော် အရပ် ထက်ဝန်းကျင်မှ လူနတ်တို့သည်အပေါင်းအစည်းပြုလုပ်အုပ်ချုပ်၍ ဖြူစင်စွာသောသဒ္ဓါစိတ်ဖြင့်အလှူကောင်းမှုပြုသည်။ များလတ်မည့် အကြောင်းတည်း။ ။ ဥဗျိုင်းကို စာရံသည့်အလိုကား ငါ၏ကောင်းမှုကို လူသူတကာတို့ ထက်ဝန်းကျင်ရံ၍ စေတီပုထိုး တည်လတ်မည့် အကြောင်းတည်း။ ။ စာငှက်ကိုကျီးရံသည့်အလိုကား ငါ၏ကောင်းမှုနှင့်တကွ စေတီ ပုထိုးများကို အရိုင်းတို့ ဖျက်လတ်မည့် အကြောင်းတည်း။ ။ ကျောက်ဖောားရုပ် ရှိသည့်အလိုကား ဤ တောင်သည် ‘ ဖောား ’ တောင်ဟု တွင်လတ်မည့် အကြောင်းတည်း။ ။ ရေကန်ရှိသည့် အလိုကား သူတော်တကာတို့ သူတော်ကောင်းတရားဖြင့် မွေ့လျော်ရာ ဖြစ်လတ္တံ့သော အကြောင်းတည်း။ ။ ဤသို့ နိမိတ်ဖတ်ပြီးသော် သီရိဓမ္မာသောက စေတီတော်နှင့် ပတ္တူးသဃ်ရာဇာ ကောင်းမှု စေတီဟောင်း ၂ ဆူကိုငုံပြီးလျှင် စေတီတည်လေ၏။ နတ်တို့ကူညီစောင့်ရှောက်၍ တည်သောကြောင့် နေ့ချင်းပြီး ပြည့်စုံသောဟူ၏။

ဘိုးဝဇိရမှတ်တမ်း၌ ပုညာအမတ် စေတီတည်ရန် အုတ်ကျောက်များကိုစုရုံးစဉ် တောင်စောင့် နတ်ဖြစ်သော သောတာပန် သကဒါဂါမ် အနာဂါမ်တို့လာ၍ “ ပုညအမတ် သုံးလူ့ထွဋ်ထား ဘုရားသခင်သည် အနန္တရဘဝ မထင်ရှားသောအခါ၌ ယုန်မင်းအစစ်ဖြစ်တော်မူသည့်အရပ်ကို ဘုရားသခင်ဟောတော်မူသော ဗျာဒိတ်တော်ခန်းတွင်ဆိုသည်၊ မွေတော်လည်းဝတ်သည်။ ဤတွင် အလျင်ပြီးအောင် ၃ ဆူသော စေတီတို့ကိုမျို၍ တည်လေတော့ ” ဆိုပြီး တိုက်တွန်းကြောင်း ဖော်ပြထားလေသည်။

ဤတိုက်တွန်းပုံသည် သီရိဓမ္မာသောက စေတီသမိုင်းပါ ဗျာဒိတ်ခန်းနှင့်လည်း တိုက်ဆိုင်

www.dhammaransi.com

နိုးနေခဲ့ပေသည်။ သီရိဓမ္မာသောက စေတီသမိုင်းတွင် " ဖုရားမြတ်စွာလည်း ရှင်အာနန္ဒာအား ဗျာဒိတ်စကားကြားတော်မူခဲ့၏၊ အာနန္ဒာ ငါဖုရားကား ရှေးသောအခါ ယုန်မင်းအစစ်ဖြစ်ခဲ့၍ ကျင်လည်ဖူးသော အရပ်တည်း၊ သည်တောင်ကား ဖေါးတောင်တည်း၊ ငါဖုရား၏ မွေတော်ဓာတ်ကို မင်းပုညအမည်ရှိသော ဒကာသည်ရ၍ စေတီတော် တည်လတ္တံ့သောအခါဝယ် ' ပုညစေတီ ' ဟု တွင်လတ္တံ့ဟု ဗျာဒိတ်ပေးတော်မူ၍ " ဟု ဖော်ပြထားပေသည်။

၎င်းပြင် မွေတော်ဓာတ်မြတ်နှစ်ဆူကို သစ္စာဓိဋ္ဌာန်ပြု၍ ၎င်းကိန်းဝပ်လိုရာတွင် စေတီတည်ပုံနှင့် ပတ်သက်၍လည်း အဝမြို့ တတိယမြို့တည် ဆင်ဖြူရှင်၏ ပုညစေတီကျောက်စာ အဆိုနှင့်လည်း တိုက်ဆိုင်နိုးနေခဲ့လေသည်။ ၎င်းပုညစေတီ ကျောက်စာကြောင်းရေ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂ တို့၌ အောက်ပါအတိုင်း ရေးထိုးထားလေသည်။

" သမ္မာသမ္ဗုဒ္ဓဟူသော နာမဝိသေ(သ)ကို ရတော်မူ၍ လူသုံးပါးတို့၏အထွတ်ဖြစ်တော်မူသော သဗ္ဗညုတဘုရားသခင်သည် ခတ်သိမ်းကုန်သော လူနတ်တို့အား တရားအောင်ဆုပေးတော်မူအံ့ဟု ဒေသစာရီ ကြွရောက်တော်မူသောအခါ အထူးသဖြင့် လျှဒါန်း ပူဇော်သောကြောင့် နှောင်သောကာလဤဒေသနှိုက် လောကသမုတိနတ်ဟူသောမင်းမြတ်ဖြစ်၍ငါ၏သာသနာတော်ခြီးပင့်ပြုစုလတ္တံ့ဟူသော ဗျာဒိတ်တော်မြတ်နှင့်ညီစွာ သာသနာတော် ၁၈၅၆ နှစ်၊ သက္ကရာဇ် ၆၇၄ ခု၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဝိဇယပူရဟူသော ပင်းယမြို့ကိုတည်ထောင်၍ရွှေစည်းခုံ စေတီတော်မြတ်နှင့်တကွ ပြည်ရွာ သာသနာတော်၏ စီးပွားကိုရွက်ဆောင်သော ဘေးလောင်းဘက်ဆင်ဖြူရှင် သီဟသူ၏ အမတ်ကြီးသည် ဘုရားသီခင်၏ မွေတော်ဓာတ်မြတ်ကို နတ်တို့ပို့ပြု၍ ရသဖြင့် တည်ထားဌာပနာ သင့်မြတ်ရာ မြေရပ်ကို ဆုံးဖြတ်ခြင်းငှာ မစွမ်း၍ ပွင့်ငြမ်းသစ္စာ ဘုရားလျာတို့ အဓိဋ္ဌာန်ခြင်းကို ပြုသကဲ့သို့ နှစ်လိုဝမ်းသာသစ္စာအဓိဋ္ဌာန်ပြုသည်ဟိသော် မွေတော်မြတ်အပေါင်းသည် အစည်သဖြင့် ကြွတော်မူ၍ ဖေါးမည်သော တောင်၏အထွတ်၌ ကိန်းဝပ်တော်မူသောကြောင့် ထိုတောင်ထက်ဝယ် တည်ထားဌာပနာသော မွေတော်ဓာတ်တော်အပေါင်း၏ စည်းဝေးရာဖြစ်သော ပုညစေတီအမည်ဟိသော စေတီတော်မြတ်အား " ဟူ၍ ဖြစ်ပေသည်။

စစ်ကိုင်းသမိုင်းပေမူကွင်ကား အခန်း ၂ တွင် ကိုးကားဖော်ပြခဲ့ပြီးသည့်အတိုင်း ဗုဒ္ဓကုံရ ယုန်မင်းဖြစ်စဉ် ကျင်လည်ခဲ့ဖူးသော ငါးဖား (ဖေါး) တောင်ထိပ်၌ ဘုရားရှင် မျက်ကွင်းတော်ဓာတ်ကို

www.dhammaransi.com



ဌာပနာသွင်းထားပြီးလျှင်စေတီကြီးစွာတည်၍ လူနတ်တို့ကိုးကွယ်ရာဖြစ်လတ္တံ့ဟု ဗျာဒိတ်တော်ထားတော်မူခဲ့ကြောင်း ရေးသားထားပေသည်။

ဤသည်တို့မှာ ဖော်ပြမည်သော ပုညရှင်တောင်နှင့် ထိုတောင်ထိပ်ရှိပုညရှင်စေတီတော်မြတ်ကြီးမှာ သာမန်အားဖြင့် ပေါ်ပေါက်လာရခြင်းမျိုးမဟုတ်ဘဲ မြတ်စွာဘုရား ဗျာဒိတ်တော်မြတ်နှင့်အညီ တောင်စောင့်နတ်များ ဝိုင်းဝန်းကူညီ စောင့်ရှောက်သောအားဖြင့် ဖြစ်ပေါ်လာရပုံကို သမိုင်းကျောက်စာ ရာဇဝင် အဆိုများနှင့် ညှိနှိုင်းတိုက်ဆိုင်၍ ပြဆိုလိုက်ခြင်းဖြစ်ပေသည်။

# ပုညအမတ်နှင့်ငစိန်သင်တို့ဘုရားအတည်စော၍ အပြစ်သင့်ခြင်း

ယင်းသို့လျှင် အမတ်ပုညာနှင့် ပန်းထိမ်ငစိန်သင်တို့သည် စစ်ကိုင်းမြို့တည် အသခ်ယာစောယွမ်းမင်းကို မပန်ကြားဘဲနတ်တို့အကူအညီဖြင့် အစောတလျင် ပုညစေတီကို နေ့ချင်းပြီး တည်ထားမိ၍ အသခ်ယာစောယွမ်းမင်းက ငါ့ကိုမတင်မထား စေတီတည်ရသလောဟု မင်းတို့၏မာန်ဖြင့် မျက်တော်မူ၍ ပုညာအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့ကို မြို့တော်၏အရှေ့မြောက်ယွန်း (ရွှေကြာအင်း? ) တွင် ရေစိမ်၍သတ်လေ၏။

သို့ရာတွင် ပုညအမတ်ကြီးမှာ ပူဇော်အပ်ပူဇော်ထိုက်သော ကောင်းမှုရှိခြင်း ဖြူစင်ယဉ်ကျေးသဖြင့် နှစ်လိုဖွယ်ရှိခြင်းတည်းဟူသော အနက်အဓိပ္ပါယ်များကို ဆောင်ထားသည့် " ပု ည " ဟူသော အမည်ပညတ်ရှင်ဖြစ်သည့်အားလျော်စွာ ကန်းရှင်ကံရှင်ဖြစ်၍လည်းကောင်း။ ။တနည်းအားဖြင့် ရတနာဂုဏ်သုံးပါးကို သောတာပန်တို့၏ ယုံကြည်ခြင်းမျိုးဖြင့် မတုန်မလှုပ သက်ဝင်ယုံကြည်လျှက်ရှိခြင်းတည်းဟူသော အစလ သဒ္ဓါဂုဏ်နှင့် ပြည့်စုံ၍လည်းကောင်း။ ။ တနည်းအားဖြင့် မလွဲမသွေ ဧကန်စကားဖြင့် ဆိုသင့်ဆိုထိုက်သည့် အမတ်ကြီးသည် မပြတ်ကိုးကွယ်ဆည်းကပ်အပ်သော မွေတော်မြတ်နှစ်ဆူ၏ တန်ခိုးတော်ပြောင့်လည်းကောင်း စစ်ကိုင်းမြို့တည်မင်းက မင်းမာန်ဖြင့်ယစ်၍ ရက်ရက်စက်စက်ရေစိမ်ပြီး သတ်ငြားသော်လည်း အဝိညာဏကဖြစ်သော မြစ်ရေသည် သဝိညာဏကဖြစ်သော စစ်ကိုင်းမြို့တည်မင်းထက်ပင် မွေတော်နှစ်ဆူ၏ တန်ခိုးတော်ကိုလည်းကောင်း ထိုတန်ခိုးတော်ဖြင့် ထုံမွှမ်းအပ်သော ပုညာအမတ်ကြီး၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း သိဘိသည့်အလား ပုညအမတ်ကြီးနှင့် ငစိန်သင်တို့

www.dhammaransi.com



ကိုယ်ပေါ်သို့ မလွှမ်းမဖိ ပကတိအားဖြင့် ထက်ဝန်းကျင်မှ ရေအယဉ်သည် ဝိုင်းဝန်း၍သာ နေပေတော့သည်။

ယင်းသို့ စစ်ကိုင်းမြို့တည်မင်းကရေစိမ်၍သတ်ငြားလည်း ပုညအမတ်ကြီးနှင့်ပန်းထိမ်ငစိန်သင်တို့ကိုယ်မှာ ရေလည်းမစွတ် ရေလည်းမမွန်း ပတ်ဝန်းကျင်မှာသာ ရေဝှမ်း၍နေသောကြောင့် ထိုအရပ်ကို ယခုတိုင် ရေဝှမ်းဟူ၍လည်းကောင်း၊ ရေဝန်းဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြကုန်၏။ ထိုရေဝန်းအရပ်ကား ရှေးစစ်ကိုင်းမြို့ရာဟောင်း၏ အရှေ့မြောက်ယွန်း၊ယခုအခါ မင်းဖဲရပ်အနောက်ပိုင်း ထုံးဖိုနှင့်သာစည်အကူး လမ်းမကြီး၏အနောက်ဘက်ကပ်လျက်တွင် တိမ်ကောနေသော အင်းတစ်ခုအဖြစ်ဖြင့် တည်ရှိ နေပေသည်။

## မစ္စတာမောင်မှိုင်း၏ပုညရှင်ဘုရားတိုင်ကဗျာ မဟာလေးချိုးမှကောက်နုတ်ဖော်ပြချက်

ဤဖော်ပြခဲ့ပြီးသော စစ်ကိုင်းမြို့တည် အသခ်ယာစောယွမ်းမင်း အမတ်ကြီးပုညာနှင့် ပန်းထိမ်ငစိန်သင်တို့၏ အဖြစ်အပျက်ဓာတ်လမ်းကို မှတ်တမ်းတင်သည့်အနေပြင့် ယခုဒေါက်တာဘွဲ့ရ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မစ္စတာမောင်မှိုင်းအမည်နှင့် စီစဉ်ရေးသားခဲ့သော ဘွိုင်းကောက်ငှိုကာကျမ်းကြီးတွင် ပုညရှင်ဘုရားတိုင် ကဗျာမဟာလေးချိုးကြီးအမည်ဖြင့် စပ်ဆိုရေးသားခဲ့ရာတွင် –

“ ပန်းထိမ်တွင် သတင်းလှလှမွှေးပေတဲ့ ငစိန်သင် ပင်းယကပြေးခဲ့သမို့၊ မင်းသမတ်ဘေးရယ်နှင့် မသည်တွေ့တရာ၊ ( အိုကွယ် ) ယင်းနဂရကျေးပေပေါ့ ( ကျုပ်တို့ ) ပြည်ဇေယျာ။ ။ ( သြော် ).. သမိုင်းအစုံပြရမှာဖြင့် စစ်ကိုင်းတစ်ဖုံကျပြန်တော့၊ ကြုံရသနော် အစပ်ဘဲနီးခဲ့ရော့သလ၊ ပုညခေါ် အမတ်ကြီးကိုလ၊ ကပ်ဆည်းကာမှီခိုတွယ်လို့မို့၊ ကြည်ညိုဖွယ် အသရေလျှပ်ပေတဲ့၊ မွေဓာတ်တော်ရတနာနှစ်ဆူကဖြင့်၊ မြန်မာဇမ္ဗူကိုးကွယ်ကြလျှင်တော့၊ သဒ္ဒါသူအကျိုးတကယ်ရစေဖို့၊ အမရသေလာ တောင်တော်ရွှေ ‘ ဖား ’ တွင်၊ ဘုရားစေတီတည်ခဲ့သမို့၊ ဒေဝိန္ဒယ် ဒကာမနဲ့မထူးပေတဲ့၊ ထေရိမယ် ဆရာ့တပည့်မ ဦးတွေပေါ့၊ မြူးသနဲ့ဗေဒါခေမာပါနော်ကွယ်၊ တစ်ဦးမတဲ့ တစ်ဦးတဲ့အောင်ပ၊ ဖူးကွဲ့ကေသာ။ ပုရှင်ဘုရား အတည်စောတယ်လို့၊ ဘုံဘဝသခင် တရားသိသိမှ မစောရော့သလ၊ ကြုံရချင်အလကား မကြည်ဖောရယ်

www.dhammaransi.com



နှင့်၊ ( ဩော် ) အမှားဝသီသဘောအရ၊ ကောဓဒေါသဆိုတဲ့ ကိုယ်ရဲ့မချမ်းမမြစေတဲ့ ကြမ်းစွနေခြည်ပမာ၊ ( အို ... ဘန်းဒကမတွေရဲ့ ) လျှမ်းခ ရေသီတာရယ်တဲ့ ပတ်လယ် ပတ်လယ်ဝိုင်း ။ ။ "

ဟူသောအချိုးဖြင့် ရာဇဝင်ကြောင်းဖော်ပြီး စပ်ဆိုထားခဲ့ပေသည်။ ကျန်စတုတ္ထအချိုးမှာ အသင်္ခယာစောယွမ်းက မြောက်ဘက်မြင်းနယ်ဖွဲ့ပြီး အကြင်သို့သော ပင်းယကိုဂုဏ်ခံ၍ ပုန်ကန်ပြီး တစ်ထီးတစ်နန်း အောင်ပန်းတော်ဖွင့်ပုံများ စပ်ဆိုထားခြင်းဖြစ်ရကား ဤပုညရှင်သမိုင်းကြောင်းနှင့် မစပ်ဆိုင်လှသဖြင့် ချန်လှပ်ထားခဲ့ပါသည်။ လေးချိုးတစ်ပုဒ်လုံးကို အပြည့်အစုံအလိုရှိသူတို့သည် မန္တလေး လူထုသတင်းစာတိုက်မှ ဒုတိယအကြိမ်ပြန်လည်ရိုက်နှိပ်ထားသော ဘွိုင်းကောက်ငိုကာတွင် ကြည့်ရှုလေ့လာရာ၏။

# အသင်္ခယာစောယွမ်းမင်း၊ ပုညအမတ်တို့ ပုညစေတီကို ရွှေထီးအတွက် တင်လှူကြခြင်း

အထက်က ဆိုအပ်ခဲ့ပြီးသည့်အတိုင်း စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်းမင်းက မိမိကို မပန်ကြားဘဲ ဘုရားတည်ရမလားဟူသော မင်းမာန်ဖြင့် အမတ်ပုညာနှင့် ပန်းထိမ်ငစိန်သင်တို့ကို ရေဝန်းအရပ်တွင် ရေစိမ်၍သတ်ငြားသော်လည်း မွေတော်ဓာတ်မြတ်နှစ်ဆူတို့၏ တန်ခိုးဖြင့် ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့မှာ ဘေးမသီ ရန်မခ ချမ်းသာစွာရှိနေကြသည်ကို အသင်္ခယာစောယွမ်းမင်းမြင်တွေ့ရသောအခါ ဖြစ်ပေါ်လျက်ရှိသော ဒေါသနိုး ဒေါသငွေ့တို့သည် တစ်ခဏချင်းပင် ကင်းစင်လွင့်ပျောက်ကာ သဒ္ဓါမေတ္တာစိတ်တို့ဖြင့် ထုံမွမ်းအပ်သော ပကတိ စိတ်ကောင်းစိတ်မြတ်တို့သည် ဝင်ရောက်လာ၍ ပုညအမတ်နှင့် ပန်းထိမ်ငစိန်သင်တို့အား ကျရောက်လျက်ရှိသော ရာဇဝတ်တော်ဘေးမှ ကင်းလွတ်ခွင့်ပေးတော်မူလိုက်လေသည်။

ထို့နောက် အသင်္ခယာစောယွမ်းမင်းသည် ပုညာအမတ် ပန်းထိမ်ငစိန်သင်တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးလျှင် ခမည်းတော် တစီးရှင် သီဟသူထံ လျှောက်ထားကာ သာသနာတော် ၁၈၆၆ ခုနှစ်၊ ကောဇာ သက္ကရာဇ် ၆၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ပုညရှင်စေတီတော်ကို အုတ်ရိုး အင်္ဂတေ

www.dhammaransi.com



ပြီးအောင်လုပ်ပြီးလျှင် ဆူလုံးပြည့် ရွှေထည့်၍ ဇေ ဒ်းအတွက်တင်လှူတော်မူလေသည်။ထိုအခါ ဖဝါးဦး ( ပုညရှင်တောင်၏ အမည်တစ်ပါး ) တောင်စောင့်နတ်ကြီးနှင့်တကွ ချောက်မ ( ရှင်ဖြူရှင်လှ ) တောင်စောင့်နတ်ကြီး၊ သရက္ခန်တောင်စောင့်နတ်ကြီးစသော ဝဿဝရော တာနော ဒက္ခယက် ၉ ယောက် သိကြား ကုမ္ဘဏ် ၇၇၊ သောတာပန် ၉၉၊ တေဇဘီလူးတို့သည် ခြွေရံ၍ သာဓုခေါ်ကြသော ဟူ၏။ ပုညအမတ်ကြီး စတင်တည်ခဲ့သော စေတီတော်ဖြစ်၍ ' ပုညစေတီ 'ဟု ပထမက ခေါ်ခဲ့ကြသော်လည်း နောက်သောအခါ ပုညရင် ဟူ၍လည်းကောင်း၊ ပုညရှင် ဟူ၍လည်းကောင်း ပြောင်းလဲခေါ်ဝေါ်ကြလေသည်။ တောင်စောင့်နတ်တို့ ဆွမ်းဦးကပ်ရာဖြစ်၍လည်းကောင်း၊ ဝါစဉ်ဘုရားပွဲတော် ပထမဆုံး ဆွမ်းတော်ဦးကပ်ရာ ဖြစ်၍လည်းကောင်း ဆွမ်းဦးပုညရှင်ဟု ခေါ်ဝေါ်ကြသေးသည်။ အသုံးများသော ဘွဲ့မည်လည်းဖြစ်သည်။

## ပုညစေတီတည်သည့်သက္ကရာဇ်ကို စိစစ်ဝေဖန်၍ပြဆိုခြင်း

ဤဖော်ပြခဲ့သော ပုညရှင်စေတီတော်ရွှေထီးတင်လှူသည့် သက္ကရာဇ်စွဲမှာသက္ကရာဇ် ၁၀၀၂ ခုနှစ် က သာလွန်မင်းတရားကြီးထံ ဆက်သွင်းခဲ့သော တောင်ဖီလာဆရာတော်၏ သွင်းစာအရ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးရာအရ အလေးအနက်ထား၍ ယုံကြည်လက်ခံရမည့် စာတမ်းတစ်စောင်လည်းဖြစ်ပေသည်။ သို့ရာတွင် ဤအခန်း ၄ အဖွင့်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း စေတီဝင်ချုပ်သံပေါက်နှင့် စစ်ကိုင်းညောင်ပင်သာ ဦးပုည၏ ပုညရှင်စေတီသမိုင်းဖွဲ့ တေးထပ်တွင် ပုညရှင်စေတီကို ပင်းယမြို့တည် သက္ကရာဇ်နှင့်ပြိုင်ပြီး ၆၇၄ ခုနှစ်ကပင်တည်ခဲ့သည်ဆိုသော စကားနှင့်မှကား ၁၀ နှစ်လုံးလုံးကွာခြားနေသည်ကို တွေ့ရပေသည်။ ထိုမှုနှစ်မှုကို ညှိနှိုင်းပေးသည့်အနေဖြင့် စေတီဝင်ချုပ်သံပေါက်နှင့် တေးထပ်အရ ပုညစေတီတော်ကို သက္ကရာဇ် ၆၇၄ ခုနှစ်တွင် စတင်တည်၍ တောင်ဖီလာဆရာတော် သွင်းစာအရ သက္ကရာဇ် ၆၈၄ ခုနှစ်တွင် အုတ်ရိုးအင်္ဂတေ အပြီးသတ်ပြီးလျှင် ရွှေထီးအတွက် တင်လှူ သည်ဆိုရမည်ကလည်း ၁၀ နှစ်လုံးလုံးကွာခြားနေ၍ ထိုအတိုင်းဖြစ်နိုင်မဖြစ်နိုင်ကို စဉ်းစားစရာ ရှိပေသည်။ သမိုင်းဟောင်းများအရ နတ်များကူညီ၍ တည်ပေးသဖြင့် နေ့ချင်းညချင်းပြီးသည်ဆိုသော စကားကို ခေတ်အလျောက် လက်မခံလျှင်ရှိစေဦး ၁၀ နှစ်လုံးလုံး အချိန်ယူပြီး တည်ရမည့် အခြေအနေကား မရှိပါပေ။ ထိုအခါက မွေတော်မြဲတ်နှစ်ဆူ ရောက်ရှိလာပုံကအစ စေတီတော် တည်သည့်အထိ ကိစ္စအားလုံးတို့မှာ ပင်းယနှင့်

www.dhammaransi.com



စစ်ကိုင်းမင်းနှစ်ပါးတို့၏ အာဏာစက်အောက်မှ တိတ်တဆိတ်လျှို့ဝှက်ကာ အလျင်အမြန်ပြီးစီးအောင် ဆောင်ရွက်ခဲ့ရ၍ ထိုမျှအချိန်ကြာကြာ ယူနိုင်မည် မဟုတ်ဟု ယုံကြည်ရပေသည်။ တဖန်ရာဇဝင်သဘောအရ စိစစ်ကြည့်ပြန်လျှင်လည်း စေတီဝင်ချုပ် သံပေါက်နှင့် တေးထပ်တွင် စပ်ဆိုထားသည့် သက္ကရာဇ် ၆၇၄ ခုနှစ် ဆိုသည်မှာ ပင်းယမြို့တည်ထောင်စ နှစ်ပိုင်းဖြစ်ရာ စစ်ကိုင်းမြို့ကို ထိုအချိန်က မတည်ထောင်ရသေးပေ။ စစ်ကိုင်းမြို့ကို မှန်နန်းအလို ယင်းမှ သုံးနှစ်အကြာဖြစ်သော ၆၇၇ ခုနှစ်၊ ဦးကုလားအလို ၁၀ နှစ်ကြာဖြစ်သော ၆၈၄ ခုနှစ်ကြမှသာ တည်ထောင်ရ၍ ထိုအချိန်ပိုင်းက အသင်္ခယာစောယွမ်း မင်းပင်မဖြစ်သေး။ ထိုသို့မင်းအဖြစ်သို့ မရောက်သေးသော အသင်္ခယာစောယွမ်းကလည်း ငါ့ကိုမပန်ကြားကောင်းလေလောဟု ရာဇမာန်ရှနေစရာ အကြောင်းမရှိဟု ထင်ပါသည်။ စင်စစ် ၆၇၄ ခုနှစ် ဖြစ်လာရသည်မှာ ဤသမိုင်းပြုစုသူ၏ ယူဆချက် အရ ပုညရှင်ရင်ပြင် ကျောက်စာကြောင်းရေ ( ၈ ) မှ ...

" ဗျာဒိတ်တော်မြတ်နှင့်ညီစွာသာသနာတော် ၁၈၅၆ နှစ် သက္ကရာဇ် ၆၇၄ ခု တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့ ဝိဇယပူရ ဟူသော ပင်းယမြို့ကိုတည်ထောင်၍ " ဟူသော

ပင်းယမြို့တည် သက္ကရာဇ်ကို ပုညရှင်စေတီတည်သည့် သက္ကရာဇ်အဖြစ်ဖြင့် ရောထွေးပြီး အကောက်အယူ မှားခဲ့သောကြောင့် ဖြစ်သွားရဟန်တူပါသည်။

တော်ဖီလာဆရာတော် သွင်းစာပါသည့်အတိုင်း သက္ကရာဇ် ၆၈၄ ခု နှစ်ကိုယူလျှင်ကား ထိုအချိန်သည် မှန်နန်းအလို စစ်ကိုင်းမြို့သက် ၁၀ နှစ်ပင်ရှိနေပြီဖြစ်ရကား အသင်္ခယာစောယွမ်း ခေတ်အတွင်းလည်းကျနေ၍ သူ့ပိုင်နက်အတွင်း မပန်ကြားဘဲ ဘုရားကျောင်းဆောင်လုပ်မှု စသည်တို့ကို အရေးယူနိုင်ခွင့် ရှိနေပေပြီ။

တစ်ကြောင်းမှာလည်း တော်ဖီလာဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ယုံကြည်လေးစားသောအားဖြင့် ပုညရှင်စေတီခေတ်နှင့် အလှမ်းမကွာလှသောခေတ်တွင် ပုညရှင်ဆိုင်ရာ ကျောက်စာစသော အထောက်အထားများအပေါ် အခြေပြုပြီးရေးသားတင်သွင်းခဲ့မည့် တောင်ဖီလာ ဆရာတော် သွင်းစာပါ သက္ကရာဇ် ၆၈၄ ခုနှစ်သည်သာလျှင် ပုညရှင်စေတီအတွက် လက်ခံမှတ်သား ထားသင့်သော သက္ကရာဇ်ဟု ဆိုချင်ပါတော့သည်။ ဤသို့ဆိုသဖြင့် ပုညရှင်စေတီတော်ကြီး၏ ဝါတော်ကို တမင်သေးငယ်သွားအောင် ပြုလိုက်သည်ဟု ထင်မမှားကြစေလိုပါ။ စင်စစ်အားဖြင့် တိကျမှန်ကန်သော သမိုင်းဖြစ်စေလိုသော စေတနာကောင်းဖြင့်သာ ဆိုလိုက်ခြင်းဖြစ်ပါသည်။ မသင့်ဟု ထင်ပါကလည်း ပြင်ဆင်နိုင်ကြပါသည်။

www.dhammaransi.com



ဤသည်မှာ တောင်ဖီလာဆရာတော် သွင်းစာပါ ပုညရှင်စေတီတော် သမိုင်းချုပ်ကို ကျောက်စာရာဇဝင် မှတ်တမ်းအရပ်ရပ်တို့ဖြင့် ညှိနှိုင်းတိုက်ဆိုင်ပြီးလျှင် အကျယ်ဝေဖန်၍ ပြဆိုလိုက်ခြင်း ဖြစ်ပေသည်။

❋ ❋ ❋

www.dhammaransi.com



အခန်း ( ၅ )

# ပုညရှင်နှင့် မွေတော်စစ်

( ဌာပနာစာရင်းလည်းပါသည် )

ပုညရှင်စေတီတော်မှာ သီရိဓမ္မာသောကမင်းတည်သော စေတီနှင့် ပတ္တူးသဃ်ရာဇာ ကောင်းမှု စေတီတော်ဟောင်း နှစ်ဆူကိုငုံ၍ တူနှင့်ပေတွင် ကိန်းဝပ်လျက်ရှိသော မွေတော်စစ်နှစ်ဆူကိုဌာပနာပြီးလျှင် အသခ်ယာစောယွမ်းမင်းနှင့် ပုညအမတ်ကြီးတို့က တည်ခဲ့ခြင်းဖြစ်လေသည်။ ယင်းသို့ တည်ရာ၌ ရှေးရှိရင်းဟောင်း စေတီနှစ်ဆူကို တစ်စုံတစ်ရာ ပြုပြင်ပြောင်းလဲမှုမပြုလုပ်ဘဲ ရှေးရှိရင်းအတိုင်း အခြေမပျက်ထားကာ အပေါ်မှငုံ၍ စေတီကြီးတည်ခဲ့ခြင်းဖြစ်၍ ရှေးရှိရင်းစေတီဟောင်း နှစ်ဆူတွင်လည်း သီးခြားဓာတ်တော် မွေတော်များ ရှိမြဲရှိနေမည်သာဖြစ်လေသည်။

သက္ကရာဇ် ၁၁၉၉ ရေးကူးပြီးစီးသည့် စစ်ကိုင်းသမိုင်းပေမူအရ ပုညရှင်စေတီတော်တွင် ဘုရားသခင် ဗျာဒိတ်တော်နှင့်အညီ ' မျက်ကွင်းတော်ဓာတ် ' ဌာပနာလျက်ရှိကြောင်းကိုလည်း သိရှိရပေသည်။ ယင်းသည့် မျက်ကွင်းတော်ဓာတ် သီရိဓမ္မာသောက စေတီဟောင်းတွင် တည်ရှိမည် သို့မဟုတ် ပတ္တူးသဃ်ရာဇာကောင်းမှု စေတီတွင်ရှိမည်ကိုကား အတတ်မသိနိုင်ပေ။ ပုညအမတ် မွေတော်မြတ် နှစ်ဆူမှုကား တူနှင့်ပေတွင် ဝင်၍ကိန်းဝပ်နိုင်လောက်အောင် နက်နဲသိမ်မွေ့လှသဖြင့် ထိုနှစ်ဆူမှာ မည်သည့်နည်းနှင့်မျှ မျက်ကွင်းတော်ဓာတ် မဖြစ်နိုင်ဟု ယူဆရပေသည်။

တစ်ဖန် စစ်ကိုင်းမြို့ ငါးထပ်ကြီးဘုရားအနီးတွင် သီတင်းသုံးသွားတော်မူဖူးသည့် မိတ္ထီလာ ဘုန်းတော်ကြီး၏ ပုညရှင်စေတီသမိုင်းတွင်လည်း အဝမြို့ မိုးညှင်း မင်းတရားလက်ထက် သီဟိုဠ်ကျွန်းမှ မွေတော်လေးဆူကို ရဟန်းသံဃာတို့ ပင့်ယူပို့လာရာ ဆင်များရှင်စေတီတော်မှာ နှစ်ဆူ၊ ပုညရှင် စေတီတော်မှာနှစ်ဆူ ခွဲ၍ ဌာပနာတော်မူခဲ့ကြောင်းကို ဖော်ပြထားပေသေးသည်။ အင်းဝသို့ သီဟိုဠ်မှ ဓာတ်တော်များ ရောက်လာသော သက္ကရာဇ်ကား မိုးညှင်းမင်းတရားကောင်းမှု ဆင်များရှင်ဘုရား ကျောက်စာအရ သက္ကရာဇ် ၇၉၂ ဖြစ်၍ ပုညရှင်စေတီတည်ပြီးနောက် နှစ်ပေါင်းတစ်ရာကျော်မျှ နောက်ကျလျက်ရှိနေပေသည်။ ထို့ကြောင့် ၄င်းဓာတ်တော်နှစ်ဆူမှာ နောက်မှ ဌာပနာခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်လေသည်။ မည်သို့ဆိုစေ ပုညရှင်စေတီတော်တွင်ကား ခေတ်အဆက်ဆက်က သွင်းနှံဌာပနာ ထားခဲ့သော ဓာတ်တော်မွေတော်မြတ် အဆူဆူတို့ကိန်းဝပ်လျက် ရှိကြောင်းကိုကား သံသယကင်းမဲ့စွာ ယုံကြည်ရပေသည်။

www.dhammaransi.com



# ပုညရှင်ခြသေ့်အမောက်မှ ဓာတ်တော်မွေတော်များ ကွန့်မြူးစံပယ်ခြင်း

ယင်းသို့ သံသယကင်းမဲ့စွာ ယုံကြည်နိုင်လောက်အောင်လည်း ခိုင်လုံသော အကိုးအကားများ ရှိနေပေသည်။ ယင်းသည်တို့ကား သက္ကရာဇ် ၁၀၀၀ပြည့်၊ သို့မဟုတ် ၁၀၀၁ ခုနှစ်တွင် ပုညစေတီ အနောက်မြောက်ထောင့် ခြသေ့်အမောက်မှ ရောင်ခြောက်ဖြာနှင့် မွေတော်ဓာတ်တို့ ကွန့်မြူး စံပယ်သည်ကို ရဟန်းရှင်လူတို့ တွေ့မြင်ဖူးမြော်ကြရခြင်းပင် ဖြစ်လေသည်။ ယင်းသည့်အကြောင်းကို တောင်ဖီလာဆရာတော်၏ စစ်ကိုင်းတောင်ညွှန်းကျမ်း၌ သာလွန်မင်းတရားကြီးထံသွင်းစာ ( ၁၀၀၂ ခု ) တွင် ဖော်ပြထားလေသည်။

စစ်ကိုင်းတော်ညွှန်းကျမ်းတွင် ဖော်ပြထားသည်မှာ . . .

"ပုညရှင်တောင်ဝယ်၊ သိရိဓမ္မာသောကမင်း တည်သောစေတီတဆူ၊ ပတူးသယ်ရာဇာ တည်သော စေတီတဆူ၊ ပုညရှင်တဆူသုံးဆူသော ဘုရားစေတီရှိ၏။ တောင်ဘီလာ ပုဂ္ဂိုလ်ကျော်တို့ ငယ်ရွယ်စဉ် ကာလက၊ ပုညရှင် ခြသေ့်အမောက်မှ အရောင်ခြောက်ဖြာနှင့် အနောက်မြောင့်ထောင်က တန်ခိုးပြာဋိကာ ပြ၍ ထွက်ဝင်နေသည်ကို ဆရာတော်ကြီးပြ၍ ဖူးမြင်လိုက်ရ၏။ သိရိဓမ္မာသောကမင်း တည်သော ဘုရားကဖြစ်မည်၊ ပတူးသယ်ရာဇာတည်သော စေတီကဖြစ်မည်၊ ပုညရှင်စေတီများ ထွက်ဝင်သည် ဖြစ်မည်မသိ၊ တဆူမှသည် တဆူသို့ ပြောင်းသွားရှိသည်။ အဘယ်စေတီက မွေတော်မြတ်ဖြစ်မည်မသိပါ" ဟူ၍ ဖြစ်လေသည်။

တောင်ဖီလာဆရာတော် သွင်းစာတွင် မှတ်တမ်းတင်ထားသည်မှာကား။ ။"အနောက်မြောက် ထောင့် ခြသေ့်က မွေတော်ထွက်သည်ဟူ၍ ပြည်သူပြည်သားတို့ ပူဇော်သည်များကိုလည်း ဆရာတော် လက်ထက်တိုင် ဖူးမြော်သွားလာ ကြည့်ရှုပူဇော်ကြသည်များကိုလည်း ကျောင်းသို့ ရောက်လာသူတို့ ပြောဆိုသည်များကိုကြားရသည်။ ။ ပုညစေတီဘုရားတွင် မွေတော်စစ်ရှိသည်၊ သိရိဓမ္မာသောကမင်း တည်သည့် စေတီကဖြစ်သည်၊ ပတူးသယ်ရာဇာတည်သည့် စေတီတော်ကဖြစ်မည်၊ ပုညအမတ်တည်သည့် စေတီတော်ကဖြစ်မည်ကိုသာ မမြင်နိုင်၊ မွေတော်များထွက်၍ တန်ခိုးပြာဋိဟာ အရောင်အဝါနှင့် ကောင်းကင်ပြင်သို့ ခြသေ့်အမောက်က ထွက်တော်မူသည်များကို ကောလာဟလစကားကြား၏။ ဆရာတော်လည်း တလနှစ်ကြိမ် သိတင်းကြီးနေ့၌ စေတီတော်ကို အဖူးအမြော် ရောက်သည်" ဟူ၍ ဖော်ပြထားလေသည်။

www.dhammaransi.com



၄င်း တောင်ဖီလာဆရာတော် သွင်းစာကို အခြေပြု၍ စီရင်ရေးသားအပ်သော မိတ္ထီလာဘုန်းတော်ကြီး၏ ပုညရှင်စေတီတော်သမိုင်းတွင်လည်း “ သက္ကရာဇ် ၁၀၀၁ ခု သာလွန်မင်းတရားလက်ထက် ပုညရှင်စေတီတော် အနောက်မြောက် ခြင်္သေ့အမောက်က မွေတော်အများထွက်၍ တန်ခိုးပြာဋိဟာ အရောင်အဝါ ပြတော်မူ၏၊ ၄င်းအမောက်သို့ဝင်တော်မူ၏ သီရိဓမ္မာသောကမင်း၏ စေတီကဖြစ်မည်၊ ပတ္တသဃ်ရာဇာ စေတီကဖြစ်မည်၊ ပုညအမတ် နောက်ထပ်မျိုး၍ တည်သောစေတီကဖြစ်မည်၊ မိုးညှင်းမင်းတရား ထပ်မံသွင်းထားသော မွေတော်ကဖြစ်မည်ကို အတပ်မသိနိုင်၊ ပြည်သူအများတို့ သွားလာပူဇော်ဖူးမြော်ကြသည်။ တောင်ဖီလာဆရာတော်ဘုရားကို လျှောက်ထားကြသည်၊ ဆရာတော်ဘုရားလည်း တလနစ်ကြိမ် သွား၍ ရှိခိုးပူဇော်ဝတ်ပြုသည် ” စသည်ဖြင့် ရေးသားထားပေသည်။

တောင်ညွှန်းကျမ်းတွင် တောင်ဖီလာဆရာတော်ကိုယ်တိုင် ဖူးမြင်ရသည့်သဘောမျိုး ဖော်ပြ၍ ဆရာတော်ကိုယ်တိုင် ရေးသားထားသည့် သာလွန်မင်းတရားထံ သွင်းစာတွင်မူကား ပြည်သူ ရှင်လူရဟန်းတို့လျှောက်ထားသည်ကို တဆင့်ကြားနာရသည့် သဘောမျိုးဖြင့် ဖော်ပြထားလေသည်။ ဆရာတော်ကြီး ကိုယ်တိုင်မှာ ပုညရှင်စေတီတော်သို့ သီတင်းကြီးနေ့များတွင် နေ့အချိန်ပိုင်းလောက်တွင် ရောက်ဟန်ရှိ၍ ရောင်လျှံတော်ကွန့်မြူးသော ညဥ့်ပိုင်းအချိန်နှင့် ကြုံကြိုက် တိုက်ဆိုင်ခဲ့ဟန်မတူဟု ယူဆရပေသည်။ သို့ရာတွင် ဆရာတော်ကြီး ကိုယ်တိုင်ရေးသား မှတ်တမ်းတင်ခဲ့ခြင်းအားဖြင့် ပုညရှင် ခြင်္သေ့အမောက်က မွေတော်များထွက်၍ တန်ခိုးပြာဋိဟာ အရောင်အဝါပြတော်မူခဲ့ဖူးသည်မှာကား ယုံမှားဖွယ်ရာမရှိပါပေ။ ၄င်းပြင် ထိုသို့ခြင်္သေ့ အမောက်မှထွက်၍ အရောင်အဝါနှင့် ကွန့်မြူးစံပယ်ခဲ့သော မွေတော်ဓာတ်များမှာလည်း ပုညအမတ်၏ တူနှင့်ပေမှာ ကိန်းဝပ်တော်မူခဲ့သော မွေတော်မြတ် နှစ်ဆူသာလျှင်ဖြစ်ဟန်ရှိသည်ဟု ယူဆမိပါသည်။

## ပုညရှင်စေတီတော်မှ ကြည်ညိုဖွယ်ရာ ဌာပနာစာရင်း

ဤသို့ ဓာတ်တော် မွေတော်စစ်များ ကိန်းဝပ်လျက်ရှိသော ပုညရှင် စေတီတော်ကြီးတွင် အဆူဆူသော ဓာတ်တော် မွေတော်များနှင့်အတူ ရုပ်ပွားဆင်းတုတော်ပေါင်းများစွာကိုလည်း ရဟန်းရှင်လူတို့ ကိုးကွယ်ရာ ဖြစ်စိမ့်သောငှာ ဌာပနာထားပေသေးသည်။ ယင်းသည့် ဌာပနာ စာရင်းကို သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ရေးကူးပြီးစီးသည့် သီရိဓမ္မာသောက စေတီသမိုင်းပေမူတွင် တွေ့ရှိရပေရာ အလွန်တိမ်မြုပ်လျက်ရှိသော အဆိုပါ ဌာပနာစာရင်းကို သူတော်စင်အပေါင်းတို့ နှလုံးသွင်း

www.dhammaransi.com



ကောင်းကောင်းမြင် ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပွားစေခြင်းငှာ ပေမူမှ ကူးယူတင်ပြလိုက်ပါသည်။

*" သက္ကရာဇ် နှစ်ဆယ့်ခုနစ်ခု ဝါဆိုလပြည့်ကျော် ၂ ရက် တနင်းလာနေ့ နေတဆဲ့ခြောက်ဖဝါး နာရီသော်ကား နှစ်ပါဒ် မတည့်မီ တဖဝါးခွဲ နက္ခတ် နှစ်ဆဲ့နှစ်လုံးတွင် ပုညစေတီကို ဌာပနာမည်အခါ ...

မုဠောမွေတော်တဆူ၊ ပုလဲအဆင်းမွေတော်ငါးဆူ၊ သိန်းယိုမွေတော်ရှစ်ပါး၊ ခရုသင်းတွင်ရသောမွေတော်ငါးဆူ၊ ဆပ်သွားဓာတ် ကိုးဆူ၊ ဆင်ရှာ သုံးရာ နှစ်ကျိပ်ရှစ်ဆူ၊ ဆတောင်မြောက်နှစ်ဆူ၊ ပင်တင်ဓာတ် ငါးကျိပ်ငါးဆူ၊ တကောင်းကြီး ငါးရာ သုံးကျိပ်၊ တကောင်းလတ်တသောင်း ငါးထောင် သုံးရာလေးကျိပ်၊ သိန်းယိုဓာတ် ငါးထောင် ခြောက်ရာ ရှစ်ကျိပ်၊ အရှေ့ဓာတ် တစ်ထောင့်လေးရာ လေးကျိပ်၊ တကောင်းသေး နှစ်ကွမ်းစား၊အရှေ့ သာမည်ဆူကာနှစ်ဆဲ့လေး ကွမ်းစား၊ မြဘုရား ကိုးဆူဂေါမိတ်ပလ္လင်ရွှေတင်ခဲ ( ရွှေတစ်ခဲ ) ရွှေအုပ်ထုပ် ပတ္တမြားပြောက်ကြားလျက် စီသော တဆူရွှေပလ္လင် ရွှေတင်ခဲ ရွှေအုပ်ထုပ်နှင့်ပတ္တမြားစီသော ပတ္တမြား ဖုရားတဆူ၊ ရွှေပလ္လင် ရွှေတင်ခဲရွှေဦးထုပ်နှင့် တကွ နီလကာံတီဖုရားတဆူ၊ ရွှေပလ္လင် ရွှေတင်ခဲ ရွှေအုပ်ထုပ်နှင့် တကွ ဥဿဘယား ဖုရားသုံးဆူ၊ ရွှေပလ္လင် ရွှေတင်ခဲနှင့် တကွ စန္ဒရကာံ ဖုရားသုံးဆူ၊ ရွှေပလ္လင် ရွှေတင်ခဲရွှေဖောမိရွက်နှင့်တကွ ပယင်းဘုရား ခုနစ်ဆူ၊ ရွှေဆင်းတု ရွှေပလ္လင် မိုးကုတ်မြကိုလုပ်သော လည်မားတော်နှင့်အကွလည်း နှစ်ဆူ၊ ရွှေဆင်းတု ပတ္တမြားစီလျက် သုံးဆူ၊ ရွှေပတောင် တဆယ့် ခုနစ်ကျပ်နှင့်တကွ၊ မူကိုရွှေစာတိ ချားသီး ( ချရားသီး ) ထီးနှင့် တကွ ပတ္တမြားနှင့်အစကွ ပတ္တမြားစီလျက် တဆူ၊ ရွှေစာတိ သုံးဆူ၊ ပတ္တမြားရွှေစာတိ သုံးဆူ၊ ရွှေစေတီ ရွှေထီးနှင့်အကွခြောက်ဆူ၊ ရွှေစေတီအထွင့် ကိုပတ္တမြားစီလျက် နှစ်ဆူ၊ ရွှေပြားကို ဖုရားထုသည် သုံးဆူ၊ ရွှေဖောမိရွက်နှင့် အကွ ရွှေဘယက်သည် ရွှေညောင်ရွက် အညွန့်နှင့်ငွေဆင်းတု နှစ်ဆူရွှေအုပ်ထုပ် ပတ္တမြားစီလျက် ရွှေဆံချင် ရွှေဘယက်သွယ် ရွှေတင်ခဲ ရွှေဆင်းတု ခြောက်ဆူ၊ ရွှေအုပ်ထုပ် ငွေတင်ခဲဖုရား နှစ်ကျိပ်သုံးဆူ၊ ရွှေအုပ်ထုပ် သင်းချော တကျိပ်ကိုးဆူ၊ ငွေစေတီ

---

* သတ်ပုံအမှားအယွင်းကိုသာ ပြင်ဆင်ပြီး စာသွားကိုကား ပေမူအတိုင်း ဖော်ပြထားပါသည်။

www.dhammaransi.com



ရွှေပတ္တမြားစီလျက် လေးဆူ၊ ရွှေစေတီ ရွှေသင်းချော သုံးဆူ၊ မဟာစိန် ကျောက်ဖုရား လေးကျိပ် ခြောက်ဆူ၊ ပဥ္စလောဟာဖုရား ငါးကျိပ်သုံးဆူ၊ ကျောက်စေတီခုနစ်ဆူ၊ နောက်တည်သည့် မုဋ္ဌောထွင့်တဆူ၊ ဆတောင်တရာ့တကျိပ်နှစ်ဆူ၊ ပင်ဓာတ် ( ပင်တင်ဓာတ် ? ) နှစ်ဆူ တကောင်းကြီး နှစ်ရာ၊ တကောင်းသေး နှစ်ဆူ၊ အရှေ့ဓာတ်နှစ်ကွမ်းစား၊ ကြေးဖုရား နှစ်ရာ့လေးကျိပ်၊ ကြေးဓာတိ ,,သုံးဆူ၊ ပတ္တမြား နားတောင်းနှင့် ဆံကျင်၊ ရွှေပန်းပတ္တမြား လက်စွပ်၊ ပုလဲသန္တာ ပယင်းဖိုမ၊ အလျား လက်လေးသစ်ခွဲ၊ အနံ လက်ခုသစ် ... တို့ဝို့ဖြင့် ဖွဲ့သော ပတ္တမြား စီသော သုံးဆယ့်ငါးကျပ် ရှိ၏ " ဟူ၍ ဖြစ်ပါသည်။

# ပေမူကို စိစစ်ချက်

ဤ ဌာပနာ စာရင်းတွင် အချီး စကားဖြင့် ဖော်ပြထားသော သက္ကရာဇ်စွဲမှာ သက္ကရာဇ်ရှည်၏ အစွန်းထွက်မျှသာ ဖြစ်လေသည်။ သက္ကရာဇ်ရှည်ကို မည်မျှ ' မ ' တည်ထားသည်ကိုကား မသိနိုင်ပေ။ သို့ရာတွင် ထိုစကားနှင့် ဆက်လျက် အထက်နားက ဆိုထားသည်မှာကား " သာသနာတော် နှစ်ထောင့် တရာ့ သုံးဆယ်သို့ ရောက်ပြီးသော် သာသနာ ငါးထောင် တည်စိမ့်သောငှာ အမတ်ပုညာ ကောင်းမှု ပြုသော ကောင်းမှုသည် မင်းပုညစေတီဟု ထင်ရှားဖြစ်၏ " ဟူ၍ ဖြစ်ပေသည်။ ထို့နောက်မှ ဌာပနာစာရင်းတွင် ဆိုထားသည့်အတိုင်း " သကြဇ် နှစ်ဆယ်ခွဲနှစ် ( ခုနစ် ) ခု " ဟူသော စကား ဆက်လာလေသည်။

သာသနာတော် နှစ်ထောင့်တရာ့သုံးဆယ် ( ၂၁၃၀ )ကို ကောဇာသက္ကရာဇ်သို့ ပြောင်းယူလျှင် ၉၄၈ ခုရပေသည်။ အစွန်း ၂၇ နှင့်ကား မစပ်မိပေ။ ၄င်းပြင် ပုညရှင် ရွှေထီးတင်လှူသည့် သက္ကရာဇ် ၆၈၄ ခုနှစ်နှင့်ဆိုလျှင်လည်း နှစ်ပေါင်း၂၆၄ နှစ်မျှ နောက်ကျလျက်ရှိနေပေသည်။ခေတ်အားဖြင့်ဟံသာဝတီ ဆင်ဖြူများရှင်၏သားတော် ငါးဆူဒါယကာမင်းနှင့် သွား၍ဆိုင်နေပေသည်။ ဟံသာဝတီ ငါးဆူဒါယကာ သည် သက္ကရာဇ် ၉၄၄ ခုနှစ်တွင် ထီးနန်းရ၍ သက္ကရာဇ် ၉၆၂ ခုနှစ်တွင် နတ်ရွာစံလွန်တော်မူသည်။ သို့ဖြစ်၍ သီရိဓမ္မာသောက စေတီသမိုင်းတွင် ဖော်ပြထားသည့် ဌာပနာစာရင်းများသည် စစ်ကိုင်း ပင်းယ ခေတ်နှင့် မသက်ဆိုင်ဘဲ ဟံသာဝတီငါးဆူဒါယကာမင်းနှင့်သွား၍ ဆိုင်နေသကဲ့သို့ ဖြစ်နေပေသည်။

မှန်နန်းရာဇဝင်တော် တတိယအုပ် စာမျက်နှာနံပတ် ၉၄ ၊ ၉၅ တို့တွင် " သက္ကရာဇ် ၉၅၂ ခုနှစ်တွင် ငလျင်ကြီးလှုပ်၍ တောင်ငူတွင် ဘုရားပုထိုး ကျောင်းတန်ဆောင်း စသည်တို့ပြိုပျက်လေသည်။

www.dhammaransi.com



အင်းဝမှာလည်း ရွှေစည်းခုံ၊ ဂူတော်သစ်၊ ထီးလှိုင်ရှင်၊ စစ်ကိုင်းပုညရှင်၊ ထူပါရုံဘုရားများ ပြီးပျက်သည်။ ထိုဘုရားများကိုလည်း အဝမင်းရဲကျော်စွာ ထပ်၍လုပ်ဆောင်သည်။ထို့နောက်သက္ကရာဇ် ၉၅၃ ခုဝါဆိုလတွင် ရွှေမောဓော အစရှိသောဘုရားများကို ထီးတင်တော်မူသည်။ အဝမှာလည်း ပုညရှင်ဘုရား ပြီးပျက်သည်ကို ထပ်မံ၍ ထီးတင်တော်မူသည် ” ဟု ဖော်ပြထားသည်ကို ဖတ်ရှုရလေသည်။ သို့ဖြစ်၍ အဆိုပါ ဌာပနာစာရင်းများမှာ ဟံသာဝတီငါးဆူဒါယကာ၏ ကုသိုလ်တော်များဖြစ်နေသလောဟု တွေးတောစရာဖြစ်လာပါသည်။

ငါးဆူဒါယကာ၏ ကုသိုလ်တော်များအဖြစ်ဖြင့် အတွေးသက်ရောက်စရာကလည်း ရာဇဝင်ခေတ်အားဖြင့်သာ ဆက်နွယ်နေသည်မဟုတ်သေး။ ဌာပနာစာရင်းတွင် ဖော်ပြထားသော ဓါတ်တော်များ အမည်ဖြင့်လည်း ဟံသာဝတီနှင့်ဆက်သွယ်မှု ရှိနေသည်ကိုတွေ့ရလေသည်။ ငါးဆူဒါယကာမင်းတရား၏ ခမည်းတော် ဟံသာဝတီ ဆင်ဖြူများရှင်၏ ကုသိုလ်တော် မဟာဝိဇယစေတီ ( မဟာစေတီ ) တော်တွင် ဓာတ်တော်များ ဌာပနာစဉ်က ရွှေအဆင်းနှင့်တူသော သရီရဓာတ်တော်၊ ပုလဲအဆင်းနှင့်တူသော သရီရဓာတ်တော်၊ ချရားစေ့ အဆင်းနှင့်တူသော သရီရဓာတ်တော်များနှင့်အတူ ဆတောင်ဓာတ်၊ ပင်တင်ဓာတ်၊ ရေပူဓာတ်၊ ပေါက်ကျိုဓာတ်စသော ဒေသအမည်နှင့်ခေါ်ထားသော ဓာတ်တော်များပါရှိခဲ့သည့် နည်းတူ ယခုပေမူတွင်ရှိသည့် ပုညစေတီ ဌာပနာစာရင်းတွင်လည်း ဆတောင်ဓာတ်၊ ပင်တင်ဓာတ်၊ ဆပ်သွားဓာတ်၊ ဆရွှေဓာတ်၊ တကောင်းဓာတ်၊ သိန်းယိုဓာတ်၊ အရှေ့ဓာတ် စသော ဒေသအမည်နှင့် ခေါ်ဝေါ်ထားသော ဓာတ်တော်များပါရှိနေပေသည်။

ယင်းသည့်ဓာတ်တော်အမည်များနှင့် ပတ်သက်၍ မင်းစည်သူကျော်ထင်( လက်ဝဲနော်ရထာ )က သက္ကရာဇ် ၁၁၂၃ ခုနှစ်တွင် မတစ်လုံးကျေ တောင်တွင်းဆရာတော်အား လျှောက်ထား၍ တောင်တွင်းဆရာတော် ပြန်လည်ဖြေဆိုရာ၌ “ ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက် ဆားတောင် ဓာတ်တော်၊ ပင်တင်ဓာတ်တော် ဆိုသည်များမှာ ဆားတော်အရပ်က ရသည့်ဓာတ်ကို ဆားတောင်ဓာတ်၊ ပင်တင်က ရသည့်ဓာတ်ကို ပင်တင်ဓာတ်၊ အနောက်မျက်နှာ အရှေ့မျက်နှာများက ရသည့်ဓာတ်ကို အနောက်ဓာတ် အရှေ့ဓာတ် ဟူ၍ ခေါ်လေသည် ” ဟု ဖြေဆိုတော်မူခဲ့လေသည်။

ထိုအမေးနှင့် အလားတူ တစ်နေရာတွင်လည်း မင်းစည်သူကျော်ထင်ကပင် မေးမြန်း၍ တောင်တွင်း ဆရာတော်က ဖြေဆိုရာတွင် “ ဟံသာဝတီ စေတီမှာသာ ဓာတ်တော်တို့ကို အမည်နာမ ဝိသေသနှင့် ဆိုသည်မဟုတ်၊ စစ်ကိုင်း ပင်းယ၊ အင်းဝမင်းတို့ ကောင်းမှုစေတီများမှာလည်း အမည် နာမ

www.dhammaransi.com



ဝိသေသနှင့် ချည်းပင် အရပ်ကိုစွဲ၍ သမုတ်သည်။ ယခုထက်တိုင်အောင် တကောင်းကရသည့်ဓာတ်ကို တကောင်းဓာတ်၊ ကပ်ကြိုကရသည့်ဓာတ်ကို ကပ်ကြိုဓာတ်၊ ရေပူကရသည့်ဓာတ်ကို ရေပူဓာတ်ဟူ၍ သူကြီးသူဟောင်းတို့ ခေါ်ဝေါ် ပြောဆိုကြသည် " ဟူ၍ ဖြေဆိုထားလေသည်။ ယိုအမေး အဖြေများကို လက်ဝဲနော်ရထာ လျှောက်ထုံးကျမ်းတွင် အပြည့်အစုံဖတ်ရှုနိုင်ကြပေသည်။

ဤသို့ ဓာတ်တော်အမည်များ တူနေသည်ကပင် ဟံသာဝတီ ဆင်ဖြူများရှင် သို့မဟုတ် သားတော် ငါးဆူဒါယကာသည် ပုညရှင်စေတီကိုပြင်ဆင်၍ဟံသာဝတီမှာကဲ့သို့ အလားတူဓာတ်တော်များ ထည့်သွင်း ဌာပနာခဲ့လေသလောဟု တွေးတောစရာဖြစ်လာပါသည်။ မှန်နန်းရာဇဝင်တော်အရ ဆိုလျှင်လည်း သက္ကရာဇ် ၉၅၂ ၊ ၉၅၃ ခုနှစ်များတွင် အကယ်ပင် ငါးဆူဒါယကာ မင်းတရားက ပုညရှင်စေတီတော်ကို ပြင်ဆင်ပြီး ရွှေထီးတင်လှူ ပူဇော်ခဲ့ကြောင်း ဖော်ပြလျက် ရှိပေသည်။ သက္ကရာဇ် အနေအားဖြင့်မူကား ရာဇဝင်တွင် ဖော်ပြထားသည့် သက္ကရာဇ်သည် သီရိဓမ္မာသောက စေတီသမိုင်း ပေမူတွင် ဆိုထားသည့် သက္ကရာဇ်နှင့် ၄ နှစ်မျှကွာနေပေသည်။ သို့ရာတွင် ခေတ်အားဖြင့်မူကား ဟံသာဝတီ ငါးဆူဒါယကာ မင်းတရား၏ ခေတ်အတွင်းမှာပင်ကျ၍ ၎င်းနှင့် သက်ဆိုင်နေသေးရကား ပုညရှင်ဘုရားအတွင်းက ဖော်ပြခဲ့သည့် ဌာပနာစာရင်းများသည် ဟံသာဝတီ ငါးဆူဒါယကာမင်းနှင့် တစ်နည်းတစ်ဖုံအားဖြင့် ဆက်သွယ်မှုရှိနေသည်ဟု ဆိုရမည် ဖြစ်လေသည်။

# ဓာတ်တော်နှင့် မွေတော်

ပုညရှင် ဌာပနာစာရင်းတွင် မုဒ္ဒေါ ( မုဒ္ဒော ) မွေတော်၊ ပုလဲအဆင်းမွေတော်၊ သိန်းယို မွေတော်၊ ခရင်းသင်းတွင်ရသော မွေတော်ဟူ၍ မွေတော်အမည်နှင့် တစ်ဌာန၊ ဆပ်သွားဓာတ်၊ ဆရွှေဓာတ်၊ ဆတောင်ဓာတ်၊ ပင်တင်ဓာတ်၊ တကောင်းဓာတ်၊ သိန်းယိုဓာတ်၊ အရှေ့ဓာတ် စသည်ဖြင့် ဓာတ်အမည်နှင့် တစ်ဌာန၊ ပေါင်းနှစ်ဌာနခွဲ၍ဆိုထားလေသည်။ မြန်မာစကားတွင်လည်း ဓာတ်တော် မွေတော် ဟူ၍ တွဲပြီးသုံးနှုန်းလေ့ရှိသည်။ ၎င်းနှင့်ပတ်သက်၍ ကွဲကွဲပြားပြား သိလိုသော မင်းစည်သူ ကျော်ထင်သည် တောင်တွင်းဆရာတော်ကိုပင် လျှောက်ထားရပြန်လေသည်။

တောင်တွင်းဆရာတော်၏ အဖြေကား . . . " ဓာတ်ဆိုသည်မှာ အရိုးတော်ကိုဆိုလိုသည်။ အဘယ့်ကြောင့် အရိုးသော်ကို ဓာတ်ဟုဆိုလိုသနည်းဟူမူကား။ ။ ထဒ္ဓဘာဝ၊ ခက်မာသော အဖြစ်ကို

www.dhammaransi.com



ဓာရေတိ၊ ဆောင်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ဆောင်တတ်သောကြောင့်။ တံအဋ္ဌိ၊ ထိုအရိုးသည်။ ဓာတု၊ ဓာတ်မည်၏။ ။ ဤသို့သော ဝစနတ္ထနှင့် အညီ ခက်မာသောအဖြစ်ကို ဆောင်တတ်သောကြောင့် အရိုးကို ဓာတ်ဟူ၍ဆိုသည်။ ။ မွေတော်ဆိုသည်မှာ မြန်မာဘာသာဖြစ်သည်၊ ဘုရားရှင်၏ မွေတော်အနှစ်ဖြစ်၍ မွေတော်ခေါ်လေသည် " ဟူ၍ ဖြစ်ပေသည်။

## တကောင်းဓာတ်

ဒေသအမည်နှင့် ခေါ်ဝေါ်ထားသော ဓာတ်တော်တို့တွင် တကောင်းမှရသောဓာတ်တော်တို့ကို တကောင်းကြီး ငါးရားသုံးကျပ်၊ တကောင်းလတ် ငါးထောင်သုံးရာလေးကျပ်၊ တကောင်းသေး နှစ်ကွမ်းစား ဟူ၍ အကြီး၊ အလတ်၊ အငယ် သုံးတန်းစားခွဲပြီး ဖော်ပြထားသည်မှာ –

" မဟန္တာ မုဂ္ဂမတ္တာဝ၊
မဇ္ဈိမာ ဘိန္နတဏ္ဍုလာ။
ခုဒ္ဒကာ သာသပ မတ္တာ၊
နာနာဝဏ္ဏာစ ဓာတုယော "

ဟူသော ဗုဒ္ဓဝင် ပါဠိတော်နှင့်အညီ အကြီးဖြစ်သော ပဲနောက်လုံးရွယ်ဓာတ်၊ အလတ်ဖြစ်သော ဆန်ကျိုးပမာဏဓာတ်၊ အငယ်ဖြစ်သော မုန်ညင်းစေ့ရွယ် ဓာတ်တော်များကိုပင် ဆိုသည်ဟုယူဆရပေမည်။

## ရွှေအုပ်( ဦး ) ထုပ်နှင့် ရုပ်ပွားတော်များ

ဌာပနာစာရင်းတွင် ဖော်ပြထားသော ရုပ်ပွားတော်အဆူဆူတို့မှာ စိတ်ကူးဖြင့် မှန်းဆ၍ ကြည်ညိုချင်ဖွယ်ရာ ရွှေ၊ ငွေ၊ ဥဿဘယား၊ ပတ္တမြား၊ ပယင်း ဆင်းတုတော်များကို ရတနာကျောက်တို့ဖြင့် စီခြယ်မွမ်းမံထားလေသည်။ ထိုတွင် အထူးစိတ်ဝင်စားဖွယ်ရာ ကောင်းသည်မှာ ရွှေ၊ ငွေ ရုပ်ပွားဆင်းတုတော်များတွင် ရွှေအုပ် ( ဦး ) ထုပ်များ ဆောင်းဆင်ပေးထားခြင်းပင် ဖြစ်လေသည်။ ၄င်းမှာ သာသနာဝင်စာတမ်းများအရ ဘုန်းကြီး ရဟန်းများ ဦးထုပ်၊ ဒေါက်ချာဆောင်းဆင်သောခေတ် သို့မဟုတ် ၄င်းဝါဒ လွှမ်းမိုးခဲ့သော ခေတ်ကာလကို ညွှန်ပြသကဲ့သို့ ရှိချေသည်။

မဟာရာဇဝင်ကြီး သတ္တမတွဲ ( ပထမအုပ် ) မင်းဆွေနှင့် ရှင်သိဒ္ဓတ်တို့ ငယ်စဉ်က အကြောင်းကို ဖော်ပြရာ၌ မင်းဆွေတို့၏ ဆရာတော် ပင်လယ်ကျေး သယ်ရာဇာမှာ ဦးထုပ်ဆောင်း

www.dhammaransi.com



ကြောင်း ဖော်ပြထားပေသည်။ သက္ကရာဇ် ၇၀၀ ကျော် ပထမအင်းဝခေတ်အတွင်း ဖြစ်လေသည်။

ထို့နောက် သက္ကရာဇ် ၉၀၀ ကျော်စစ်ကိုင်းဇေတဝန်ကျောင်းနေ ရှင်တိသာသနဓဇလက်ထက်က စ၍ ဦးထုပ်ဒေါက်ချာမဆောင်း၊ တရုပတ် အဖြူအနီမကိုင်၊ ဟံသာဝတီရောက် ဘိုးတော်လက်ထက် လေသာကျောင်းဆရာတော်က ဆောင်းကိုင်ရမည် နှီးဆော်သည်တွင်မှ ရှင်တိသာသနဓဇ အဆုံးအမ အမှုအကျင့် ယိုယွင်းဖောက်ပြားကြောင်း သာသနာလင်္ကာအရ စာတမ်းတွင် ရေးသားဖော်ပြထား လေသည်။

သာသနာလင်္ကာရစာတမ်းတွင် ဖော်ပြထားသော ဟံသာဝတီရောက် ဘိုးတော်ဆိုသည်မှာ သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် အင်းဝ၌ မင်းအဖြစ်သို့ရောက်သော စနေမင်းခေါ် မာရ်အောင်ရတနာ စေတီ ဒါယကာမင်းဖြစ်လေသည်။ ထိုစနေမင်းသည်ပင် သက္ကရာဇ် ၁၀၆၄ ခုနှစ်၌ ရှင်ဖြူရှင်လှ ဘုရားရှင်ကို ပတ္တမြားအုပ်ထုပ် တပ်ဆင်လှူဒါန်းကြောင်း မှန်နန်းရာဇဝင်တော်ကြီး တတိယအုပ် စာမျက်နှာ နံပတ် ၃၄၀ တွင် ဖော်ပြထားလေသည်။ ၄င်းဖြင့် ထိုခေတ်က ရဟန်းတော်များလောကတွင် ဦးထုပ်ဒေါက်ချာဆောင်း အဘယ်မျှ ခေတ်စားခဲ့မည်ကို ခန့်မှန်းနိုင်ဖွယ်ရာ ဖြစ်လေပြီ။ ယခုပုညရှင် ဌာပနာစာရင်းတွင် ရွှေဦးထုပ်ဆောင်းဆင်ထားသော ရုပ်ပွားတော်များပါရှိနေခြင်းဖြင့် စနေမင်း၏ ကုသိုလ်တော်များ ဖြစ်နေမလားဟု တွေးတောစရာ ဖြစ်လာပါသည်။ ရာဇဝင်အရသက္ကရာဇ် ၁၀၆၁ ခုနှစ် တွင် စနေမင်းက ပုညရှင်စေတီကို ပြင်ဆင်ပြီး ထီးတင်လှူကြောင်း တွေ့ရှိရသဖြင့် ၄င်းစနေမင်းသည် လည်း ဟံသာဝတီ ငါးဆူဒါယကာကဲ့သို့ ပုညရှင်နှင့် ဆက်သွယ်မှုရှိနေပေသည်။ မည်သည့်မင်း လက်ထက်ပင်ဖြစ်စေ ပုညရှင်စေတီတော် ဌာပနာသည့် ခေတ်သည်ကား ဦးထုပ်ဒေါက်ချာဆောင်း အင်အားကောင်းလေသော ခေတ်ဖြစ်၍သာ ထိုမျှသဒ္ဒါလွန်ပြီး ထူးထူးချွန်ချွန် ကုသိုလ်ပြုခဲ့သည်ဟု ဆိုရမည်ဖြစ်လေသည်။

ထိုဦးထုပ်ဆောင်း ရုပ်ပွားတော်များမှာ ယခု ဇမ္ဗူ့ပတိချွတ်ခန်း ရုပ်တုတော်များတွင် မကိုဋ်တန်ဆာများ တပ်ဆင်ထားပုံမျိုးနှင့် သဘောသွားတူလိမ့်မည်ဟု ယူဆရလေသည်။ မျက်မြင်ဖူးတွေ့ ဖူးသမျှ ရှေးဟောင်းရုပ်ပွားတော်များတွင် မကိုဋ်သရဖူ ဆောင်းဆင်ထားသော ရုပ်ပွားတော်များသာ ဖူးတွေ့ ရ၍ ၄င်းကိုပင် ဆိုလေသလောဟု တွေးဆကြည့်မိပါသည်။ အသုံးအဆောင် အနေဖြင့်ဆိုလျှင် မကိုဋ်နှင့် ဦးထုပ် နှစ်မျိုးစလုံးပင် ဦးခေါင်းဆင်သော တန်ဆာများသာဖြစ်လေသည်။

www.dhammaransi.com



# ပုညရှင်စေတီတော်ကိုစစ်ကိုင်း၊ပင်းယနှစ်ပြည်ထောင်က လုံ့လပြု၍ မွမ်းမံလှူဒါန်းကြခြင်း

ပုညရှင်စေတီတော်သည် အောက်ဆိုအပ်ခဲ့ပြီးသည့်အတိုင်း သက္ကရာဇ် ၆၈၄ ခုနှစ်တွင် အပြီးသတ်တည်၍ ရွှေထီးတင်လှူခဲ့ရကား ခေတ်အားဖြင့် တွက်ယူလျှင် ရတနာပူရ အဝမြို့ မပေါ်ထွန်းမီ စစ်ကိုင်း၊ ပင်းယ ခေတ်ဦးကပင် တည်ရှိခဲ့သည့် စေတီတစ်ဆူဖြစ်ကြောင်းတွေ့ရသည်။ ထိုအခါက စစ်ကိုင်းနှင့် ပင်းယသည် ထီးပြိုင်နန်းပြိုင်သဘောမျိုးတည်ရှိနေလင့်ကစား ပုညရှင်စေတီတော်ကြီးကိုကား ၂ ပြည်ထောင်သော မင်းတို့ကပင် လေးစားသမှု လုံ့လပြု၍ ထီးဖြူ၊ တံခွန်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင် ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြားပေါက်ပေါက်၊ မြူတာရေချမ်း၊ ဆွမ်းသင်ပုတ်၊ ဝါဝင် ဝါကျွတ်တန်ဆောင်မုန်း ကထိန်တော်၊ နေ့တိုင်းလည်း သင်ပုတ်တော် ကြေးနီအုပ် အလှူတော်ကိုင် အလှူတော်ကြပ် ခန့်ထား၍ ဘုရားရောက် တင်လှူကြသော ဟူ၏။

ဝတ္ထုကံမြေမှာ တစီးရှင်သီဟသူလက်ထက် စစ်ကိုင်းမြို့တည်ပထမမင်း (အသခ်ယာစောယွမ်း) သို့ အမိန့်တော်ပြန်၍ ကျောက်စာထိုးပြီး စိုက်ထူခဲ့သည်။ သင်ပုတ်တော်ဝတ်၊ ဆွမ်းတော်ချက်၊ ယိုးဒယားလေးမ စသည်များ လှူကြောင်းလည်း ဖော်ပြထားလေသည်။

သက္ကရာဇ် ၉၅၂ ခုနှစ်ထိုး အဝမင်းရဲကျော်စွာ ကျောက်စာအရ အမရပူရ ဘိုးတော်က ထပ်ဆင့် လှူဒါန်းကြောင်း ရေးထိုးထားသည့် ပုညစေတီ ဘိုးတော်စပ်ထိုး ကျောက်စာ၌ ကျွန်သီးတော် ၁၀ အိမ်ထောင်၊ အမှုထမ်းတစ်ကျိပ်၊ ဦးရေ ၂၅ လှူဒါန်းခဲ့ကြောင်း ဖော်ပြထားလေသည်။ မင်းရဲကျော်စွာ၏ မူရင်းကျောက်စာ မတွေ့ရတော့၍ ထိုကျွန်သီးတော် စာရင်းများကို အသေးစိတ်မသိနိုင်တော့ပေ။ သို့ရာတွင် ဝတ္ထုကံ လယ်မြေများကိုမူကား အလားအလာနှင့်တကွ သေချာစွာဖော်ပြထားပေသည်။

www.dhammaransi.com



အခန်း ( ၆ )

# ပုညရှင်နှင့် ဖြစ်စဉ်သမိုင်းချုပ်

## ပထမပိုင်း

### ရှေးခေတ်အခြေအနေ

အခန်း ၃ မှစ၍ ပြီးခဲ့သည့် အခန်း ၅ အထိမှာ ပုညစေတီ သမိုင်းကြောင်းကို အထူးထူးသော သမိုင်းရာဇဝင် သာသနာဖြစ်စဉ်ဖြစ်ရပ်တို့ဖြင့် ဝေဖန်ဆန်းစစ် ပြဆိုခဲ့ပြီးဖြစ်ရကား ယခုအခန်း ၆ တွင် ပုညရှင်၏ ရှေးခေတ်မှစ၍ ယခုမျက်မှောက်ခေတ် ရောက်သည်အထိ ဖြစ်စဉ်ဖြစ်ရပ်တို့ကို အပိုင်း ၃ ပိုင်းဖြင့် ခွဲဝေ၍ သမိုင်းချုပ်သဖွယ် စီစဉ်တင်ပြသွားမည်ဖြစ်ပေသည်။

ပုညရှင်စေတီတော်သည် စေတီဝင်ချုပ်သံပေါက်နှင့် စစ်ကိုင်းညောင်ပင်သာ ဦးပုည၏ ပုညရှင် စေတီသမိုင်းဖွဲ့ တေးထပ်များအရ သက္ကရာဇ် ၆၇၄ ခု ( ပင်းယမြို့နှင့်တစ်နှစ်တည်း ) ကပင်တည်ခဲ့၍ တောင်ဖီလာဆရာတော် မှတ်တမ်းအရ သက္ကရာဇ် ၉၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင်မှ စစ်ကိုင်း မြို့တည် အသခ်ယာစောယွမ်း၊ ပုညအမတ်၊ ပန်းထိမ်ငစိန်သင်တို့ အပြီးသတ်တည်၍ ရွှေထီးတင် လှူခဲ့ရလေသည်။

ပုညအမတ် စတင်တည်စဉ်က ရှိနှင့်ပြီးဖြစ်သော သီရိမွှာသောကမင်း စေတီနှင့် ပတူးသယ်ရာဇာ၏ စေတီဟောင်းနှစ်ဆူလုံးကို မျို၍တည်ခဲ့ခြင်းဖြစ်သည်။ နောက်မှ စစ်ကိုင်းမြို့တည် မင်းကသိ၍ အုတ်ရိုးအင်္ဂတေပြီးအောင် လုပ်စေပြီးလျှင် ဆုလုံးပြည့် ရွှေထည့်၍ ထီးတော်တင်လှူခဲ့ခြင်း ဖြစ်လေသည်။

www.dhammaransi.com



မူလကရှိနှင့်ပြီးသော သိရိခေမ္မာသောကမင်း၏ စေတီဟောင်းဆိုသည်မှာ မိတ္တီလာဆရာတော်က ယောမြို့ရှိ ရွှေမုဋ္ဌောစေတီတော်ကို အထောက်အထားပြု၍ ဉာဏ်တော် ၂ တောင့်ထွာခန့်မျှ ဝွမ်းဝါဖတ်သော ဝါဖတ်ခြင်းလုံးခန့် ပမာဏမျှသာရှိရာသည် ဟု ခန့်မှန်းဖော်ပြခဲ့လေသည်။ ထို့အတူ ပတ္တူးသယ်ရာဇာကောင်းမှု စေတီဟောင်းဆိုသည်မှာလည်း များစွာမကြီးတန်ရာဟု ခန့်မှန်းရပေသည်။ သို့မှုလည်း ထိုစေတီနှစ်ဆူစလုံးကို ပုညအမတ်က ငုံမိအောင် စေတီတည်နိုင်ပေမည်။

မိုးထားဝန်ထောက်မင်း၏ စစ်ကိုင်းဘုရားစဉ် သမိုင်းချုပ်တွင် ပုညရှင် စေတီတော်၏ အတိုင်းအတာကို ဖော်ပြရာ၌ ဖိနပ်တော် ၄၂ တောင် ၂ မိုက် ဉာဏ်တော် အတောင် ၄၀ နှင့် ၁ မိုက် ရှိကြောင်းတွေ့ရှိရပေသည်။ ။ မစိုးရိမ်ဆရာတော်၏ လက်ရေးမူဖြစ်သော စစ်ကိုင်းစေတီစာရင်းသွင်းစာတွင်ကား ဉာဏ်တော်ကို မှန်အထက် ကြာပြန်တိုင်အောင် ၂၈ တောင် ကြာပြန်က ထီးတိုင်အောင် ဟူ၍ နှစ်ပိုင်းခွဲပြီးပြထားသည်။ သို့ရာတွင် ကြာပြန်က ထီးအထိ အတိုင်းအတာမှာ မှတ်တမ်းစာကိုယ်မှာပင် ချန်လှပ်ထားခဲ့၍ ဉာဏ်တော်စုစုပေါင်း မည်မျှမြင့်မည်ကို မသိနိုင်ပေ။ အချင်းကိုကား မိုးထားဝန်ထောက်မင်း ပုရပိုဒ်မူနှင့်နီးစပ်စွာ တစ်မျက်နှာလျှင် ၄၂ တောင်ရှိသည်ဟု ဖော်ပြထားပါသည်။ ၄င်းအချင်းတောင်ကိုထောက်သဖြင့် ဉာဏ်တော်လည်း အတောင် ၄၀ အတွင်းမှာပင် ရှိကောင်းရာ၏ဟုယူဆရပါသည်။ ၄င်းပြင်မစိုးရိမ်ဆရာတော်မူ၌ ထီးဝန်း ၁၀ တောင်ရှိကြောင်းလည်း ဖော်ပြထားပါသည်။ ဤဖော်ပြခဲ့သော အတိုင်းအတာတော်များမှာ ပုညအမတ်ကြီးတည်စက အတိုင်းအတာများဟုတ်ဟန်မတူပဲ နောက်မှတိုးမြင့်လာသည့် ဉာဏ်တော်ဟု ယူဆမိပါသည်။ ။ ယခုနောက်ဆုံးတိုင်းတာရရှိသည့် ပုညရှင်စေတီတော်၏ အတိုင်းအတာမှာ ဖိနပ်ခင်း ၆၂ ပေ ( မြန်မာအတိုင်းအတာအားဖြင့် ၄၁ တောင် ၁ မိုက် ) ဉာဏ်တော် ၁၃၃ ပေ ( မြန်မာအတိုင်းအတာအားဖြင့် ၈၈တောင် ၂ မိုက် ) ရှိပြီး ထီးတော်အမြင့်မှာ ၂၅ ပေ ၁၀ လက်မရှိလေသည်။ဤတွင် ဖိနပ်ခင်းအနေဖြင့် တစ်တောင်ကျော်ကျော်မျှပင် လျော့လာသော်လည်း ဉာဏ်တော် အားဖြင့်မူကား မူလအမြင့်ထက် ၂ ဆကျော်ကျော်အထိ မြင့်တက်လာသည်ကို ဖူးတွေ့ရပါသည်။

ပုညရှင်စေတီတော်သည် သိရိခေမ္မာသောကမင်းကြီး၏ စေတီဟောင်းကိုငုံ၍တည်ခဲ့သောကြောင့် စစ်ကိုင်းမြို့မှ မုဋ္ဌော ၉ ဆူရေတွက်ရာတွင် ပြင်မုဋ္ဌော ၉ ဆူအပါအဝင်ပြု၍ ရေတွက်ခဲ့ရပေသည်။ သို့ရာတွင် စစ်ကိုင်းသမိုင်းဟောင်းတွင်မူကား ပုညရှင်စေတီကို မုဋ္ဌောစေတီအဖြစ်မှ ချန်လှပ်ထားသည်ကို တွေ့ရပေသည်။ ယင်းကြောင့်လည်း ပုညရှင်စေတီကို မုဋ္ဌော ၉ ဆူအပါအဝင်မဟုတ်ဟု အချို့ပုဂ္ဂိုလ်တို့ ယူဆထားကြခြင်းဖြစ်လေသည်။

www.dhammaransi.com



ထို့အတူတိ ၃ တိရေတွက်ရာ၌လည်း ပုညရှင်စေတီကို အချို့စာရင်း၌သွင်းပြီး အချို့စာရင်း၌ ချန်လှပ်ထားသည်ကို တွေ့ရလေသည်။ တိ ၃ တိတွင် ပုညရှင်စေတီကို ထည့်သွင်းရေတွက်ရာ၌ ၁။ ပုည စေတီ ။ ၂ ။ ပတ္တမြားစေတီ ။ ၃ ။ စစ်သား ( သစ္စာ ) စေတီဟူ၍ဖြစ်ပြီး ချန်လှပ်ထားသည့် စာရင်း၌ ပုညရှင်စေတီအစား ရှစ်ထောင့်စေတီခေါ် ခြသေ့်သုံးဆယ်ဘုရားကို ထည့်သွင်းရေတွက်ထားလေသည်။

ပုညရှင်စေတီတော်သည်စစ်ကိုင်းမြို့တည်ထောင်စခေတ်ဦးကပင် စစ်ကိုင်းမြို့နှင့်ပြိုင်၍တည်ထွန်းခဲ့သော စေတီတော်တစ်ဆူ ဖြစ်သည့်အတိုင်း စစ်ကိုင်းမြို့အတွက် အကောင်းအဆိုး နိမိတ်ထင်ရာကြေးမုံပြင်သဖွယ် ဖြစ်နေလေသည်။ သက္ကရာဇ် ၇၂၅ ခုနှစ်တွင် ပင်းယ နရသူက မင်းရိုးမဟုတ်သူ ( မင်းပြောက် ) စစ်ကိုင်းကို မင်းပြုနေသည်ဟူ၍ ကိုးသိန်းသခင် သိုဟန်ဘွားညီ သိုချည်ဘွားကို စစ်ကိုင်းကို ထိုးတော်မူပါ၊ ရလျှင် အကာကိုသာယူ၍အနှစ်ကိုပေးပါမည် ဟူ၍ စေလိုက်သည်။ စေလိုက်သည့်အတိုင်း သိုချည်ဘွားအလုံးအရင်း ဆင် မြင်း များစွာနှင့်ချီလာပြီး စစ်ကိုင်းကိုတိုက်သည်၊ ၇၂၆ ခု ကဆုန်လ စစ်ကိုင်းပျက်သည်၊ နောက် ပင်းယသို့တဖန်ကူး၍တိုက်ပြန်သောအခါ နယုန်လတွင် ပင်းယပျက်ပြန်သည်။ စစ်ကိုင်း၊ ပင်းယ နှစ်ပြည်ပျက်လိုသော် ပုညရှင်ဘုရားပြာဋိဟာပြ၏။ ပင်းယ ရွှေစည်းခုံဘုရား ပြာဋိဟာပြ၏ ဟူ၍ရာဇဝင်များတွင်ပြဆိုထားပေသည်။ ၄င်းအလိုပုညရှင်သည် စစ်ကိုင်းမြို့အတွက် နိမိတ်ရိပ်ယောင်ထွက်ရာ မှန်ကြေးမုံပြင်ဖြစ်၍ ရွှေစည်းခုံသည် ပင်းယမြို့အတွက်ဖြစ်ကြောင်း ထင်ရှားပေသည်။ ၄င်းပြင် ပုညရှင်စေတီ အရှေ့မြောက်ထောင့်က မြေဝင်၍နိမ့်ဆင်းတော်မူလာပြီး အင်းဝ တောင်ပလ္လင်နန်းတော်တွင် တစ်နှစ်ခန့်နေတော်မူသည်။ ထိုအခါ စစ်ကိုင်း၊ ပင်းယနှင့် အင်းဝတွင် ရှိသော ဘုရားပုထိုးများကို ရှမ်းတို့ဖျက်ဆီး၍ ပြိုပျက်လေသည်ကိုလုပ်စေ၍ ထီးတင်တော်မူသည်။ ပုညရှင်ဘုရားတွင်လည်း ရွှေဇရပ်ဆောက်တော်မူ၍ ခဲမဖြူအုတ်ကြွပ် မိုးတော်မူသည်။ ။ တဖန် သက္ကရာဇ် ၉၃၇ ခုနှစ် မိုးကောင်းသို့ ချီတက်တော်မူလာစဉ်ကလည်း ရှင်ဖြူရှင်လှ ပုညစေတီ မြို့တွင်းရွှေစည်းခုံ၊ ပင်းယရွှေစည်းခုံဘုရားများကို တံခွန်ကုက္ကား မုလေးပွား ဆိမ်းတန်ဆောင် များစွာလှူတော်မူသည်။

သက္ကရာဇ် ၉၅၂ ခုတွင် လျှောင်ကြီးလှုပ်၍ တောင်ငူတွင် ဘုရားပုထိုး ဂူကျောင်း ပြိုပျက်လေသည်။ အင်းဝမှာလည်း ရွှေစည်းခုံ၊ ဂူတော်သစ်၊ ထီးလှိုင်ရှင်၊ စစ်ကိုင်းပုညရှင်၊ ထူပါရုံဘုရားများ ပြိုပျက်လေသည်။ ထိုဘုရားများကိုလည်း ဟံသာဝတီ ဆင်ဖြူများရှင် သားတော်

www.dhammaransi.com



ငါးဆူဒါယကာမင်းက အင်းဝ မင်းရဲကျော်စွာကို ထပ်၍လုပ်စေသည်။ ။ သက္ကရာဇ် ၉၅၃ ခု ဝါဆိုလတွင် ရွှေမော်ဓော အစရှိသော ဘုရားများနှင့်အတူ ပုညရှင်ဘုရား ပြိုပျက်သည်ကို ထပ်မံပြင်ဆင်ပြီး ထီးတင်တော်မူသည်။

သက္ကရာဇ် ၉၇၉ ခုနှစ်တွင် မဟာဓမ္မရာဇာဘွဲ့ခံ အနောက်ဘက်လွန် မင်းတရားကြီးသည် ပုညစေတီဘုရားရှင်ကို ရွှေလုံးတော်ပြည့် လှူတော်မူသည်။

သက္ကရာဇ် ၉၈၂ ခုနှစ် ဝါဆိုလဆန်း ၅ ရက် သောကြာနေ့ အ၀တွင် မြေလှုပ်သည်။ ၆ ရက် စနေနေ့ ပုညစေတီဘုရားရှင်ကို မိုးကြိုးကျသည်၊ ( အနောက်ဘက်လွန် မင်းတရားလက်ထက် ဖြစ်လေသည် ) ။

သက္ကရာဇ် ၁၀၀၂ ခုနှစ် နယုန်လဆန်း ၅ ရက်နေ့တွင် တောင်ဖီလာဆရာတော်က သာလွန်မင်းတရားကြီးထံ စာဆက်သွင်းရာတွင် ပုညရှင်ဘုရားကိုရေမြေရှင်ကထပ်၍ ရွှေမွမ်းမံတော်မူပါဟု မေတ္တာရပ်ခံတော်မူခဲ့လေသည်။ ဆရာတော်၏ မေတ္တာရပ်ခံချက်နှင့်အညီ သတိုးသုဓမ္မာရာဇာဘွဲ့ခံ သာလွန်မင်းတရားကြီးသည် ပုညရှင်စေတီတော်ကို ရွှေထည့်တော်မူလေသည်။ ၄င်းပြင် ပုညစေတီ အရှေ့ဘက်၌လည်း နိုနန်းကျောင်းဆောက်တော်မူ၍ အဝပြန်ဆရာတော်ကို တင်လှူတော်မူသည်။

သက္ကရာဇ် ၁၀၆၁ ခုနှစ်၊ တန်ဆောင်မုန်းလတွင် အင်းဝ မာရ်အောင်ရတနာစေတီတော် ဒါယကာ စနေမင်းသည် ပုညရှင်စေတီ၊ စည်းခုံဘုရားများကို စ၍ပြင်ဆင်သည်။ နတ်တော်လပြည့်ကျော် ၆ ရက် သောကြာနေ့ ညဥ့်တစ်ချက်တီးကျော် သုံးနာရီ နှစ်ပါဒ်တွင် ပုညရှင်စေတီတော်နှင့် စည်းခုံဘုရားရှင်တို့ကို ထီးတင်တော်မူသည်။

သက္ကရာဇ် ၁၁၃၅ ခုနှစ်တွင် ရတနာပူရ အဝမြို့ကြီးကို သုံးကြိမ်မြောက် တည်ထောင် ဖန်ဆင်းတော်မူသော အဝဆင်ဖြူရှင်မင်းတရားကြီးသည် ပုညရှင်စေတီတော်ကြီး၏ ဝတ်မိုးဝတ်မြေတို့ကို ရှေးမင်းတို့ လှူရှင်းအတိုင်း တည်မြဲစေခြင်းငှာ ကျောက်စာကမ္ပည်းရေးထိုး၍ ထပ်ဆင့်လှူဒါန်းတော် မူသည်။

သက္ကရာဇ် ၁၁၄၇ ခုနှစ်၊ သီတင်းကျွတ်လတွင် အမရပူရ ရွှေမြို့တော်ကြီးတည် ဘိုးတော် မင်းတရားကြီးသည် သက္ကရာဇ် ၉၅၂ ခုနှစ်က အဝမင်းရဲကျော်စွာ လှူဒါန်းခဲ့သည့် ဝတ္တုကံမိုးမြေ ကျွန်သီးတော်များကို ထပ်ဆင့် လှူဒါန်းတော်မူ၍ ထိုလှူဒါန်းကြောင်းကို ကျောင်စာ မော်ကွန်းရေးထိုး တော်မူခဲ့လေသည်။

www.dhammaransi.com



သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် ရွှေဘိုမင်းလက်ထက် ငလျင်ကြီးလှုပ်စဉ်က ပုညရှင်စေတီတော်ကြီး မှာထိခိုက်ပျက်စီးခဲ့လေရာ ထိုပျက်စီးပုံအခြင်းအရာကို စစ်ကိုင်းစဥ့်ပါဆရာတော်က " ဖေယျာပြည်သူ၊ ကိုးရာမှုသား၊ ဇမ္ဗူရည်ခဲ၊ လျှံရဲညီဟုံ၊ နိတုံရည်သွင်၊ ပုညရှင်လည်း၊ အမြင်မတော် " ဟူ၍ပင် ရတုဖြင့် စပ်ဆိုမှတ်တမ်းတင် ထားခဲ့လေသည်။

ဤသည်တို့မှာ ရှေးမင်းအဆက်ဆက်တို့သည် ပုညရှင်စေတီတော်မြတ်ကြီးကို အဘယ်ပုံ အဆင့်ဆင့် ပြုပြင်မွမ်းမံလာခဲ့ကြပုံများနှင့် စေတီတော်ကြီး၏ ဖြစ်စဉ်ဖြစ်ရပ် မှတ်တမ်းအတိုချုပ် ဖြစ်လေသည်။

❊ ❊ ❊ ❊ ❊

www.dhammaransi.com



အခန်း ( ၆ ) အဆက်

# ပုညရှင်နှင့် ဖြစ်စဉ်သမိုင်းချုပ်

ဒုတိယပိုင်း

သက္ကရာဇ် ၁၂၆၅ ခုနှစ်မှ ၁၃၁၉ ခုနှစ်အထိ အခြေအနေ

ပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စအရပ်ရပ်တို့ကို စစ်ကိုင်းတောင်ရိုး ဓနုဖြူချောင် ဆရာတော် ဦးအရိယဝံသသည် သက္ကရာဇ် ၁၂၆၅ ခုနှစ်မှ စတင်ပြီး ၁၃၁၉ ခုနှစ် ဘဝနတ်ထံ ပျံလွန်တော်မူသည်အထိ နှစ်ပေါင်း ၅၅ နှစ်ခန့်မျှ ဆောင်ရွက်လုပ်ကိုင်တော်မူခဲ့ရာ အောက်ပါ အရေးကြီးသည့် အဆောက်အအုံများ အောင်မြင်ပြီးစီးခဲ့ပါသည်။

( ၁ ) ၁၂၆၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့မှစ၍ စေတီတော်မြတ်ကြီးကို တတ်မီးလုံးများဖြင့် စေတီလုံးပြည့် ပူဇော်ခဲ့ပါသည်။ ပုညရှင်စေတီတော်ကြီးနှင့်အတူ ဒရင်ကျော်စေတီ၊ မြသိန်းတန်စေတီ၊ ဆုတောင်းပြည့်စေတီ၊ ဣန္ဒာသယစေတီ၊ ဝှအောင်းရုပ်ပွားတော်၊ ပုညရှင် ဆုတောင်းပြည့်၊ ကိုးထပ်ကြီး ရုပ်ပွားတော် ( ယခု ရတနာမုနိဘွဲ့တော်ရ ရုပ်ပွားတော်ကြီး )၊ ရဟန္တာသိမ်ဘုရား၊ ဘီလူးမကျောက်စေတီများပါ ညစဉ်မပြတ် အင်ဂျင်တတ်မီးများဖြင့်ပူဇော်ခဲ့ပါသည်။

( ၂ ) ၁၂၈၀ ပြည့်နှစ်တွင် ပုညရှင်စောင်းတန်းနှစ်သွယ်ကို စတင်ဆောက်လုပ်ခဲ့ပါသည်။

( ၃ ) ၁၂၈၁ ခုနှစ်တွင် ပုညရှင်ရွှေထီးတော်ကြီးကို အသစ်တစ်ဖန်ထပ်၍ ရွှေချခဲ့ပါသည်။

( ၄ ) ၁၂၈၃ ခုနှစ်တွင် စစ်ကိုင်းမြို့တွင်းမှ ပုညရှင်တောင်ခြေရင်း ထိုမှ သရက်ပင်ဆိပ်ရောက် ကျောက်လမ်းကြီးကို ပထမစထွင်၍ ဖောက်လုပ်ခဲ့ပါသည်။ ( ၎င်းကျောက်လမ်းကြီးသည် စစ်ကိုင်းတောင်ဘုရားဖူးများအတွက် ကျေးဇူးအလွန်များလှပေသည် )။

( ၅ ) ၁၂၈၆ ခုနှစ်တွင် ပုညရှင် အရှေ့မျက်နှာ အာရုံခံ အုပ်တိုက်ကြီးနှင့် အခြေခံ ကျောက်ထုပ်ကြီးများ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ အာရုံခံအုတ်တိုက်ကြီးအတွက် တစ်ဦးတည်း ဒါယကာခံ၍ ဆောက်လုပ်သူမှာ ချပ်သင်းသူဌေး ဦးဘတင်ဖြစ်လေသည်။

( ၆ ) ၁၂၈၇ ခုနှစ်တွင် မြောက်ဘက်မျက်နှာ အာရုံခံကြီးနှင့် ရုပ်ပွားတော်ကြီးကို စတင်တည် ပါသည်။

www.dhammaransi.com



( ၇ ) ၁၂၈၇ ခုနှစ်တွင် ဒုတိယအကြိမ်မြောက် စေတီတော်ကြီးကို ရွှေအပြည့် ပူဇော်နိုင်ခဲ့ပါသည်။ တစ်ဦးတည်း တာဝန်ယူ၍ ရွှေသက်န်းကပ်လှူသူမှာ ချပ်သင်းသူဌေး ဦးဘတင်ဖြစ်ကြောင်း သိရှိရပါသည်။

( ၈ ) ၁၂၈၇ ခုနှစ်တွင် လေပြင်းမုန်တိုင်း၏ဒဏ်ကြောင့် ထီးတော်ကြီး ချွတ်ယွင်းပျက်စီးသွားသည်ကို တစ်ဖန် အသစ်ပြုပြင်ပြီးလျှင် တတိယအကြိမ်မြောက် ရွှေအပြည့် ပူဇော်ခဲ့ပါသည်။

ယင်းနှစ်မှာပင် ကွန်ကရစ်တံခွန်တိုင် နှစ်လုံးစိုက်ထူပြီးစီးခဲ့ပါသည်။

( ၉ ) ၁၂၈၇ ခုနှစ်မှာပင် စေတီတော်ကြီး မြောက်ဘက်အဝင်ဝမှ သာလာယံဇရပ်ကြီး ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ချပ်သင်းသူဌေးဦးဘတင်ကပင် တစ်ဦးတည်း ဒါယကာခံယူလှူဒါန်းလေသည်။

( ၁၀ ) ၁၂၈၈ ခုနှစ်တွင် ကြေးချိန် ၃၀၀ ကျပ်ရှိသော ခေါင်းလောင်းတော်ကြီး သွန်းခဲ့ပါသည်။

( ၁၁ ) ၁၂၈၉ ခုနှစ်တွင် အနောက်မျက်နှာမှ အာရုံခံအုတ်တိုက်ကြီး ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ၄င်းအတွက် တစ်ဦးတည်း ဒါယကာခံသူမှာ မန္တလေးမြို့ ဝါးတန်းသူဌေး ဦးကျော် ဇနီး ဒေါ်သန်းရင် တို့၏ မွေးသမခင် ဘုရားဒါယကာ ဦးစာ ဖြစ်လေသည်။

( ၁၂ ) ယင်းနှစ်မှာပင် ထိုအာရုံခံအတွင်းထားရှိရန် ကြေးဆင်းတုတော်ကြီးတစ်ဆူ သွန်းလုပ်အောင်မြင်ခဲ့ပါသည်။

( ၁၃ ) ၁၂၈၉ ခုနှစ်တွင် နဂါးရုံဆုတောင်းပြည့် အာရုံခံ၊ တောင်စောင့်ဘိုးဘိုးကြီး ရုပ်ပုံတော်နှင့် ၄င်းနတ်ဝူပြုလုပ်ပြီးစီးခဲ့ပါသည်။

( ၁၄ ) ၁၂၉၀ ပြည့်နှစ်တွင် ပြည်သူ့ကောင်းမှုဖြစ်သော တောင်မျက်နှာအာရုံခံသံတန်ဆောင်းတော်ကြီး ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

( ၁၅ ) ၁၃၀၄ ခုနှစ်တွင် ထီးတော်ကြီးကို စတုတ္ထအကြိမ်မြောက် ထပ်မံရွှေချခဲ့ပါသည်။

( ၁၆ ) ၁၃၁၂ ခုနှစ်တွင် ထီးတော်ကြီးကို ပဉ္စမအကြိမ်မြောက် ရွှေချပြီးလျှင် ဘော်သားစိန်ဖူးတော်ကြီးကို အသစ်တပ်ဆင် လှူဒါန်းခဲ့ပါသည်။ ယင်းစိန်ဖူးတော်ကြီးကို စစ်ကိုင်းမြို့မှ အမြတ်တော်ဝန်ထောက် ဦးတင်မောင် ဒေါ်ကြွယ် သားသမီးတစ်စုတို့က လှူဒါန်းကြပါသည်။

( ၁၇ ) ၁၃၁၆ ခုနှစ်တွင် တောင်ခြေရှိ တောလေးထပ် ကျောင်းမှ ပုညရှင်ဘုရားအရောက် မော်တော်ကားလမ်း ဖေါက်ခဲ့သည်။

www.dhammaransi.com



( ၁၈ ) ၁၃၁၇ ခုနှစ်တွင် မြောက်ဘက်မျက်နှာ အာရုံခံကြီးနှင့် ရုပ်ပွားတော်ကြီး အသစ်မွမ်းမံပြင်ဆင် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဤကဲ့သို့ အောင်မြင်ပြီးစီးသည့်အတွက် ၁၃၁၇ ခု ဒုတိယဝါဆိုလပြည့်နေ့တွင် ဆိုင်းပွဲ၊ ကပွဲ၊ ရုပ်ရှင်ပွဲများနှင့် ဘုရားအနေကဇာတင်ပွဲ၊ တန်ဆောင်းရေစက်ချပွဲ၊ ကားလမ်းဖွင့်ပွဲများကိုပါ တစ်ပါတည်း တခမ်းတနား ကျင်းပပြုလုပ်ခဲ့ပေသည်။

( ၁၉ ) ၁၃၁၈ ခု ဝါဆိုလဆန်း ၉ ရက်နေ့ ညဥ့် ၉ နာရီခွဲသာသာ အချိန်တွင် အစပြု၍ လှုပ်ခဲ့သော စစ်ကိုင်းငလျင်ဒဏ်ကြောင့် ပုညရှင်စေတီတော်ကြီးနှင့်တကွ အာရုံခံအုတ်တိုက်ကြီးများ၊ ရုပ်ပွားတော်ကြီး နှစ်ဆူနှင့် မဟာရံတံတိုင်းကြီးများပါ ယိုယွင်းပျက်စီးခဲ့ရသည်။ ထီးတော်ဆိုလျှင် အရှေ့ဘက်သို့ယိမ်းယိုင်သွားပြီး ဘော်သားစိန်ဖူးတော်ကြီး မြေခခဲ့ရလေသည်။ ကြာမှောက် ကြာလှန်နှင့် ရွှဲမှ တစ်နေရာနှင့် ခေါင်းလောင်းနား ကြာဝန်း ( ကြေးဝိုင်း )ဆီမှ ပတ်၍ အုတ်သားများ အလွှားလိုက်ပြတ်ထွက်သွားသော်လည်း ထုနှင့်ထည်နှင့် ပြုလုပ်စီမံပုံ ကောင်းလှသောကြောင့် စေတီတော်ကြီး၏ အခြေအနေမှာ ပြောပလောက်အောင် မဆိုးဝါးလှချေ။ သို့ရာတွင် စေတီရံ ၄ ဆူ၊ နတ်မုခ် နတ်လှေကားစသည်တို့မှာကား အုတ်ရစ်ထုလိုက်၍ အစိတ်စိတ် ကွဲအက်ပျက်စီးကုန်ပါတော့သည်။ အာရုံခံကြီးများမှာ ဆိုလျှင် အုတ်၊ ကျောက်၊ သံထည် ကွန်ကရစ်တို့ဖြင့် စနစ်တကျ ပြုလုပ်ထားသည်မှန်သော်လည်း ရက်ရှည်ဆွဲပြီး အချိန်များစွာနှင့် အပြင်းအထန်လှုပ်ခဲ့သော ငလျင်ဒဏ်ကို မခံနိုင်တော့ဘဲယိုယွင်းပျက်စီးကုန်ပါတော့သည်။

အထူးဝမ်းနည်းဖွယ်ရာနှင့် စိတ်မကောင်းဖွယ်ရာသော မြင်ခင်းမှာ အရှေ့ဘက် အာရုံခံအုတ်တိုက်ကြီးအတွင်းမှ ရုပ်ပွားတော်မြတ်ကြီး ပျက်စီးနေပုံဖြစ်လေသည်။ နောက်ခံပန်းတကဲမှာ ပြောပလောက်အောင် ပျက်စီးချွတ်ယွင်းမှုမရှိလှသော်လည်း ရုပ်ပွားတော်မြတ်ကြီး ထိခိုက်ပျက်စီးနေပုံမှာကား မရှုရက်အောင်ပင်ဖြစ်တော့သည်။ဤအရှေ့ဘက်အာရုံခံအတွင်းမှ ရုပ်ပွားတော်ကြီးနှင့်စာလျှင်မြောက်ဘက် အာရုံခံအတွင်းမှ ပြုပြင်ဆဲ ၉ ထပ်ကြီးခေါ် ရတနာမုနိဆုတောင်ပြည့် ရုပ်တုတော်ကြီးမှာ ငလျင်ဒဏ်ကို မခံရသလိုပင်ဖြစ်လေသည်။ ယင်းရုပ်တုတော်ကြီးမှာ ငလျင်ဒဏ်ဆိုလျှင် လည်ပင်းတော်မှ အင်္ကတောသား အနည်းငယ်ကွာရုံမှတစ်ပါး အပျက်အစီးမရှိသလောက်ပင် ဖြစ်လေသည်။

စေတီတော်ကြီးနှင့် ရုပ်ပွားတော်ကြီးများကဲ့သို့ လူအများတို့၏ အာရုံစူးစိုက်မှုခံရကောင်းမှ ခံရမည်ဖြစ်သော်လည်း စေတီတော်ကြီးနှင့်တကွရင်ပြင်တော်တစ်ခုလုံးကို ထမ်းဆောင်ထား၍ အလွန်အရေးကြီးလှသည့် အခြေခံဖြစ်သော ကျောက်ထုပ်ကြီးများ၏အပျက်အစီးမှာလည်း မသေးငယ်လှပေ

www.dhammaransi.com



ဆိုရမည်ဖြစ်လေသည်။ စနေထောင့်ဘက်တွင် တံတိုင်းနှင့်တကွ ပြတ်ကျသွားသကဲ့သို့ အရှေ့ဘက်တွင် နိမ့်ဝင်သွားလေသည်။ အားလုံးကိုခြုံ၍ကြည့်လျှင် ပုညရှင်စေတီတော်ကြီး၏ အပျက်အစီးမှာနစ်နာလှသည်ဟု ဆိုရမည်ဖြစ်လေသည်။

( ၂၀ ) ၁၃၁၉ ခုနှစ်တွင် ငလျင်ကြောင့် ပျက်စီးသွားသော ပုညရှင်စေတီတော်ကြီးနှင့် အရံအဆောက်အအုံများ ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းကို စတင်နိုင်ပါသည်။

စေတီတော်ကြီး ပြန်လည်ပြင်ဆင်ရေးအတွက်လည်း စစ်ကိုင်းမြို့မှ ငလျင်ဒဏ်ခံ စေတီကြီး ၂၁ ဆူတို့နှင့်အတူပုညစေတီတော်ကြီးအတွက် ရန်ကုန်မြို့တော်ဝန် ကြီးမှူးသော စစ်ကိုင်းမြေငလျင်ကယ်ဆယ်ရေးရုံပုံငွေမှ အလှူတော်ငွေ ၂၀၀၀ကျပ် ထည့်ဝင်လှူဒါန်းပါသည်။

( ၂၁ ) ၁၃၁၉ ခုနှစ်အတွင်းမှာပင် စေတီတော်ကြီး၏ အပျက်အစီးများကို အထိုက်အလျောက် ပြန်လည်ပြင်ဆင်ပြီး၍ ထီးတော်ကြီးနှင့် ဘော်သားစိန်ဖူးတော်ကြီးကို စစ်ကိုင်းမြို့ အမြတ်တော်ဝန်ထောက် ဦးတင်မောင် ဒေါ်ကြွယ် သားသမီးတစ်စုတို့ကဒါယကာခံယူ၍ တင်လှူပူဇော်ခဲ့ကြပါသည်။ ထီးနှင့်ခရားသီး ပြန်လည်ရွှေချသည့်အတွက် ရွှေဖိုးနှင့် စရိတ်အရပ်ရပ်အတွက် ကုန်ကျငွေမှာ ၄၅၈၈ ကျပ် ၅၀ ပြား ဖြစ်ပါသည်။ ဘော်သားစိန်ဖူးတော်မှာ အချိန် ၂ ပိဿာ ၃၀ ရှိပြီး ရတနာကျောက်များ စီခြယ်မြှပ်နှံထားပါသည်။ ယင်းအတွက် တန်ဖိုးဖြတ်ထားခြင်းမရှိပါ။

( ၂၂ ) ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စတို့ကို ၁၂၆၅ ခုနှစ်မှစ၍ ကြီးမှူးဆောင်ရွက်တော် မူလာခဲ့သော ပထမ ဓနုဖြူချောင် ဆရာတော် ဦးအရိယဝံသသည် ၁၃၁၉ ခုနှစ် တပေါင်းလဆုတ် ၉ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသည်။

ဤသည်တို့မှာနှစ်ပေါင်း ၅၄ နှစ်တိုင်တိုင် ပထမဓနုဖြူဆရာတော် သက်တမ်းတစ်လျှောက်တွင် ပုညရှင်စေတီတော်ကြီးကို ပြည်သူလူထုအကူအညီဖြင့် ပြုပြင်မွမ်းမံခဲ့ပုံ အချင်းအရာဖြစ်လေသည်။

( ၂၃ ) ပထမ ဓနုဖြူချောင် ဆရာတော်ဦးအရိယဝံသ၏ နေရာတွင်ယင်း၏အနွယ်တော် မြေးတပည့်ဖြစ်သော ဒုတိယ ဓနုဖြူချောင် ဆရာတော်ဦးစန္ဒိမာဝံသက ၁၃၂၀ ခုနှစ်မှ ၁၃၄၂ ခုနှစ်အထိ ၂၂ နှစ်တိုင်တိုင် ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော် ငါးလုံးတင်လှူခြင်း၊ ဘုရားကြီးပတ်လည် စောင်းတန်းသွယ်ခြင်း၊ ဘုရားကြီးအားမှန်သင်္ကန်းလှူခြင်း၊ သမိုင်းပြတိုက်ဆောက်လုပ်ခြင်း၊ ကျောက်ထုပ်နှင့် အုတ်ထိုင်ခုံများပြုလုပ်ခြင်း၊ ဆွမ်းဦးပုညရှင်ဘုရားကြီး၏ နယ်မြေအတွင်းရှိဆီမီးမငြိမ်း၊ ဆီမီးမသေ ဘုရားပျက်ကြီးများကို အလှူဒါယကာရှာ၍ တည်ထားတော်မူခဲ့ပြီး ၁၃၄၂ ခုနှစ်၊ တော်သလင်းလဆန်း ( ၇ ) ရက်နေ့တွင် ဘဝနတ်ထံပျံလွန်ခဲ့ပါသည်။

www.dhammaransi.com

ထိုဓနုဖြူချောင် ဒုတိယဆရာတော်ဦးစန္ဒိမာဝံသ မပျံလွန်မီ ၅ နှစ်ခန့် ၁၃၃၈ ခုနှစ်၊ တပို့တွဲ လပြည့်နေ့ ဓနုဖြူချောင်အတွင်း ရန်ကုန်မြို့ ဝင်ဆာလမ်း ဦးစံတင်၊ ဒေါ်လှမေတို့၏ တိုက်ကျောင်း အလှူရေစက်ချတွင် မိမိပိုင်သော ၅ ဧက နှင့် ၈၈ ဒသမရှိသော ဓနုဖြူချောင် အရံနှင့်တစ်ကွ ကျောင်းအဆောက်အအုံတို့ကို ညီဖြစ်သော ရန်ကုန်မြို့ ကြည့်မြင်တိုင် စမ်းချောင်း အောင်ခြင်း စာသင်တိုက် ဆရာတော်ဦးပုညသေဋ္ဌအားဒွိသန္တက ပြုလုပ်ခဲ့ပါသည်။

ဒုတိယ ဓနုဖြူချောင် ဆရာတော် ဦးစန္ဒိမာဝံသ ပျံလွန်ပြီးနောက် ၄င်း၏ ဥက္ကဋ္ဌ နေရာတွင် ရွှေဦးတိုက်သာစ် ဆရာတော် ဦးတိဿက တာဝန်ယူ၍ ဦးပုညသေဋ္ဌ၊ ဦးဝိစက္ခဏ၊ ဦးအာစရ အစရှိသော သံဃအလုပ်အမှုဆောင် ဆရာတော်တို့က ဆက်လက်ပြုပြင်ခဲ့သည်မှာ -

၁။ ဆီမီးမသေ ဘုရားကြီးရှေ့ အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ အာရုံခံ ကျောက် တန်ဆောင်းကြီး ဆောက်လုပ်ပြီးစီးခြင်း၊ ဆီမီးမငြိမ်းဘုရားကြီးအား အင်္ဂတေနှင့် ထုံးသက်နံး ကပ်လှူ ပြီးစီးခြင်း။

၂။ ချပ်သင်း ဦးဘတင်၏ ရှေးယောင်း အသားဇရပ်ကိုဖျက်၍ ၅ ခန်းတွဲဆောက်ခြင်း၊ ထိုဇရပ်ယောင်း နေရာ၌ ၂ ထပ်တိုက်သစ်ကြီး ဆောက်လုပ်ပြီးစီးခြင်း။

၃။ မြောက်ဘက်အာရုံခံ ကျောက်မုခ်ဦး ပြာသာဒ်ကြီး ဆောက်လုပ်ပြီးစီးခြင်း၊ ၄ ခန်းတွဲနှင့် ထုံးရုံ၊ သဲရုံ များ ဆောက်လုပ်ပြီးစီးခြင်း။

၄။ ဘုရားကြီးခြေတော်ရင်း၌ အင်္ဂတေကျောက်များခင်းခြင်း၊ ဘုရားကြီး၏ ချရားသိမ်းမှစ၍ ကြေးဆောင်၊ ကြေးဖရိမ်၊ ကြေးဝက်အူများဖြင့်တုပ်နှောင်၍ ကြေးနီပြားပေါ်တွင်ရွှေသက်နံးကပ်လှူခြင်း။

၅။ အရှင်ဥပဂုတ္တမထေရ် ရုပ်ပွားတော်ကို ကြေးပြာသာဒ်၊ အသားပြာသာဒ်၊ နဂါးရေကန်တို့ဖြင့် တည်ထားပူဇော်ခြင်း၊ ဂျပန်ပြည် ဒါယကာများမှ ၆ ပေခွဲရှိ ဂျပန်မယ်တော်ပုံ တည်ထားခြင်းတို့ ဖြစ်ပါသည်။

၆။ ဆွမ်းဦးပုညရှင်ဘုရားကြီးအား ထီးတော်မှစ၍ အောက်ကြာနအထိ ရွှေချပြီးခြင်း ဘုရားကြီးခြေတော်ရင်း အင်္ဂတေခင်းခြင်း၊ လေးဘက်ပတ်လည် သံပန်းတံတိုင်း ကာရံခြင်း၊ မြောက်ဘက်မုခ်ဦး ၄ ခန်းတွဲတစ်လုံးဆောက်ခြင်း၊ မြောက်ဘက်မုခ်ဦးမှ ကားသွားလမ်းချဲ့ခြင်း၊ တနင်္ဂနွေထောင့်မှ တနင်္လာထောင့်အထိ ကျောက်ပြားခင်းခြင်း မြောက်ဘက်အာရုံခံတန်ဆောင်း

www.dhammaransi.com



ဝါးမျက်နှာကြက်ကပ်ခြင်း၊ သောက်ရေကန်နှင့် သုံးခန်းတွဲကုဋီပြုလုပ်ခြင်း၊ အရှေ့ဘက်အာရုံခံဘုရားကြီး ရောင်တော်ဖွင့်၍ တံကဲပလ္လင်တော် မျက်နှာကြက်တို့ကို မှန်စီခြင်း၊ ဘုရားကြီးအနောက်ဘက် တောင်တော်ကို ချဲ့ထွင်၍ ပေ ( ၂၀၀ ) ရှိ သမိုင်းပြတိုက်ပြုလုပ်ခြင်း။

၇။ မြသိန်းတန်ဘုရားမှ ဆီမီးမငြိမ်း ပတ်လည်မဟာရံတံတိုင်းပြုလုပ်ခြင်း၊ ဆီမီးမငြိမ်းဘုရား အနီး ( ဓမ္မသကသာလာ ) တိုက်ဆောက်ခြင်းတို့ဖြစ်ပါသည်။

* * * * *

www.dhammaransi.com



အခန်း ( ၆ ) အဆက်

# ပုညရှင် နှင့် ဖြစ်စဉ်သမိုင်းချုပ်

## တတိယပိုင်း

## သက္ကရာဇ် ၁၃၂၀ ပြည့်နှစ်မှ ၁၃၃၀ ပြည့်နှစ်အထိ

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏ ဗုဒ္ဓဝေယျာဝစ္စတို့ကို ၁၂၆၅ ခုနှစ်မှ စ၍ ၁၃၁၉ ခုနှစ် ပျံလွန်တော်မူသည်အထိ ဆောင်ရွက်အားထုတ်သွားတော်မူသော ပထမ ဓနုဖြူကျောင်း ဆရာတော် ဦးအရိယဝံသ၏ နေရာတွင် ၄င်း၏အနွယ်တော် မြေးတပည့်ဖြစ်သော မန္တလေးမြို့ အနောက်ပြင် ပြည်ကြီးပျော်ဘွယ်ရပ် ရွှေဘုံသာကျောင်းတိုက် ဟင်္သာတဆရာတော် အသျှင်စန္ဒိမာဝံသအား ဆရာတော်ကြီး၏ ချောင်နှင့်တကွ ဗုဒ္ဓကိစ္စအဝဝတို့ကို ဆက်လက်ဆောင်ရွက်အားထုတ်ရန် ဒါယကာ မောင်လှစိန်က ၁၃၂၀ပြည့်နှစ် ကဆုန်လဆန်း ၇ ရက်ကြာသပတေးနေ့တွင် စစ်ကိုင်းတောင်ရိုး တောလေးထပ် ဆရာတော်ကြီးအား အမှူးထား၍ ဆရာတော်အပါး ၃၀ ကျော်တို့၏ ရှေ့မှောက်တွင် ချွင်းချက်မရှိ နှင်းအပ်လှူဒါန်း ခဲ့ပါသည်။

### နာယကဆရာတော်ကြီးများ

၁။ ဦးဥတ္တမ ( အဂ္ဂမဟာပဏ္ဍိတ သုဓမ္မာဂိုဏ်းချုပ် ) တောလေးထပ်ကျောင်း။

၂။ ဦးနန္ဒိယ ( မူလမြစ်ကွေ့တိုက်နာယက ဆရာတော် ) နန်းဦးတိုက်သစ်။

၃။ ဦးသုမန ( မြို့မ ဝိနည်းဓိုရ် ) ဈေးချိုကျောင်း။

၄။ ဦးသံဝရ ( မြို့မ ဝိနည်းဓိုရ် ) မဟာသစ်ဝင်ကျောင်း။

၅။ ဦးသာသန ( မြို့မ ဝိနည်းဓိုရ် ) ဇမ္ဗူထိန်လင်းဆရာတော်။

www.dhammaransi.com

## သံဃာ့အလုပ်အမှုဆောင်အဖွဲ့

၁။ အရှင်စန္ဒိမာဝံသ ၊ ဟသ်ာတ ( ပထမ ဥက္ကဋ္ဌ ) ၊ ဓနုဖြူချောင်။

၂။ ဦးရေဝတ ၊ ဟသ်ာတ ( ဒုတိယ ဥက္ကဋ္ဌ ) ၊ ဓနုဖြူချောင်။

၃။ ဦးတိဿ ၊ ။ ရေဦးတိုက်သစ်။

၄။ ဦးဝိစက္ခဏ ၊ ဟသ်ာတ ၊ အတွင်းရေးမှူးချုပ်

သာသနဝံသ သိရိပဝရ ဓမ္မာစရိယ၊ နန်းဦးတိုက်သစ်။

၅။ ဦးအာစရ ၊ လှည်းကူး ၊ တွဲဘက်အတွင်းရေးမှူး ၊ ဓနုဖြူချောင်။

၆။ ဦးဥက္ကဋ္ဌ ၊ တွဲဘက်အတွင်းရေးမှူ ( သ၊ စ၊ အ ဓမ္မာစရိယ )

နန်းဦးတိုက်သစ်။

၇။ ဦးဉာဏော ၊ ဟသ်ာတ ၊ ဘဏ္ဍာရေးမှူး ၊ နန်းဦးတိုက်သစ်။

၈။ ဦးစန္ဒောဘာသ ၊ ဟသ်သာတ ၊ စာရင်းစစ် ၊ နန်းဦးတိုက်သစ်။

၉။ ဦးသောဘိတ ( ရွှေကိုင်းသား ) ၊ ပြန်ကြားရေးမှူး ၊ အနုရုဒ္ဓါချောင်၊

၁၀။ ဦးဣန္ဒက ၊ ဆော်ဩရေးမှူး ၊ ဂုဏ်ရန့်သာချောင်။

၁၁။ ဦးသံဝရ ၊ တောင်ငူ ၊ မီးစက်တာဝန်ခံ နှင့် ပစ္စည်းထိန်းသိမ်းရေး။

၁၂။ ဦးကောဏ္ဍည ၊ မြင်းခြံ ၊ ပစ္စည်းရှာဖွေရေး ၊ ဓနုဖြူချောင်။

## ဥပါသကာ ဂေါပက အဖွဲ့လူကြီးများ

၁။ ဦးနွဲ့ – ပထမဥက္ကဋ္ဌ ၊ ရိက္ခာတော်ရ ရဲဝန်ထောက်၊ စစ်ကိုင်းမြို့။

၂။ ဦးရွှင် – ဒုတိယဥက္ကဋ္ဌ ၊ ကုန်သည်ကြီး ၊ မိုးဇာရပ် ၊ စစ်ကိုင်းမြို့။

၃။ ဦးကျော်မြင့် – ဒုတိယဥက္ကဋ္ဌ ၊ အတုလဝတီစာပုံနှိပ်တိုက်ပိုင်ရှင် ၊ ဈေးလမ်း၊

စစ်ကိုင်းမြို့။

၄။ ဦးဘချစ် – ဒုတိယဥက္ကဋ္ဌ ၊ အငြိမ်းစားဝန်ထောက် ၊ နန်းတော်ရာရပ် ၊ စစ်ကိုင်းမြို့။

၅။ ဦးလှပိုင် – အတွင်းရေးမှူး ၊ သာသနာရေးအရာရှိ ၊ စစ်ကိုင်းမြို့။

၆။ ဦးအေးကျော် – တွဲဘက်အတွင်းရေးမှူး ၊ သာသနာရေးဌာနစာရေးကြီး ၊ စစ်ကိုင်းမြို့။

၇။ ဦးဘအေး – ငွေထိန်း ၊ ကပ်ကြေးဆေးလိပ်ခုံပိုင်ရှင် ၊ အိုးတန်းကလေးရပ်

စစ်ကိုင်းမြို့။

www.dhammaransi.com



၈။ ဦးဘခိုင် ပထမ – စာရင်းစစ် ၊ အငြိမ်းစားပညာဝန်ရုံး စာရေးကြီး ၊ စစ်ကိုင်းမြို့။
၉။ ဦးကျော်ညွှန့် – ဒုစာရင်းစစ် ၊ စစ်ကိုင်းမြို့။
၁၀။ ဦးစံဘ – အမှုဆောင်လူကြီး ၊ ရွှေငွေရတနာကုန်သည် ၊ နန်းတော်ရာရပ် ၊ စစ်ကိုင်းမြို့။
၁၁။ ဦးအောင်ကြီး – အမှုဆောင်လူကြီး ၊ အငြိမ်းစားရဲအုပ် ၊ မြို့သစ်ရပ် ၊ စစ်ကိုင်းမြို့။
၁၂။ ဦးကိုကြီး – အမှုဆောင်လူကြီး ၊ သောတာပန်တိုက်သူကြီး ၊ ထုံးဖိုရပ် ၊ စစ်ကိုင်းမြို့။
၁၃။ ဦးမြင့်ကျော် – အမှုဆောင်လူကြီး ၊ ရထားပိုင်ရှင် ၊ သောတာပန်ရပ် ၊ စစ်ကိုင်းမြို့။

ယင်းသို့ ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို စနစ်တကျဖွဲ့စည်းပြီး နောက် ပုညရှင်စေတီတော်ကြီးနှင့် ပတ်သက်၍ အောက်ပါလုပ်ငန်းရပ်များ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

( ၁ ) ပုညရှင်စေတီတော်မြတ်ကြီးအား ကြာမှောက်ကြာလန်မှ ခေါင်းလောင်းပုံအောက် ကြာအုံကြာဝန်းအထိ ရွှေသက်န်းကပ်လှူနိုင်ခဲ့ပါသည်။ ။ ရာဇဝင်သမိုင်းများအရ သက္ကရာဇ် ၆၈၄ ခုနှစ်တွင် စစ်ကိုင်းမြို့တည် အသင်္ခယာစောယွမ်းမင်းနှင့် ပုညအမတ်ကြီးတို့ကတစ်ကြိမ်၊ သက္ကရာဇ် ၉၁၈ ခုနှစ်တွင် ဟံသာဝတီဆင်ဖြူများရှင်တစ်ကြိမ်၊ သက္ကရာဇ် ၉၇၉ ခုနှစ်တွင် မဟာဓမ္မရာဇာဘွဲ့ခံ ဒုနောက်ဘက်လွန်မင်းတရားကြီးတစ်ကြိမ်၊ သက္ကရာဇ် ၁၀၀၂ ခုနှစ်တွင် သတိုးသုဓမ္မရာဇာဘွဲ့ခံ သာလွန်မင်းတရားကြီးတစ်ကြိမ်နှင့် ၁၂၈၇ ခုနှစ် ချပ်သင်းသူဌေးဦးဘတင်ကတစ်ကြိမ် အားဖြင့် ၅ ကြိမ်တိုင်တိုင် စေတီတော်မြတ်ကြီးအား ရွှေသက်န်းကပ်လှူခဲ့ပြီး နောက် ၆ ကြိမ်မြောက်အဖြစ်ဖြင့် ၁၃၂၁ ခုနှစ်တွင် ရန်ကုန်မြို့ အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက် ဆရာတော်ဦးပေါက်ဆိန်ခေါ် ဝိဇ္ဇာရေမဟာထေရ် ကြီးမှူးသော ဒါယကာ ဒါယိကာမအပေါင်းတို့က ရွှေသက်န်းဒါယကာခံယူကြသည်။ ရွှေသက်န်းကပ်လှူသည့်အတွက် စုစုပေါင်း ကုန်ကျသည့်ငွေပေါင်းမှာ ၅၅၀၀၀ိ( ငါးသောင်းငါးထောင်ကျပ် ) ဖြစ်ပါသည်။

( ၂ ) မြောက်ဘက်အာရုံခံအတွင်းရှိ ဆုတောင်းပြည့် ရတနာမုနိ ( ကိုးထပ်ကြီး ) ရုပ်ပွားတော်မြတ်အား ရွှေသက်န်းကပ်လှူခြင်း၊ ပန်းကျောက်ပြားအပြည့်ခင်းခြင်း၊ အထက်လည်ပေါ် အဆင့်တင်ခြင်း၊ အတွင်းမျက်နှာကြက်တပ်ဆင်ခြင်းတို့အတွက် စုစုပေါင်းကုန်ကျငွေပေါင်းမှာ ၂၁၅၅၃ိ–၁၃ ပြား ( နှစ်သောင်းတစ်ထောင့်ငါးရာငါးဆယ့်သုံးကျပ် တစ်ဆယ့်သုံးပြား ) ဖြစ်ပါသည်။

( ၃ ) မြောက်ဘက်အဝင်ဝ မုခ်ဦးကြီးတစ်ခုပြုလုပ်ခဲ့ရာ ၁၅၁၇ိ–၉၀ပြား ( တစ်ထောင့်ငါးရာ တစ်ဆယ့်ခုနစ်ကျပ် ကိုးဆယ်ပြား ) ကုန်ကျခဲ့ပါသည်။

www.dhammaransi.com



( ၄ ) အရှေ့ဘက်ကျောက်ထုပ်ကြီးနှင့် သုံးဆင့်သုံးချိုးရှိသော စောင်တန်းလှေကားကြီးတစ်ခု ပြုလုပ်ပြီးစီးခဲ့ပါသည်။

( ၅ ) တောင်ဘက်ကျောက်ထုပ်ကြီး၊ တောင်ဘက်စောင်းတန်းသွယ်တွင် ကွန်ကရစ်ကျောက်ပြားများခင်းပြီး တောင်ဘက်အာရုံခံအတွင်း၌ ကျောက်ပြားများခင်းပြီးခဲ့ပါသည်။

( ၆ ) အနောက်ဘက်မုခ်ဦးအနီး ( စနေထောင့် )တွင် အဆင့်ပေါင်း ရှစ်ဆင့်ရှိသော ကျောက်ထုပ်၊ကျောက်တံတိုင်းကြီးပြုလုပ်ပြီးစီးခဲ့ပါသည်။အရှေ့ဘက်နှင့်၎င်းအနောက်ဘက်ကျောက်ထုပ်များ ပြုလုပ်သည့်အတွက် စုစုပေါင်းကုန်ကျငွေမှာ ၂၃၁၃၈-၄၀ပြား ( နှစ်သောင်းသုံးထောင်တစ်ရာသုံးဆယ့်ရှစ်ကျပ် လေးဆယ်ပြား )ဖြစ်ပါသည်။

( ၇ ) နဂါးရုံမြတ်စွာဘုရား အာရုံခံအတွင်း ကျောက်ပြားများ ခင်းပြီးခဲ့ပါသည်။

( ၈ ) ပုညရှင်တောင်တော်စောင့် ဘိုးဘိုးအား ကိုယ်လုံးပြည့် မှန်စီရွှေချပြီး၎င်းအဆောက်အအုံအတွင်း၌ ကျောက်ပြားများခင်းပြီးခဲ့ပါသည်။

( ၉ ) စေတီတော်မြတ်ကြီးနှင့်တကွ အာရုံခံအတွင်းရှိ ရုပ်ပွားတော်မြတ်တို့အား စနစ်တကျပြန်လည်ပြုပြင်၍ မီးသီးမီးချောင်း မာကျူရီမီးလုံးများတပ်ဆင်ပြီးစီးခဲ့ပါသည်။

( ၁၀ ) မြေလျှင်ဒဏ် ခံ၍ ပြိုကျပျက်စီးလျက်ရှိသော အရှေ့ဘက်မျက်နှာမှ အာရုံခံအုတ်တိုက်ကြီးများအား မှုလကုသိုလ်ရှင်များဖြစ်ကြသော ချုပ်သင်းသူဌေး ဦးဘတင် ဇနီးဒေါ်သိန်းနှင့် သားသမီးမြေးတစ်စုတို့က ပြင်ဆင်တည်လုပ်ကြပါသည်။

( ၁၁ ) စေတီတော်ကြီး ပတ်ဝန်းကျင် စောင်းတန်းသွယ်တို့၌ အုတ်ထိုင်ခုံ ၁၈၆ လုံးမျှ ပြုလုပ်ပြီးစီးခဲ့ရာ ကုန်ကျငွေပေါင်းမှာ ၅၃၀၀ ( ငါးထောင့်သုံးရာကျပ် ) ဖြစ်ပါသည်။

( ၁၂ ) စေတီတော်ကြီးပတ်လည် လေးမျက်နှာတို့၌ မဟာရံတံတိုင်း အခန်းပေါင်း ၁၂၁ ခန်းမျှ ပြုလုပ်ပြီးစီးခဲ့ရာ ကုန်ကျငွေပေါင်းမှာ ၆၀၅၀ ( ခြောက်ထောင့်ငါးဆယ်ကျပ် ) ဖြစ်ပါသည်။

( ၁၃ ) စေတီတော်ကြီးတွင် တောင်ဘက် မြောက်ဘက်နှင့် အရှေ့ဘက်များတွင် စောင့်တန်းသွယ်များ ၇၇ ခန်းမျှ ပြုလုပ်ပြီးစီးခဲ့ရာ ကုန်ကျငွေပေါင်းမှာ ၁၁၅၅၀ ( တစ်သောင်းတစ်ထောင်ငါးရာငါးဆယ်ကျပ် ) ဖြစ်ပါသည်။

( ၁၄ ) တောင်ဘက်အာရုံခံ သံပြာသာဒ်ကြီးကို ပြန်လည်ပြုပြင်ဆေးပန်းတင်၍ ထီးညွှန့်စိုက်ထား မီးနီများဖြင့် လျှုဒါန်းပူဇော်ထားပါသည်။

www.dhammaransi.com


( ၁၅ ) ကြေးချိန်ပိဿာ ၃၀၀ ကျော်ရှိခေါင်းလောင်းတော်ကြီး၏အုတ်တိုင်များ ဖော်ဂျီရုပ်များဖြင့် မွမ်းမံဆောက်လုပ်ပြီးစီးခဲ့ပါသည်။

( ၁၆ ) စေတီတော်ကြီးနှင့်တကွ ထောင့်ခြသေ့်လေးစီးကို အသစ်ပြင်ဆင်လုပ်ဆောင်ပြီးစီးခဲ့ပါသည်။ ။ အထူးမှာ အနောက်မြောက် ( ရာဟု ) ထောင့်မှ သမိုင်းဝင်ခြသေ့်ရုပ်ကြီးကို မူလစနစ်ပုံအတိုင်း အချိုးမပျက်ရအောင် အသစ်ပြုလုပ်ထားပါသည်။

( ၁၇ ) စေတီတော်ကြီး၏ မြောက်ဘက်ကုန်းမြေပေါ်ရှိ မြသိန်းတန်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင် ထီးတော်အသစ်တင်လှူပူဇော်ခဲ့ပါသည်။

( ၁၈ ) စေတီတော်ကြီးပရဝုဏ်အတွင်း မဟာရံတံတိုင်းနှင့် ကပ်လျက် လေးမျက်နှာလှည့်ပတ်မည့် မဟာစင်္ကြံတော်ကြီးအတွက်လည်း အုတ်မြစ်အုတ်တိုင်များချမှတ်၍ စတင်ဆောက်လုပ်လျက်ရှိရာ တစ်သောင်းကျော်တန် မဟာစင်္ကြံတော်ကြီးတစ်ခုလုံး မန္တလေးမြို့ ဈေးချိုတော်တိုက်တန်း ရွှေဖီးကွက်အထည်တိုက်ပိုင်ရှင် ( ရေနံ့တွင်းစား ) ဦးဘရွှေ ဒေါ်မြ သားသမီးတစ်စုတို့က ဆွမ်းကပ်ရေစက်ချ၍ လှူဒါန်းပြီး ဖြစ်ပါသည်။

( ၁၉ ) လျှောင်ကြောင့် ပြိုကျသွားသော အနောက်ဘက်မျက်နှာမှ ဘုရားဒါယကာဦးစာ၏ အုတ်အာရုံခံကြီးလည်း သားဖြစ်သူဝါးတန်း ဦးကျော်၊ ဇနီးဒေါ်သန်းရင်တို့က လောကုတ္တရာအမွေခံယူကာ ပြင်ဆင်လုပ်ဆောင်ခဲ့ရာ ယခုအခါအောင်မြင်ပြီးစီးသွားပါပြီ။

( ၂၀ ) စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင် စေတီတော်ကြီး၌ ဣန္ဒာသယရွှေဖားရုပ် ပြုလုပ်ရာ ကြေးချိန်လှူဒါန်းသော စစ်ကိုင်းတောင်ရိုး ၈ မိုင် ဉာဏစာရီ ကမ္မဋ္ဌာန်းတိုက် ဆရာတော်ဦးတေဇိန္ဒနှင့် တပည့်ဒါယကာဒါယိကာမတို့အား အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

( ၂၁ ) သက္ကရာဇ် ၁၃၃၀ပြည့်နှစ် ဝါဆိုလပြည့်နေ့တွင် ၅ လုံးတွဲစိန်ဖူးတော် ပဒေသာကို တင်လှူပူဇော်နိုင်ခဲ့ပါသည်။

( ၂၂ ) သက္ကရာဇ် ၆၈၄ ခုနှစ်၊ စစ်ကိုင်း အသခ်ယာစောယွမ်းမင်းလက်ထက်မှ မျက်မှောက်ခေတ် သက္ကရာဇ် ၁၃၂၁ ခုနှစ်အထိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးအား ၆ ကြိမ်တိုင်တိုင်ဆုလုံးပြည့် ရွှေသင်္ကန်းကပ်ခဲ့ပြီးနောက် ယခု ၁၃၂၉ ခုနှစ် သီတင်းကျွတ်လမှ ၁၃၃၀ ပြည့်နှစ်တပေါင်းလအထိ တနှစ်ခွဲကာလအတွင်း လုပ်သားပြည်သူတို့၏ကောင်းမှုအဖြစ်ဖြင့် စေတီတော်မြတ်ကြီးအား ရောင်စုံဖန်မှန်တို့ဖြင့်မွမ်းမံလှူဒါန်းနိုင်ခဲ့လေရာ စုစုပေါင်းကုန်ငွေမှာ ၂၅၈၅၄ ၅၀ါး ( နှစ်သောင်းငါးထောင် ရှစ်ရာငါးဆယ့်လေးကျပ်၊ ငါးဆယ်ပြား ) ကုန်ကျခဲ့ပါသည်။

www.dhammaransi.com



( ၂၃ ) သမိုင်းအချက်အလက်နှင့် ပြည့်စုံ၍ ကိုးကားမှီးငြမ်းလောက်သော ပုညရှင်စေတီတော် သမိုင်းစာအုပ် တစ်အုပ်ကိုလည်း အဖွဲ့ဝင် ဦးသောဘိတ ( ရွှေကိုင်းသား ) အား တာဝန်ပေး၍ရေးစေပြီးလျှင် ဓာတ်ပုံပေါင်းမြောက်မြားစွာနှင့် ၈ ကြိမ်တိုင်တိုင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

( ၂၄ ) ၁၃၂၅ ခုနှစ်၊ တပို့တွဲလဆုတ် ၁၂ ရက်နေ့ နှစ်ပတ်လည်အစည်းအဝေးကြီးမှ ပြဋ္ဌာန်းအတည်ပြုသော ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီး၏ ဖွဲ့စည်းအုပ်ချုပ်ပုံစည်းမျဉ်း ဥပဒေကိုလည်း စာအုပ်အဖြစ်ပုံနှိပ်ထုတ်ဝေနိုင်ခဲ့လေသည်။

ဤသည်တို့မှာ ပုညရှင်စေတီတော် ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို စနစ်တကျပြန်လည်ဖွဲ့စည်း ပြီးနောက် ၁၀ နှစ်ပြည့်မြောက်သည့် အချိန်အတွင်းတွင် အောင်မြင်ပြီးစီးခဲ့သည့် ကုသိုလ်တော်အဆောက်အအုံအချို့ ဖြစ်လေသည်။

ရှေ့သို့ဆက်လက်၍လည်း စေတီတော်ကြီးနှင့် ပရဝုဏ်အတွင်း၌ ပြုပြင်မွမ်းမံစရာ ရှိသမျှတို့ကို ပြုလုပ်သွားပြီးလျှင် အရှေ့နှင့်တောင်ဘက် စောင်းတန်းနှစ်သွယ်ကိုလည်း တောင်ခြေရောက်အထိ ဆက်လက် လုပ်ကိုင်သွားမည် ဖြစ်လေသည်။

* * *

www.dhammaransi.com



# နိဂုံးချုပ်

အခန်း ၄ ပုညရှင်စေတီ တည်သည့်အခန်း၌ ပုညအမတ်သစ္စာဓိဋ္ဌာန်ပြု၍ ကုလားခြေမြန်နှင့် ပို့လွှတ်လိုက်သော မွေ့ရှင်တော်မြတ်နှစ်ဆူကို ဥဗျိုင်းအများရံ၍၊ ဥဗျိုင်းကို စာငှက်အများရံ၍၊ စာငှက်များကို ကျီးအပေါင်းရံလျက်ရှိနေပုံနှင့် ထိုသို့သောအံ့ဖွယ်သရဲကို ပုညအမတ်ကိုယ်တိုင်နိမိတ်ဖတ်သည် မှာ . . .

ဥဗျိုင်းရံသည့်အလိုမှာ မွေ့ရှင်တော်ကိုစေတီတော်တည်၍ ဌာပနာသော အရပ်ထက်ဝန်းကျင်မှ လူနတ်တို့သဒ္ဓါစိတ်ဖြစ်၍ အလှူကောင်းမှုပြုသည် များလတ်မည့်အကြောင်းတည်း။

ဥဗျိုင်းကိုစာရံသည့်အလိုကား ငါ၏ကောင်းမှုကို လူသူတကာတို့ထက်ဝန်းကျင်ရံ၍ စေတီပုထိုးတည်လတ်မည့် အကြောင်းတည်း။

စာငှက်ကို ကျီးရံသည့်အလိုကား ငါ၏ကောင်းမှုနှင့်တကွ စေတီပုထိုးများကို အရိုင်းတို့ဖျက်လတ်မည့် အကြောင်းတည်းဟူ၍ နိမိတ်ဖတ်ပုံများကို ရှေးသမိုင်းဟောင်းတစ်စောင်မှထုတ်နုတ်ပြီးလျှင် ဘင်ပြခဲ့ပါသည်။

ပုညအမတ်နိမိတ်ဖတ်ခဲ့သည်များမှာ အတိတ်ကဖြစ်ပျက်ခဲ့သမျှသော ရာဇဝင်သမိုင်းကြောင်းများအရလည်းကောင်း ယခုမျက်မှောက်ခေတ်၌ တွေ့ကြုံနေရသော အဖြစ်အပျက်များအရလည်းကောင်း မှန်ကန်သည်ဟု ဆိုရမည်ဖြစ်လေသည်။ နိမိတ် ၃ ချက်အနက် ပထမနှင့်ဒုတိယနိမိတ်နှစ်ခုမှာ အကောင်းဘက်ကဖြစ်၍ တတိယနိမိတ်မှာ အဆိုးဘက်ကဖြစ်ချေသည်။ အဆိုးနှင့်အကောင်းဒွန်တွဲနေသည်ဟု ဆိုရမည်ဖြစ်ပေသည်။ တစ်နည်းအားဖြင့် အဆိုးထဲမှအကောင်းထွက်လာခြင်း၊ သို့မဟုတ် ဆန့်ကျင်ဘက်ဖြင့် ကိုးတက်လာရခြင်းဟု ဆိုရမည်ဖြစ်လေသည်။ ပုညအမတ်ကြီး စေတီတည်စဉ်ကပင် ဆန့်ကျင်ဘက်

www.dhammaransi.com



ဖြစ်သော အသခ်ယာစေယွမ်းမင်း၏ သေကြောင်းကြံမှုနှင့်ပင် ရင်ဆိုင်ခဲ့ရပေသည်။ သို့ရာတွင် ပုညအမတ်ကြီးမှာ အမှန်တရားကိုဆုပ်ကိုင်ပြီး ကြံ့ကြံ့ခံနိုင်သဖြင့် နောက်ဆုံး မိမိမျှော်မှန်း ကြံရွယ်ထားသည့်အတိုင်း ပုညရှင်စေတီတော်ကြီးကိုအသခ်ယာစေယွမ်း၏အကူအညီဖြင့် အောင်မြင်စွာ တည်လုပ်နိုင် ခဲ့ပေသည်။

ယခု ဖြစ်ပျက်နေသည့် အခြေအနေမှာလည်း ထိုရာဇဝင်အဖြစ်အပျက်နှင့် မခြားနားလှပေ။ အဖျက်အဆီးပေါင်းသောင်းခြောက်ထောင် ဝန်းရံလျက်ရှိနေသည့်အထဲမှစေတီတော်ကြီး၏ဆောင်ရွက်ဖွယ် ကိစ္စအရပ်ရပ်တို့သည် ရပ်တန့်နေသည်မရှိဘဲ မှန်မှန်ရှေ့သို့သာအရှိန်ရစွာနှင့် တိုးတက်လျက်ရှိရာ ယခု ဆိုလျှင် စေတီတော်ကြီးတွင် ဖန်မှန်သင်္ကန်းရောင်ဖြင့် တပြောင်ပြောင်ဝင်းထိန်လျက်ရှိနေပေပြီ။

ဤသည်မှာ ပုညရှင်စေတီတော်ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကြီးကို အင်အားကောင်းကောင်းဖြင့် စနစ်တကျဖွဲ့စည်းထားခြင်းနှင့် ဥက္ကဋ္ဌဆရာတော် ၂ ပါးနှင့် အမှုဆောင်အဖွဲ့ဝင်တို့ကလည်း ကျရောက် လာသမျှသော ဆန့်ကျင်ဘက်အမျိုးမျိုးတို့ကို စိတ်ရှည်ရှည်ထားပြီး ကြီးစွာလုံ့လဥဿာဟတို့ဖြင့် နေ့ညဉ့် မဆိုင်း အချိန်ရှိတိုင်းအားထုတ်ကြခြင်းတို့ကြောင့် အခက်အခဲအမျိုးမျိုးတို့ကို ကျော်လွှန်နိုင်ပြီး အောင်မြင် မှုများ ရရှိခဲ့ခြင်းဖြစ်ရာ ရှေ့တွင်လည်း စစ်ကိုင်းတောင်၏ ကျက်သရေဆောင်ဖြစ်သော ပုညရှင် စေတီတော်ကြီး၏ အကျိုးကိုဆထက်တပိုးတိုး၍ ဆောင်ရွက်သွားနိုင်ကြပါစေသတည်းဟု ဆုတောင်းကာ ဤပုညရှင်စေတီသမိုင်းကို နိဂုံးချုပ်လိုက်ရပေသတည်း။

www.dhammaransi.com



# နောက်ဆက်တွဲ ( က )

## စစ်ကိုင်းတောင်တော် · ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီး၏

### ဉာဏ်တော် သံတောင်အတိုင်းအတာ

၁။ ထီးတော်အမြင့် ၁၆ တောင် ၃ လက်မ။

၂။ စေတီတော်ကြီးအမြင့် ၆၀ တောင် ၁၆ လက်မ။

၃။ ပထမပစ္စယံ တစ်မျက်နှာ ၄၁ တောင် ၁၅ လက်မ။

၄။ ဒုတိယပစ္စယံ တစ်မျက်နှာ ၅၄ ပေ ၈ လက်မ။

၅။ တတိယပစ္စယံ တစ်မျက်နှာ ၂၉ တောင် ၁၆ လက်မ။

၆။ ဖိနပ်တော်တစ်မျက်နှာ ၄၇ တောင် ၇ လက်မ။

### ရိုးရိုးဉာဏ်တော်အတိုင်းအတာ

၁။ ထီးတော်အမြင့် ၂၅ ပေ ၇ လက်မ။

၂။ စေတီတော်ကြီးအမြင့် ၉၆ ပေ ၄ လက်မ။

၃။ ပထမပစ္စယံ တစ်မျက်နှာ ၆၆ ပေ ၂ လက်မ။

၄။ ဒုတိယပစ္စယံ တစ်မျက်နှာ ၅၄ ပေ ၈ လက်မ။

၅။ တတိယပစ္စယံ တစ်မျက်နှာ ၄၇ ပေ ၃ လက်မ။

၆။ ဖိနပ်တော် တစ်မျက်နှာ ၇၅ ပေ။

### ဆွမ်းဦးပုညရှင် စေတီတော်ကြီး၏

### အရှေ့ဘက် အာရုံခံဘုရားကြီး၏ အတိုင်းအတာ

၁။ သျှောင်တော်မှမေးဖျား ၄ ပေ ၁၁ လက်မ၊ ( ၃ တောင် ၂လက်မ )။

၂။ သျှောင်တော်မှ ပလ္လင် ၁၅ ပေ ၃ လက်မ၊ ( ၇ တောင် ၁၂ လက်မ )။

၃။ ဒူးစွန်းနှစ်ဖက်အကျယ် ၁၂ ပေ၊ ( ၇ တောင် ၁၁ လက်မ )။

၄။ ပလ္လင်အမြင့် ၄ ပေ ၂ လက်မ၊ ( ၂ တောင် ၁၂ လက်မ )။

၅။ ပလ္လင်အလျား ၁၄ ပေ ၇ လက်မ၊ ( ၉ တောင် ၄ လက်မ )။

www.dhammaransi.com



### မြောက်ဘက်အာရုံခံဘုရားကြီး၏ အတိုင်းအတာ

၁။ ကျောင်းတော်မှမေးဆေ့ ၉လ ၉ လက်မ၊ ( ၆တောင် ၃လက်မ )။

၂။ ကျောင်းတော်မှပလ္လင် ၂၅ ပေ ၄ လက်မ၊ ( ၁၆ တောင် )။

၃။ ဒူးစွန်းနှစ်ဖက် ၂၀ ပေ ၆ လက်မ၊ ( ၁၃ တောင် ၁၁ လက်မ )။

၄။ ပလ္လင်အမြင့် ၄ ပေ ၄ လက်မ၊ ( ၂ တောင် ၁၄ လက်မ )။

၅။ ပလ္လင်အလျား ၂၆ ပေ၊ ( ၁၆ တောင် ၈ လက်မ )။

## နောက်ဆက်တွဲ ( ခ )

### စစ်ကိုင်းတောင်ရိုးမှ ဝါတွင်းဘုရားစဉ်များ

စစ်ကိုင်းတောင်ရိုးမှ ဝါတွင်းဘုရားစဉ်များနှင့်ပတ်သက်၍ ရှေးသူဟောင်းတို့ထားခဲ့သော ဆေါရာဏလင်္ကာ မင်္ဂလာမှတ်တမ်းကား။ ။ " ပုံ–တောင်–ဇေ–ချမ်း၊ ဥ–နန်း–နံ–လေး၊ ပ–ထူ–ရှင်–အောင်၊ အမြောက် ငါးထပ်ကြီး၊ အပြီး ကောင်းမှုတော် " ဟူ၍ဖြစ်ပေသည်။

ယင်းပေါရာဏလင်္ကာဖြင့် နှစ်စဉ်ဝါဆိုလပြည့်နေ့မှစ၍ 'ပုံ' ပုညရှင်ဘုရား၊'တောင်' တောင်ဖီလာဘုရား၊ 'ဇေ' ဇေတဝန်ဘုရား၊ 'ချမ်း' ချမ်းသာကြီးဘုရား၊ 'ဥ' ဥမင် ၃၀ ဘုရား၊ 'နန်း' ရှင်ပင်နန်းဦး ( လမ်းဦး ) ဘုရား၊ 'နံ' ရှင်ပင်နံကိုင်းဘုရား၊ 'လေး' လေးကျွန်းမာရ်အောင်ဘုရား၊ 'ပ' ပတ္တမြားစေတီ ဘုရား၊ 'ထူ' ထူပါရုံဘုရား၊ 'ရှင်' ရှင်ဖြူရှင်လှဘုရား၊ 'အောင်' အောင်မြေလောက ကျောက်စေတီဘုရား၊ " အမြောက်ငါးထပ်ကြီး " အရ သီတင်းပတ်များမှအလွတ် သီတင်းကျွတ် လဆန်း ၅ ရက်နေ့တွင်မြောက်၍ ကျင်းပပြုလုပ်ရသော ငါးထပ်ကြီးဘုရားနှင့် " အပြီးကောင်းမှုတော် " အရ ဝါတွင်းဘုရားစဉ်ပွဲတော်များ အပြီးသတ် နောက်ဆုံးနေ့ဖြစ်သော သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသည့် ကောင်းမှုတော်ဘုရား ဟူ၍ ဘုရားပွဲတော်ပေါင်း ၁၄ ပွဲအမည်စာရင်းကို ဖော်ပြ ထားပေသည်။

ပွဲတော်ရက်များမှာ ဝါဆိုလပြည့်နေ့တွင် ပုညရှင်စေတီတော်ကို ဆွမ်းဦးကပ်လှူပြီးနောက် ဝါဆိုလပြည့်ကျော် ၈ ရက်နေ့တွင် တောင်ဖီလာဘုရားပွဲတော်၊ ဝါဆိုလကွယ်နေ့တွင် ဇေတဝန် ဘုရားပွဲတော်၊ ဝါခေါင်လဆန်း ၈ ရက်နေ့တွင် ချမ်းသာကြီး ချမ်းသာရာဘုရားပွဲတော်၊ ဝါခေါင်လပြည့် နေ့တွင် ဥမင်သုံးဆယ်ဘုရားပွဲတော်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့တွင် ရှင်ပင်နန်းဦးဘုရားပွဲတော်၊

www.dhammaransi.com



ဝါခေါင်လကွယ်နေ့တွင် ရှင်ပင်နန်ကိုင်းဘုရားပွဲတော်၊ တော်သလင်းလဆန်း ၈ ရက်နေ့တွင် လေးကျွန်းမာရ်အောင်ဘုရားပွဲတော်၊ တော်သလင်းလပြည့်နေ့တွင် ပတ္တမြားစေတီဘုရားပွဲတော်၊ တော်သလင်းလပြည့်ကျော် ၈ ရက်နေ့တွင် ထူပါရုံဘုရားပွဲတော်၊ တော်သလင်းလကွယ်နေ့တွင် ရှင်ဖြူရှင်လှဘုရားပွဲတော်၊ သီတင်းကျွတ်လဆန်း ၃၊၄၊၅၊ ရက်နေ့များတွင် ငါးထပ်ကြီးဘုရားပွဲတော်၊ သီတင်းကျွတ်လဆန်း ၈ ရက်နေ့တွင် အောင်မြေလောက ကျောက်စေတီဘုရားပွဲတော်၊ သီတင်းကျွတ်လပြည့်နေ့တွင် ကောင်းမှုတော်ဘုရားပွဲတော်များကို အစီအစဉ်လိုက် အသီးသီးကျင်းပလေသည်။

ဝါစဉ်ပွဲတော်ကျင်းပသည့် ဘုရား ၁၄ ဆူအနက် ထူပါရုံ၊ ငါးထပ်ကြီး၊ အောင်မြေလောကနှင့် ကောင်းမှုတော်ဘုရား ၄ ဆူမှတစ်ပါး ကျန်ဘုရား ၁၀ ဆူတို့မှာ တောင်ရိုးတွင်တည်ရှိနေကြသည့် စေတီတော်များ ဖြစ်ကြသည်။ ယင်းဝါတွင်းဘုရား ၁၄ ဆူကို ပွဲစဉ်အလိုက် " ပုံ–တောင်–ဇေ–ချမ်း၊ ဉ–နန်း–နံ–လေး–ပ–ထူ–ရှင်၊ ငါး–အောင်–ကောင်း " ဟူ၍လည်း တစ်နည်းရေတွက်ကြပေသည်။

ဤသမိုင်းဝင် ဝါတွင်းဘုရားစဉ်များမှ ဘုရားတစ်ဆူစီထုတ်နုတ်၍ သမိုင်းကြောင်းနှင့်တကွ သိလွယ်မှတ်သားလွယ်အောင် ရှေးပညာရှိတို့သည် ကဗျာ လင်္ကာ တေးပေတို့ဖြင့် မှတ်တမ်းတင်ခဲ့ရာ အစောဆုံးမှာ စစ်ကိုင်းညောင်ပင်သာဦးပုည ( ၁၁၉၀ – ၁၂၆၃ ) ၏ စစ်ကိုင်းဘုရားစဉ်သမိုင်းပွဲ့တေးထပ်များပင် ဖြစ်လေသည်။ ၄င်းနောက်၁၃၁၆ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်ကြာသပတေးနေ့တွင် စီစဉ်ရေးသား ပြီးစီးသည့် စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ဆရာတော်၏ 'ဇေယာစလပို့ ' တွင်လည်း ပုညရှင်စေတီတော်စသော ဝါတွင်းဘုရားစဉ်များကို ဘုရားတစ်ဆူလျှင် ပို့လင်္ကာတစ်ပုဒ်ကျစီဖြင့် စီကုံးဖွဲ့နွဲ့ထားသည်ကို ဖတ်ရှုရလေသည်။ ဆရာတော်၏ ဝါတွင်း ဘုရားစဉ်ပို့လင်္ကာတွင် ပုညရှင်ဘုရားသမိုင်း အစ ငါးထပ်ကြီးဘုရားသမိုင်းလင်္ကာကို အဆုံးထားပြီး စပ်ဆိုထားရာ နိဂုံးချုပ်ရာတွင် ပုံ – တောင် – ဇေ – ချမ်း၊ ရှေးစာတမ်းကို၊ မိုင်ငြမ်းပြုကာ၊ ပို့လင်္ကာဖြင့်၊ ထင်စွာထုတ်ဖော်၊ ဓာတ်မွေတော်တို့၊ ရှုပျော်ကိန်းမှီ၊ စီရရီလျှင်၊ ရှုအိဖွယ်တောင်း၊ စေတီပေါင်း၏၊ အကြောင်းစုံလင်၊ စေတီ ဝင်ကား၊ ဤတွင်ကဏ္ဍ၊ ပရိသမာပနတည်း။ ။ " ဟူ၍ စပ်ဆိုထားသည့်အတိုင်း ဘုရားတစ်ဆူ ဝ၁စ်ဆူသမိုင်းကိုအတော်ပြည့်စုံစွာ စပ်ဆိုထားခဲ့ပေသည်။ ယင်းသည့် ဇေယာစလပို့မှာ ၁၃၀၇ ခုနှစ်တွင် တစ်ကြိမ်၊ ၁၃၂၄ ခုနှစ်တွင် တစ်ကြိမ်အားဖြင့် နှစ်ကြိမ်တိုင်တိုင် ပုံနှိပ်ဖြန့်ဝေပြီးသားဖြစ်၍ စာတမ်း အနေဖြင့် လူထုလက်တွင် ပျံ့နှံ့နေပေသည်။ သို့ရာတွင် စစ်ကိုင်းညောင်ပင်သာ ဦးပုည၏ စစ်ကိုင်း ဘုရားစဉ်သမိုင်းဘွဲ့ တေးထပ်များကား

www.dhammaransi.com



များသောအားဖြင့် လက်ရေးမူဖြင့်သာရှိနေ၍ လူထုလက်တွင် ဖေယာစလယ်ပျို့လောက် မပျံ့နှံ့တတ်ချေ။ သို့ဖြစ်၍ ဤပုညရှင်သမိုင်း နောက်ဆက်တွဲတွင် စစ်ကိုင်းညောင်ပင်သာ ဦးပုည၏ ဘုရားသမိုင်းဘွဲ့ တေးထပ်များမှ ထုတ်နုတ်၍ တင်ပြလိုပေသည်။ ညောင်ပင်သာဦးပုည၏ စေတီဝင်သမိုင်းဘွဲ့တေးထပ်မှာ နိဒါန်း၊ နိဂုံး၊ ဆုတောင်းစသည်များနှင့်ဆိုလျှင် တေးထပ်ပုဒ်ရေ ၄၆ ပုဒ်ရှိသည်။ ထိုတွင် စစ်ကိုင်းဝါတွင်းဘုရားစဉ်နှင့် သက်ဆိုင်ရာ ၁၄ ပုဒ်သာ ကောက်နုတ်ဖော်ပြပါမည်။ စေတီဝင်သမိုင်းဘွဲ့ တေးထပ်များမှာ စစ်ကိုင်းအစိခံရပ် စိပ်ပုတီးကျောင်းဆရာတော် ဦးဝိမလ တောင်းပန်၍ ညောင်ပင်သာကျောင်းနေ သူတော် ( ဦးပုည )က ၁၂၅၉ ခု ပြာသိုလပြည့်ကျော် ၃ ရက်နေ့တွင် အပြီးသတ် စီကုံးရေးသားခဲ့ခြင်းဖြစ်ရာ စစ်ကိုင်းတောင် မဟာသစ်ဝင်ချောင် ပထမ မစိုးရိမ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်သောမာဘိသိရီ၏ စာမူမှ ရေးကူးဖော်ပြလိုက်ပါသည်။

## ၁။ ပုညရှင်စေတီ သမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၆၇၄ ခုနှစ်တည် ပုညအမတ်ကောင်းမှု

ခြောက်ရာ ခုနစ်ဆယ် လေးခုစွန်းမှာ၊ ပွင့်ထွန်းအာဒိ ဂုဏ်ပေါင်းဝေ၊ ငါးဘား ( ဖေား ) တွင်တဲ့ တောင်ထိပ်ဗွေဝယ်၊ မှောင်ရိပ်ပယ်ခြွေ မြူတွေလင်း။ မားမားစွင့်စွင့် ဖူးတိုင်းပေါ်တယ်၊ တုနှိုင်းမမျှော် ခြောက်ရောင်ရှိန်လို့ဝင်း။ ။ ဝိဇယပူရ ပင်းယထူတယ်၊ မင်းသီဟသူ စိုးပိုင်နှင်း၊ ပန်းထိန်သည်တော် ငစိန်သင်းနှင့်၊ ပုညမည်ရင်းမတ်ကဝိန်၊ တူကွတိုင်ပင် တည်ပြုကိုး၊ ဘယ်ခါမညှိုး တန်ခိုးထွန်းလျှံထိန်။ ။ နှစ်ဆူစာတ်မြတ် လွန်မွှေ့သိမ်တယ် ဝါဦးပုဏ္ဏိမ် ခါသမယနိုက်၊ ဖေယျာပူရ ပြည်သားပြည်သူ၊ ဆွမ်းဦးစကပ်လှူ ပုညရှင်ဟု သမိုင်းထူသည်၊ ဘွဲ့တော်မွေးကြူ သင်းပျံ့ပါလှလေး။

## ၂။ တောင်ဖီလာစေတီ သမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၁၀၀၃ ခုနှစ်တည်

## တောင်ဖီလာဆရာတော်ကောင်းမှု

တိပိဋကာလင်္ကာရ၊ ဘွဲ့တော်နာမ ကျမ်းတတ်အကျော်၊ ဇမ္ဗူပတ်ကုံး ကျွန်းလုံးပေါ်သည်၊ မြတ်ဆရာတော် မထေရ်ဖျား။ တစ်ထောင်က သုံးခုကျော်မှာ ဓာတ်မွေစံပျော် ကိန်းဖို့တည်ထား။ ။ တောင်ဖီလာဟု ရွှေဘွဲ့တွင်သည်၊ ငါးမာရ်ပယ်နှင် ခြောက်ရောင်ကြွား၊ တန်ခိုးတေဇော် လွန်ထင်ရှားသည့်

www.dhammaransi.com



နတ်သားနတ်သမီးကြည်သဒ္ဓါ၊ တစ်လလေးကြိမ် အုံမခန်းတယ်၊ နတ်သုဓာဆွမ်း လှူဒါန်းပူဇော်လာ။ ။ သာလွန်မင်းလည်း ပြုတည်ပါသည်၊ ရွှေကိုင်းဓေယျာပြည်သူပေါင်းတို့၊ ညွတ်ပျောင်းကြည်ဖွာ သဒ္ဓါပျော်ပျော်၊ ရှိနိုးတင်ပူဇော်။ ဝါဆိုပုဏ္ဏမ ရှစ်ရက်ကျော်မှာ၊ ဆွမ်းပူဇော် လှူဒါန်းခါပလေး။ ။

## ၃။ ဓေတာဝန်စေတီ သမိုင်းဖွဲ့တေးထပ်

## ဘုရားသခင်သက်တော်ထင်ရှားရှိစဉ် ဓေတာဘီလူးကောင်းမှု

စိန္တေလေးဆော် ကိုးဂုဏ်လင်းတယ်၊ သုံးဘုံမှန်ကင်းထွင့်သကျာ၊ အာနန်ထေရ်မြတ် နောက်တော်ပါတယ်၊ စက်မြတ်ရတနာကြွချီလှမ်း၊ သုနာပရန္တတိုင်းအောင်ချာကို၊ နောင်ညီမကွာတူမျှ ဒေသစာမြန်း။ ရွှေကိုင်းသာလှ သောတာပန်မှာ၊ လောကမျက်မှန်ရပ်နေစခန်း၊ ရောဝတီရေကြည်သန်းတဲ့ မြကမ်းဌာနရောက်သောအခါ၊ ကိုးကျိပ်ကိုးယောက် ယက္ခမှူးတဲ့၊ ဓေတာဘီလူးကြည်နူးဖူးဖြော်လာ။ တရားချိုမြပေါ်ပြီးခါသော်၊ ရေစင်သီတာသပ္ပါယ်ပြီးမှ၊ အုံချီးရောင်ကြွရေသနတ်တော်၊ ပေးအပ် လိုက်လေသော် ။ ဓေတာဝန်စေတီကျော်မှာ၊ ဌာပနာတော်သွင်းထားသတဲ့လေး။

## ၄။ ချမ်းသာကြီး ချမ်းသာရစေတီသမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၄၂၀ ပြည့်နှစ်တည် ကြံသိုင်းအမတ်ကောင်းမှု

ဗဟန်းသေလာလျှံ ဖြာညီသည့်၊ ဟံသာဂီရိမြစိမ်းတောင်၊ ညို့ညို့မှိုင်းလို့ စို့ဆိုင်းမှောင်သည်၊ လည်ခေါင်ထိပ်ဖွေ ပေးဝေလျှမ်း၊ ချမ်းသာကြီး ချမ်းသာရဘွဲ့တော်ကြူသည်၊ ညီနောင်နှစ်ဆူသုံးဘုံသူ ထိပ်ပန်း၊ ကြံသိုင်းအမတ် တည်ကိုးကွယ်သည်၊ လေးရာနှစ်ဆယ်ကျော်ဂဏန်း၊ ဖူးမြော်ကြသူ စိတ်ရွှင်လန်းလို့၊ ဆားဘျမ်းမငြိ ကင်းလွတ်စင်။ သက္ကရာဇ်ကောဇိန် “ သော် တာ လ ” မှာ ပန်းယအမှတ် ဦးပုညကပြင်။ ။ တန်ခိုးကြီးတဲ့စေတီရှင်ကို၊ သဒ္ဓါကြည်လင် ရွှင်စိတ်ထားနှင့်၊ နိဗ္ဗူ ပြည်သား ဖြစ်ကြစိမ့်ငှာ၊ ဆုမြတ်ပတ္ထနာ။ ဝါခေါင်းလဆန်းရှစ်ရက်ခါမှာ၊ ဆွမ်းပွဲညီညာ လှူဒါန်း တင်ကြလေး။

www.dhammaransi.com



## ၅။ ဥမင်သုံးဆယ်ဘုရားသမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၁၀၅၀ ပြည့်နှစ်တည်

## ပတူးကြီးသင်္ဃာရာမကျောင်းမှ

စာမရိတောင်ဖျားမှာ၊ ကိုယ်စားတော်ကုန်းသွား၊ လေးဆယ်နှင့်ခုနစ်ဆူမှာ၊ ဥမင်ဝှစ်ကျောင်း။ ပြတူကြီးသင်္ဃာငယ်၊ ရှေးဦးတည်ခါ ကျမ်းတွက်စာဟောင်း။ ။ တစ်ထောင်ကငါးဆယ်ကျော် စပွင့်တော်မူကြောင်း၊ သုံးဘုံသူစည္စတ်ပြောင်းတယ်၊ ကိုးဂုဏ်ပေါင်းထွန်းရှိန်။ ဥမင်သုံးဆယ်ဘွဲ့တော်ထိုး ဘယ်ခါမညှိုး တန်ခိုးကွန့်ကွန့်ထိန်။ တစ်ထောင့်နှစ်ရာတဆယ်ချိန်မှာ၊ သဒ္ဒါမမှိန်ဧယျာသားတို့၊ ပျက်ပြားသမျှ ထပ်မံသေချာ၊ ပြုလုပ်ပြင်ကြပါ။ ဝါခေါင်လပြည့် ပုဏ္ဏမာမှာ၊ ဆွမ်းတော်သြဘာ ပွဲကြီးခါပလေး။ ။

## ၆။ ရှင်ပင်နန်းဦး စေတီသမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၆၀၆ ခုနှစ်တည် သီဟိုဠ်ရောက်မထေရ်ကောင်းမှ

ဗဟန်းငွေရောင် တောင်ငူထိပ်မှာ၊ ' နန်းဦးမာရ်နိုပ် ' ဘွဲ့တော်သာ၊ သီဟိုဠ်ပြန်ရောက် ထေရ်မဟာသည်၊ ရှေးဦးစစွာတည်ခဲ့ထား။ သရီတော်မြတ် မွေတော်စံတယ်၊ သိကြားပုရဲ ပြုလုပ်ကျော်ထင်ရှား။ ။သက္ကရာဇ် ခြောက်ရာ့ခြောက်နှစ်ကျော်မှာ၊ ပွင့်စဂုဏ်တော် ခြောက်ရောင်ကြွား။ တောတောင်ဒေဝါနတ်အများတို့၊ ရှင်အားကြည်ဖွာ့ပန်းမွေ့ရာ။ တစ်လလေးကြိမ်လှူလာခင်းတယ်၊ ကြိုင်ကြိုင်ပျံ့သင်း တောင်လုံးမွေးလှိုင်ပါ။တစ်ထောင့်နှစ်ရာ့ ဆယ့်ခြောက်ခါမှာ၊ ရွှေပြည်ခေမာ ရောက်ရာမှီးလို့၊ ကင်းစာရေးကြီး ဓာတိဧယျာ၊ ထပ်မံပြုပြင်ရှာ။ ဝါခေါင်ကျော်ထ ရှစ်ရက်မှာမူ၊ ဆွမ်းပွဲလှူခါ စည်ပြောပါလှလေး။ ။

## ၇။ ရှင်ပင်နံ့ကိုင်း စေတီသမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၄၂၀ ပြည့်နှစ်တည် အမတ်ကြီးသိုင်းကောင်းမှ

ရောဝတီခွေကာသိုင်းတယ်၊ ဧယျာရွှေကိုင်းကျူက်သရေ၊ ခြောက်ရောင်ရှန်းလို့ ထွန်းလင်း စေသည်၊ ကိုးဂုဏ်ပရမေတော်မွေကိန်း။ တင့်ထူးမြင့်ဖြူးလှဲ့လှဲ့စိုသည်၊ ဣန္ဒနီလို ထက်ဝန်းညှိုမြိစိမ်း။ ။

www.dhammaransi.com



နံကိုင်းပဗ္ဗတသေလာပေါ်မှာ၊ ကေဇာလွှမ်းကျော် ငါးမာရ်ငြိမ်း၊ ဖူးမြင်ကြသူလူခပ်သိမ်းတို့၊ ညွတ်ကိန်းကြည်လှသဒ္ဓါရှင်။ သက္ကရာဇ်လေးရာ့နှစ်ဆယ်မောက်တယ်၊ ခြောက်သွယ်ရောင်တောက် ဘွဲ့တော်ရန်အောင်မြင်။ ငါးကျိပ်ငါးတို့ ဖြူ့ရိပ်ဆင်တယ်၊ ပေါက္ကံခေါ်တွင် ရိမဒ်တိုင်းက၊ ကြံသိုင်းအမတ်မဆွတည်လာ၊ တန်ခိုးထွန်းလျှံဖြာ။ ဝါခေါင်မာသလကွယ်မှာမှ ပွဲတော်အခါ စည်လွှန်းပါလှလေး။ ။

## ၈။ လေးကျွန်းမာရ်အောင် စေတီသမိုင်းဖွဲ့တေးထပ်

## 'သက္ကရာဇ် ၇၅၀ ပြည့်နှစ်တည် စစ်ကိုင်းဆင်ဖြူ့ရှင်ကောင်းမှု

ဇရာဝတီနလာဋမှာ၊ ရေယဉ်ညီမြမြစ်ကမ်းသာ၊ နက်သန်ဘူမိသိစရာ၊ ခြောက်ရောင်လျှံဖြာဘဝဂ်နင်း၊ စစ်ကိုင်းစံပ ဆင်ဖြူ့ရှင်သည်၊ သဒ္ဓါကြည်လင် မဆွတည်ခဲ့ရင်း။ ။ သက္ကရာဇ်ခွန်း ခုနစ်ရာငါးဆယ်သာမှာ၊ ပြိုးကြွယ်တေဇာဆေရှုရှင်း၊ ပုလဲစိန်ရောင် ပြောင်ပြောင်ဝင်းတဲ့၊ ကျောက်သားသလင်းကိုယ်စားတော်။ လိုဏ်နန်း ရွှေဝှပျော်ပေတယ်၊ သပ္ပါယ်စွာလှ လူနတ်ညွတ်ပူဇော်။ ။ လေးကျွန်းမာရ်အောင် ရွှေဘွဲ့ကျော်သည်၊ ဆွမ်းလှူပွဲတော် ခါသမယမှာ၊ သစ်ဆင်းမာသ ဆန်းအဋ္ဌမိ၊ သာစုကောင်းချီးချိ။ မွေပေါင်းပျော်တဲ့ တော်စေတီကို၊ သမိုင်းဖွဲ့စီ နောင်သိကြဖို့လေး။ ။

မှတ်ချက်။ ။ တကိုယ်တွင် လေးကျွန်းမာရ်အောင်စေတီကို သက္ကရာဇ် ၇၅၀ ပြည့်နှစ်တွင် စစ်ကိုင်းဆင်ဖြူ့ရှင်တည်သည်ဟု ဆိုသည် မှန်နန်းရာဇဝင်တော်ကြီး တတိယအုပ်၊ စာမျက်နှာ နံပတ် ၃၆၇ တွင်ကား " သက္ကရာဇ် ၁၀၈၆ ခုနှစ်တွင် စစ်ကိုင်းမြစ်ဆိပ်တွင် ဆင်ဖြူ့ရှင် တနင်္ဂနွေ မင်းသည် ကျောက်ဖြူ ရုပ်တုသွန်းပြီးလျှင် စေတီတည်၍ လေးကျွန်းမာရ်အောင် သမုတ်တော်မူသည်၊ ထိုစေတီ ဘုရားသခင်ရောက်သောကာလ တရားဟော၍ ဘီလူးကိုးကျိပ် ကိုးယောက်တို့ သောတာပန်တည်ရာ အရပ်ဖြစ်၍ သောတာပန်ဘုရားဟု ခေါ်ဆိုကြ၏ " ဟု လေးကျွန်းမာရ်အောင်ဘုရား သက္ကရာဇ်ကို ၁၀၈၆ ခုနှစ်၊ ဆင်ဖြူ့ရှင် တနင်္ဂနွေမင်းတည်ကြောင်း ဖော်ပြထားသည်။ ဆင်ဖြူ့ရှင် တနင်္ဂနွေမင်းမှာ အင်းဝ ညောင်ရမ်း ဆယ်ဆက်တွင် ၉ ဆက်မြောက် ၁၀၈၆ ခုနှစ်တွင် နန်းတက်သော တနင်္ဂနွေမင်းဖြစ်သည်။ ရာဇဝင်နှင့်အညီ ၎င်းကိုသာအမှန်ယူရမည် တေးထပ်တွင် " သက္ကရာဇ်ခွန်း ခုနစ်ရာငါးဆယ်သာမှာ " ဟုပြထားသော်လည်း ယင်းသက္ကရာဇ်မှာ စစ်ကိုင်းခေတ်နှင့်မဆိုင်၊ အင်းဝ မင်းကြီးစွာစော်ကဲခေတ် နှင့် သွားငြိုင်နေသည်။ တေးထပ်အချို့မှာ ယခုကဲ့သို့ ရာဇဝင်နှင့်မညီသော သက္ကရာဇ်များ ရှိနေပေသေးသည်။

ရွှေကိုင်းသား

www.dhammaransi.com



## ၉။ ပတ္တမြားစေတီ သမိုင်းဖွဲ့တေးထပ်

### သက္ကရာဇ် ၆၆၂ ခုနှစ် ပတူးသယ်ရာဇာ ကောင်းမှု

စစ်ကိုင်းဧယျာ တောင်အမျှား (အဖျား) တွင်၊ မားမားစွင့်စွင့် မောက်လို့မို၊ ပတ္တမြားခေါ်ကြ တောင်ညိုညိုမှာ၊ ဝိဇ္ဇာဝိုရ်လို ပုဂ္ဂိုလ်ထူး။ ပတူးသိရိထေရ်မဟာသည်၊ တပည့်သယ်ာကိုဏ်းရှိ စိုးပိုင်မှူး။ ခြောက်ရာ့ခြောက်ဆယ့်နှစ်ခုပေါ်မှာ၊ နိဗ္ဗာန်ရည်ရော် ဆုမြတ်ခူး၊ သာသနာရောင် ပြောင်ပြောင်မြူးအောင်၊ ထိုတောင်ဦးထက်စေတီတည်။ တောင်၏အမည် စေတီမြတ်မှာ၊ ပညတ်ရွှေဘွဲ့ ထက်ဝန်းထင်ပေါ်သည်။ ဥမင်သုံးဆယ်ခြောက်ရောင်ခြည်ကို၊ သူပင်စီစဉ် တည်ခဲ့ထားဟု၊ ရှေးစာဟောင်းများ သမိုင်းအလာ၊ ယုံလောက်တန်လှပါ။ တော်သလင်းလ ပုဏ္ဏမမှာ ဆွမ်းပွဲတော်ခါ ခြိမ့်အုန်းညံလို့လေး။ ။

## ၁၀။ ထူပါရုံစေတီသမိုင်းဖွဲ့တေးထပ်

### သက္ကရာဇ် ၈၀၆ ခုနှစ်တည် အင်းဝနရပတိကောင်းမှု

မြန်ဒီ ရစ်ခွေစသည်၊ ရွှေအင်းဝ စံရှင်၊ နရပတိ မြတ်ထွတ်တင်သည်၊ ငါးမာန်လွတ်စင် ခြောက်ရောင်ကြွား။ ရှစ်ရာ့ခြောက်ကောဇိပုံငယ်၊ ထူပါရုံကိုးဖို့တည်ထား။ ။မင်းဝံညွှန့် သေလာဇွေမှာ၊ ဧယျာမြေထင်ရှား၊ စရာရေသွင်မြအလားလိုပ၊ နဖူးဖျားကမ်းငှ။ တရာနှင့်သုံးဆယ်ငါး၊ မိုးယံဖျားမြင့် ရွှေဉာဏ်တော်လှ။ ။ နတ်လူဦးခိုက် လှိုက်လှိုက်ဆုသည်၊ လောက မှန်ကူမွေဓာတ်ပေါင်းတို့၊ ကိန်းအောင်းစံရာ ကြည်နူးသဖွယ်၊ တင့်ထူးလွန်သပ္ပါယ်။ ခြောက်ရောင်ဖြိုးလို့ ကိုးဂုဏ်ကြွယ်တယ်၊ ပြိုင်နှိုင်းမဆွယ် ထူးမြတ်ပါလှလေး။ ။

## ၁၁။ ရှင်ဖြူရှင်လှ သမိုင်းဖွဲ့တေးထပ်

### သက္ကရာဇ် ၄၀၈ ခုနှစ်တည် နရပတိစည်သူ ကောင်းမှု

နရပတိစည်သူ ဘုန်းရှိန်မြူးလို့၊ မြဇမ္ဗူဦးလှည့်ခဲ့လာ၊ သက်နှင်းနက် လှေဖောင်စကြာဝယ်၊ လိုတော်ရှိရာရောက်နိုင်စွမ်း။ ရှင်ဖြူရှင်လှ မြည်နောင်ကို၊ သိကြားပင့်ဆောင် ကိုးဖို့ပြုလုပ်ကမ်း။ ။ ရွှေမြင်မိနှင့် ရွှေမြင်တော်၊ ခြောက်သွယ်ရောင်ပေါ် ထိန်ထိန်လျှမ်း၊ ကြက်အိပ် – ကြက်ထောင့် အုံ့မခန်း၊ ဘုန်းတော် ဝေလျှမ်းထူးမြတ်စွာ။ ကြက်ကျ ကြက်ယက် ကြက်တောင်ထူး၊ ရွှေကြက်ငါးဦး ဂုဏ်ပေါင်း

www.dhammaransi.com



ကွန့်ကွန့်ဖြာ။ ။ ယင်းဆိုသမျှ ထွတ်သကျာကို၊ သက္ကရာဇ်လေးရာ ရှစ်ခုစွန်းနှိုက်၊ ပေါ်ထွန်းမူလ စ၍ ရှုန်းစည်၊ ထိုမင်းနရပတိတည်။ ဖောင်စကြာနှင့် ဇမ္ဗူလည်သည်၊ ငွန့်ရှည်သာသနာ တည်ထွန်းဖို့တဲ့လေး။

မှတ်ချက်။ ။ စစ်ကိုင်းရှင်ဖြူရှင်လှနှစ်ဆူနှင့် ရွှေမြင်မိ ရွှေမြင်တင်၊ ရွှေကြက်အိပ် ရွှေကြက်ထောင် ရွှေကြက်ယက် ရွှေကြက်ကျ ရွှေကြက်တောင် ဘုရားများကို သက်နံ့နက် ဖောင်စကြာရှင် နရပတိစည်သူ တည်ကြောင်းစပ်ဆိုထားသည်မှာ ပထမအလောင်းစည်သူနှင့် ဒုတိယစည်သူခေါ် နရပတိစည်သူကို ရောထွေးနေ၍ နောင်လာနောင်သားများ အမှတ်မှားစရာဖြစ်နေပေသည်။ စင်စစ်အားဖြင့် ရှင်ဖြူရှင်လှနှစ်ဆူကို ပထမအလောင်းစည်သူ ( ၄၇၄ - ၅၂၉ ) တည်၍ရွှေကြက်ယက်၊ရွှေကြက်ကျစသော ကြက်မင်း ၅ ဆူဘုရားများကို ဒုတိယနရပတိစည်သူ ( ၅၃၆ - ၅၇၃ ) တည်ကြောင်းခွဲခြားပြီး မှတ်သားရမည်။ တေးထပ်ပါ သက္ကရာဇ် ၄၀၈ ခုနှစ်မှာလည်း မှန်နန်းရာဇဝင်လာ အလောင်းစည်သူခေတ်နှင့်မဆိုင်ပါ။ ထို့ကြောင့် တေးထပ်ပါ " သက္ကရာဇ် လေးကရှစ်ခုစွန်း " ကို " သက္ကရာဇ် လေးရာရှစ်ဆယ်စွန်း " ဟုပြင်ပြီး အချို့ပုဂ္ဂိုလ်တို့ ယူကြသည်။ ထိုသို့ယူသည်မှာလည်း မသင့်ဟုထင်သည်။ အလောင်းစည်သူမင်းသည် မှန်နန်းအလို သက္ကရာဇ် ၄၇၄ ခုနှစ်မှ ၅၂၉ ခုနှစ် အထိ ပုဂံတွင် နန်းစံ၍ ဇာတာပုံရာဇဝင်အရ ၄၇၃ ခုနှစ်မှ ၅၂၉ ခုနှစ်အထိ နန်းစံကြောင်း ဆိုပါသည်။ ရာဇဝင်ကို ကျောက်စာနှင့်ယှဉ်တွဲလေ့လာသော ခေတ်သုတေသီများက မှန်နန်းအဆိုထက် ဇာတာပုံရာဇဝင်အဆိုကို မြစေတီကျောက်စာနှင့် ညီသည်ဆိုပြီး နှစ်သက်ကြ၏။ စေတီဝင်ချုပ် သံပေါက်၌ " စေတုသဗ္ဗာ၊ ရှစ်ခုချ၊ ရှင်ဖြူရှင်လှတည်။ နရပတိစည်သူ၊ မြတ်ဘုန်းလှ၊ ကြည်ဖြူစိတ်ကရည် " ဟူ၍ ၄၇၈ ခုနှစ်တွင် ရှင်ဖြူရှင်လှတည်ကြောင်း စပ်ဆိုထားသည်။ ယင်းစေတီဝင်ချုပ်အဆိုမှာ ဇာတာပုံရာဇဝင်က ပြထားသော အလောင်းစည်သူ၊ သို့မဟုတ် ပထမစည်သူ၏ နန်းစံ ၅ နှစ်နှင့် ပြိုင်မိ၍ ယုတ္တိရှိသည်ဟု ဆိုရမည်။ တေးထပ်၌ ၄၇၈ ခုနှစ် စပ်လိုသည်ကို ၄၀၈ ခုနှစ်ဟု အစွန်းဂဏန်းမှု ဖော်ပြမိဟန်တူသည်။

မြ ကိုင်၊ သား

## ၁၂။ ငါးထပ်ကြီးဘုရား သမိုင်းဖွဲ့တေးထပ်
## သက္ကရာဇ် ၁၀၂၀ ပြည့်နှစ်တည် မင်းရဲရန္တ မိတ်ကောင်းမှု

တစ်ထောင်နှင့် နှစ်ဆယ်ခုမှာ၊ ဝေဠုဝန ပရမေ၊ ငါးထပ်ကြီး စိန္တေသည်၊ ခြောက်ရောင်ဆေ ကျော်ကြား၊ သဗ္ဗညုကိုယ်စားတော်၊ ကြီးတေဇော် သုံးဘုံထွတ်ထား။ ။ ဗျာဒိတ်ရရှေပြည်၊ အင်းဝမည်

www.dhammaransi.com



ဆင်ရှား၊ သဒ္ဒါတော် ပတ္တမြားကဲ့သို့၊ ဘုရားသျှင့်ဒါယကာ။ မင်းရဲခေါ် ရန္တမိတ်၊ ဘွဲ့တံဆိပ် မြန်းထွတ်ရာဇာ။ ။ ငါးထပ်ကြီးသမိုင်းလာကို၊ မြညောင်သာ စံကွန်းက၊ ဉာဏ်စွမ်းနှင့် ချိုသာစွာ၊ တေးဖွဲ့လို့မှာ။ သေလာမို့ ဝေဆာပျို့ ဇေယျာမြို့ မင်္ဂလာငယ်၊ ကပ်ကမ္ဘာတိမ်ဘူးပလေး။ ။

## ၁၃။ အောင်မြေလောက ကျောက်စေတီသမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၁၁၄၄ ခုနှစ်တည် ဘိုးတော်မင်းတရားကောင်းမှု

ကွာပိန် ရာဇိန် တာရိန္ဒနှင့်၊ မာယိန်တမျှ တေဇာရောင်၊ အမရပူရ ရွှေပြည်ထောင်သည်၊ ကုန်းဘောင်နွယ်တော် ခြောက်ဆင့်ထီး။ မြမန်းဂိရိ စက်ရိပ်ခိုတယ်၊ အောင်စည်ပဟိုရ် ကျွန်းလုံးငြိမ်မျှထီး။ ပြည်ပြည်မင်းတို့ ပဏ္ဏာဖျော်တယ်၊ ဘိုးတော်မဟိန်သိုက်ရာဘုရင်ကြီး။ မဟာကပ္ပ ကမ္ဘာမီးလို၊ ငြီးငြီး တောက်ပ ထိန်ထိန်ဆူ။ စံအိမ်ရာတော် မင်းဝံညွန့်မှာ၊ ခြောက်သွယ်ရောင်ကွန့် စေတီတည်တော်မူ။ ။ အောင်မြေလောက ဘွဲ့တော်လှူတယ် "လှလှအူအူ" ကောဝိန်ရမှာ၊ သေလာဏ္ဍက ကျောက်အုတ် ရတနာ၊ ပြုပြင်တည်ခဲ့ပါ။ နတ်လူကိုးဖို့ တန်ခိုးဖြာသည်၊ မညှိုးလျှံဝါ ထွန်းလင်းပါလှလေး။ ။

## ၁၄။ ကောင်းမှုတော်ဘုရား သမိုင်းဖွဲ့တေးထပ်

## သက္ကရာဇ် ၉၉၈ ခုနှစ်တည် သာလွန်မင်းတရားကောင်းမှု

ကိုးရာ့ကိုးဆယ် ရှစ်ခုစွန်းမှာ၊ ပွင့်ထွန်းလျှံပ ခြောက်ရောင်ဖြာ၊ ရာဇမုနိ မြတ်စွယ်ဌာသည်၊ ဘွဲ့ရတော်သာယာ သုံးဘုံမိုး။ ကောင်းမှုတော်ကြီး မြင့်သရဲ့မှာ၊ တောင်ပေါင်းတရာ တဆယ်စွန်းလို့ပြီး။ လုံးဝန်းမဏ္ဍလ လေးရာကျယ်တယ်၊ ရှစ်ဆယ်နှစ်တောင် ကယ်တန်ခိုး၊ ဒါယကာတော် အင်းဝစိုးတယ်၊ မြတ်မျိုးသာကီ နေနတ်နွယ်။ သာလွန်ရန်နိုင် တည်ခဲ့ထား၊ လူနတ်အများ ဆပွားကြည်ညိုဖွယ်။ ။ စွယ်ဘော်သပိတ် မြလျှံခြယ်၊ အံ့ဩသဖွယ် မွေတော်မြတ်တို့၊ ကိန်းဝတ်ထည့်သွင်း ဌာပနာ၊ နိုင်ခံ့လွန်သေချာ။ မြေပြင်ညွတ်မျှ စံလွတ်ကာတယ်၊ ငါးထောင်သာ့သနာ တည်ထွန်းပါလိမ့်လေး။ ။

စစ်ကိုင်းဝါတွင်း ဘုရားစဉ် ဆယ့်လေးဆူတို့၏ သမိုင်းချုပ် ဤတွင်ပြီး·ပြည့်စုံသည်။

www.dhammaransi.com




## နောက်ဆက်တွဲ ( င )

## ဆွမ်းဦးပုညရှင် စေတီတော်ဘုရားရှိခိုး ဂါထာပါဠိအနက်

နာဂဒါဠှာစလေ ဥစ္စံ၊ ပုညမဇ္ဈေန မာပိတံ။
သုဝဏ္ဏရံသိဝိဇ္ဇောတံ၊ ဝန္ဒာမိ ပုညစေတိယံ။ ။

နာဂဒါဠှာစလေ၊ ရှေးပဝေက၊ ခေါ်ဝေါ်ကြသည့် နာဂဒါဠှာ၊ မည်သညာနှင့်၊ အခါနောက်နောင် ဖောင်းတောင်ဟု၊ မြားမြောင်သမိုင်း၊ ကျော်လှိုင်းဖေဇာ၊ ပမာနှိုင်းဆို၊ ယုဂန္ဓိုရ်ရ သို့၊ ရေညှိုရစ်ဝိုင်း ညို့ညို့ မှိုင်း၍၊ ရှုတိုင်းသာယာ၊ သေလာထွတ်ဖူး၊ တောင်တော်ဦး၌၊ ပုညမဇ္ဈေန ဘုန်းရောင်ကံရောင်၊ ထိန်ထိန်ပြောင်၍၊ အခေါင်မိဝိုင်း မြို့စစ်ကိုင်းဝယ်၊ တုနှိုင်းဘက်ကွာ၊ သခံယာဟု၊ နေလာသက်ဆင်း မင်းထက်မင်း၏ ကျွန်ရင်းမှန်လှ မတ်ပုညဟု၊ နာမပေါ်လွင်၊ လူတွင်ကဝိ၊ ပညာရှိ မင်းတိုင်ပင် အမတ်ကြီးသည်၊ မာပိတန်ဓေယျာတိုင်း၌၊ သမိုင်းပစ္စူ၊ ဖွင့်တော်မူ၍ ဓမ္မူသောင်းတွင်း၊ ရာမင်းမင်းတို့ ဝပ်ဆင်းကြရာ ရှေးဟိုခါဝယ်၊ လွန်စွာ ခဲကပ်၊ တည်ထားကိုးကွယ် အပ်တော်မူထသော၊ ဥစ္စံ ယုဂန်စွယ်မှာ၊ ထွက်ပြူလာသား၊ ဖန်ဝါအလျှံ၊ နေဗိမာန်သည်၊ ဝန်းရံပတ်ကုန်း၊ လေးကျွန်းလုံး၌၊ အဆုံးတိုင်ပင် တက်တက်စင်အောင်၊ ရောင်ရှင်ကြွားကြွား၊ အမြင့်အားဖြင့်၊ ထင်ရှားသောသွင်၊ နယ်တခွင်ဝယ်၊ ဝန်းကျင်ဒိသာ၊ လေးမျက်နှာမှ၊ များစွာမစနေ၊ ဖူးပါစေဟု၊ ကစေညာဏ်မှီး၊ အမတ်ကြီးက အပြီးရည်ရော် ကောင်းကျိုးမြော်လျက်၊ တောင်တော်ထိပ်ဖျား၊ တည်မြဲ့ထားသဖြင့် ဠှါးဠှါးစွမ်စွမ်၊ အလွန်မြင့်တော်မူပေထသော၊ သုဝဏ္ဏရံသိဝိဇ္ဇောတံ လူနတ်ပြဟ္မာ၊ သတ္တဝါအားလုံး၊ ပျားပိတုန်းတို့၊ အုန်းအုန်းခြိမ့်သဲ၊ တဝဲလည်လည်၊ စိတ်ကြည်ညွတ်နူး၊ ကြိမ်ကြိမ်ဖူးလည်း ရှင်မြူးဟက်ကြွ၊ အားမရအောင်၊ ပပဝင်းပြောင်၊ သိင်္ဂီရောင်ဖြင့်၊ တောင်တော်အစွန်း၊ လပြည့်ဝန်းသို့ ထိန်ထွန်းတော် မူပေထသော ပုညစေတိယံ သုံးလူပရမေ၊ မြတ်စိန္တေ၏၊ ဓမ္မတော်ဓာတ်ပေါင်း၊ သိန်းအသောင်းတို့၊ ကိန်းအောင်းမွေ့လျော်၊ စံတော်မူရာ တေဇာထွတ်တင်၊ ပုညရှင်ဟု၊ သောင်းနွှင်ကျော်ဟည်း၊ စေတီတော်မြတ်ကြီးကို၊ အဟံ ရုပ်ဓာတ် နာမ်ဓာတ်၊ ပရမတ်၌၊ ပညတ်တင်ခေါ်၊ တပည့်တော်သည်၊ ဝန္ဒာမိ အနန္တဂုဏ်၊ ကျေးဇူးတော်ဟုန်ကို ယုံကြည်မြတ်နိုး၊ မာန်ညွတ်ကျိုးလျှက်၊ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား။

www.dhammaransi.com



စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်တည်နေရာပြပုံ စကေး ၁" - ၁၃၀'

www.dhammaransi.com

# စစ်ကိုင်းတောင် – စစ်ကိုင်းမြို့၏
## ( ကိုးနဝင်းကြေ – သိမှတ်ဖွယ်ရာအဖြာဖြာ )

**ကြီး (၉) ကြီး**

၁။ တစ်ဝါကြီး
၂။ ချမ်းသာကြီး
၃။ မိပေါက်ကြီး
၄။ ခွေးရုပ်ကြီး (လေးမျက်နှာ)
၅။ ပြာသဒ်ကြီး
၆။ လုံးတော်ကြီး
၇။ စည်းခုံကြီး
၈။ ကြေးဘုရားကြီး
၉။ ငါးထပ်ကြီး

**အင်း (၉) အင်း**

၁။ ရွှေကြာအင်း
၂။ တန် းတည်အင်း
၃။ ရေမျက်အင်း
၄။ ရေခါးအင်း
၅။ တုံအင်း
၆။ ပြူကန်အင်း
၇။ ဒေါင်းမအင်း
၈။ သနွင်းအင်း
၉။ ပုဏ္ဏားအင်း

**စေတီ (၉) ဆူ**

၁။ ပတ္တမြားစေတီ
၂။ ဥမင်ကိုးဆယ်စေတီ
၃။ ပုညရှင်စေတီ
၄။ သရက္ခံဟံသာဝတီစေတီ
၅။ ဇေတဝန်စေတီ
၆။ တောင်ဘီလူးစေတီ
၇။ ရွှေမြင်မိစေတီ
၈။ ထူပါရုံစေတီ
၉။ ကောင်းမှုတော်စေတီ

**ချောင် (၉) ချောင်**

ပိတောက်ချောင်
ပရက္ကမချောင်
အနုရုဒ္ဓါချောင်
ကောဏ္ဍညချောင်
ပဘာချောင် (ရေနံ့)
မဟာဗောဓိချောင်
ဥပါဠိချောင်
ယုန်ဖြူချောင်
ရွှေဝါချောင်

**မှော် (၉) မှော်**

နတ်ရဲမှော်
ရင်းရဲမှော်
ရှင်လှမော်
လေးကျွန်းမှော်
မိချောင်းမှော်
ပွဲတက်မှော်
ရွှေတောင်ဦးမှော်
စကုမှော်
ကြယ်ယက်မှော်

www.dhammaransi.com

# အံ့ဘွယ်တော် ( ၁၄ ) ပါး လွန်ထင်ရှား အများသိစေရာ

၁။ ဘုရားပွဲတော်ကျင်းပတိုင်း ပရိသတ်မည်မျှပင် လာရောက်ကြသူများပြားသော်လည်း စေတီတော်ရင်ပြင်သည် အမြဲဝင်ဆန့် ကျယ်ဝန်းနေခြင်း။

၂။ စစ်ကိုင်းတောင်ရိုး ဝါတွင်းဘုရားစဉ် ( ၁၄ ) ပွဲတွင်ဝါဆိုလပြည့်နေ့၌ ဆွမ်းဦးပုညရှင်စေတီပွဲကို ထိပ်ဆုံးမှ ဆွမ်းဦးကပ် စတင်ဆင်ယင် ပြုလုပ်ကြ၏။ ထိုသို့ရှေ့ဆုံးမှမစဘဲ နောက်ဆုံးထား၍ ကျင်းပမိလျှင် ဥပသကာ ဥပသကာမများ သွေးထွက်သံယိုဖြစ်ခြင်း၊ ဝမ်းသွား ဝမ်းပျက်၊ ဖျားနာပျက်စီး ဒုက္ခရောက်တတ်ခြင်း။

၃။ စစ်ကိုင်းတောင်ရိုးတစ်ဝိုက် မိုးရာသီအစတွင်ဖြစ်စေ၊ အခါမဲ့မိုးရွာသွန်းဖြိုးခါနီးတွင်ဖြစ်စေ၊ ပုညရှင်စေတီအောက်အတွင်းမှ ကျောက်ဖား အော်သံကို လိုဏ်ထ၍ အမြဲကြားရခြင်း။

၄။ ဆွမ်းဦးပုညရှင်စေတီဘုရား၊ ကျောင်းကန်၊ တန်ဆောင်းဇရပ်များအတွက် ရည်စူး၍ လှူဒါန်းရန် အဓိဋ္ဌာန်ပြု ငွေစုသောအခါ မမျှော်လင့်သောနေရာမှ ငွေကြေးဝင်လာခြင်း၊ လှူဒါန်းပြီးစီးသွားသော် ထိုကုန်ငွေ များကို တဖန်ပြန်၍ ဝင်လာတတ်ခြင်း။

၅။ မြေငလျင်လှုပ်ခါနီးတွင်ဖြစ်စေ၊ ဘုရားပြိုပျက် ဖျက်စီးလာခါနီးတွင်ဖြစ်စေ၊ ကျောင်းကန်၊ တန်ဆောင်း ဇရပ်များ မီးသင့်ခါနီးတွင်ဖြစ်စေ၊ ( ၃ ) ညတိုင်တိုင် ကျီးပြိုခြင်း၊ ကျီးပြိုပြီးနောက်နေ့နံနက်၌ ကျီးများထူးကဲစွာ စေတီတော်ဆူလုံးပြည့် လာရောက်နားခို မည်းနက်သွားအောင် ရှိနေခြင်း။

၆။ လပြည့်ပြီး အရုဏ်တက်သည်နှင့် လူထက်နတ်များ ဆွမ်းဦးကပ်လှူပြီးဖြစ်နေလေ့ရှိခြင်း၊ ဆွမ်းဦးကပ်ပြီးသည်နှင့် တိုက်မောင်းထုသံ ( ၉ ) ချက်တိတိကြားရခြင်း။

၇။ မင်းပြစ် မင်းဒဏ်သင့်သူများ နဝင်္ဂသီလတည်ဆောက်၍ ပုညရှင်စေတီတွင် အဓိဋ္ဌာန် ( ၉ )ရက် ဝင်လျှင် မင်းပြစ် မင်းဒဏ်မသင့်ခြင်း။

၈။ သင်္ဘောသားများ ပင်လယ်ရပ်ခြား ရေကြောင်းအမှုထမ်းမသွားမီ သွားရောက်ဖူးမျှော် ရှိခိုးပူဇော်သော် ဥပဒ္ဒွေဒကကင်းမဲ့ခြင်း။

၉။ မင်းမှုထမ်းများ လပြည့်ကျော် ( ၃ ) ရက် အရုဏ်တက် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးဖြင့် မွေးနေ့မွေးနံမှ ဆပ်ကပ်လှူဒါန်းလာလျှင် မင်းချီးမြှင့်မြှောက်စားခံရခြင်း၊ ရာထူးဌာနန္တရ တိုးတက်မြင့်မား လာခြင်း၊ မျက်ဖူးသောမင်းပင် ဖြစ်လင့်ကစား မင်းမျက်မာန်ပြေ ပြန်လည်မြှောက်စား ကောက်ယူလေခြင်း။

၁၀။ ဘုရားရှင်ကိုယ်တော်မြတ်၏ ' မျက်ကွင်းတော်ဓာတ် ' တန်ခိုးတေဇော် အာနုဘော်တော်အားကြောင့် ရက်ရှည်ဥပုသ်ဝင်လာလျှင် ( က ) မနောအမြင် မနောအသိရခြင်း၊ ( ခ ) စက္ခုအမြင် စက္ခုအသိ ထူးကဲလာခြင်း။

၁၁။ တိုင်းပြည်၊ မြို့၊ ရွာပျက်ခြင်း၊ လူမျိုး၊ ဘာသာ၊ သာသနာ ဘေးဒုက္ခအန္တရာယ်ကြုံခြင်း၊ မင်းပြောင်းမင်းလွဲ၊ ခေတ်ပြောင်း၊ ခေတ်လွဲဖြစ်ခြင်းရှိအံ့သော် ဆွမ်းဦးပုညရှင်စေတီမှ နီရဲညိုမောင်းသော ရောင်ခြည်တော် ကွန့်မြူးပြာဋိဟာထူး၍ ပြသခြင်း။ ( ပင်းယနှင့်စစ်ကိုင်း ပျက်ခါနီးတွင် တစ်ကြိမ်၊ ရှမ်းသိုဟန်ဘွား၊ သာသနာဖျက်စီးချိန်တွင် တစ်ကြိမ်၊ ဂျပန်ခေတ်ပျက်ခါနီး၌ တစ်ကြိမ် ဤသို့ဖြစ်ခဲ့၏။ )

၁၂။ မင်းသက်ကုန်ခါနီးတွင်ဖြစ်စေ၊ မင်းဆက်ပြတ်ခါနီး၌ဖြစ်စေ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်လိုသော သူသည် ဆွမ်းဦးပုညရှင်[illegible] တနင်္ဂနွေဂြိုဟ်တိုင်မှစ၍ ဂြိုဟ်ကြီးရှစ်ခွင် အစဉ်အတိုင်း ဆွမ်း၊ ပန်း၊ ရေချမ်းတင်၍ အဓိဋ္ဌာန်ဝင်ကာ တနင်္ဂနွေဂြိုဟ်တိုင်တွင် မွန်းမတည့်မီပြန်[illegible] ပြန်လည်၍ အောင်လံထူ ရွှေထီးကိုင်နိုင်ခြင်း။

၁၃။ ထူးခြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်၊ သံဃာထူး သံဃာမြတ်များ စခန်းဝင် ပြီးမြောက်ခါနီး၌ ကျောက်ဖား ( ၉ ) ချက အော်သံ ကြား၍ သိုက်မောင်းထုသံ ( ၉ ) ချက်ကြားရပြီးနောက် အခါမဲ့ မိုးကြီးရွာခြင်း။

၁၄။ စစ်ကိုင်းတောင်ရိုး ဖားတောင်မှ ပညာရှင် သိဒ္ဓိရှင် သာသနာပြု ပုဂ္ဂိုလ်များ သမထစခန်း အောင်မြင် ထွက်ရပ်လမ်းစဉ်ပြီးမြောက်၍ ခရီးပေါက်သော အခါတွင်လည်းကောင်း၊ ဝိပဿနာပြီး[illegible]က် မဂ် ဓမ္မာလမ်း ကြွလှမ်းသွားရောက်သောအခါတွင်လည်းကောင်း၊ ဖြူဖွေးတောက်ပသည့် ရောင်ခြည်တော်ကွန့်မြူး တန်ခိုးတော်ထူးခြားစွာ ထီးတော်[illegible]ခြင်း စသည်တို့ပင်တည်း။

ဓမ္မဒါန